600/-

စိတ်ကူးချိုချိုအနုပညာ



ကလေးများအဖို့

# သုံးဆယ့်တစ်ဘုံအကြောင်း သိကောင်းစရာ

အောင်အေး(ရန်ကုန်တက္ကသိုလ်)

ဒုတိယအကြိမ်

Generated by CamScanner from intsig.com

ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

Generated by CamScanner from intsig.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးများအဖို့ ၃၁ ဘုံအကြောင်း သိကောင်းစရာ

အောင်အေး (ရန်ကုန်တက္ကသိုလ်)

၂၀၀၆ ခုနှစ်၊ မေလ
ဒုတိယအကြိမ်

ဗုဒ္ဓဘာသာဝင်မိဘများက မိမိတို့၏ သားသမီးများကို
ဘာသာတရားနှင့်ယှဉ်သော လူ့ဘဝအယူအဆနှင့်
အခြားသော ဘုံအဆင့်ဆင့်မှ အခြားသောသတ္တဝါတို့အကြောင်း
အခြေခံအားဖြင့် ရှင်းလင်းလွယ်ကူစွာ
သဘောပေါက်စေမည့်
ကနဦး အကိုးအကားစာအုပ်။


ကလေးများအဖို့ ၃၁ ဘုံအကြောင်း သိကောင်းစရာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၇/၂၀၀၃(၂) နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၈၁၃၀၅၁၂ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ်စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ မေလတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်


# မာတိကာ


-လူကြီးများအဖို့ အမှာစာ ... ခ

အခန်း(၁)
-သတ္တဝါတွေ ဘယ်ကစ ... ၁

အခန်း(၂)
-သံသရာလည်ပုံ ... ၈

အခန်း(၃)
-၃၁ ဘုံသား သတ္တဝါများနှင့် မိတ်ဆက်ခြင်း ... ၁၆

အခန်း(၄)
-ဗြဟ္မာ၊ နတ်၊ လူ ... ၂၆

အခန်း(၅)
-နတ်အကြောင်း ... ၃၃

အခန်း(၆)
-လူနှင့်အပါယ်လေးဘုံ ... ၄၂

အခန်း(၇)
-၃၁ ဘုံသက်တမ်းများ ... ၅၄


ooooooooo

Generated by CamScanner from intsig.com

# လူကြီးများအဖို့ အမှာစာ

(၁)

ကျွန်တော့်သမီး အလတ်ကောင်သည် အလွန်အမေးအမြန်းထူသည်။ ကတ်သီးကတ်သတ်လည်း စဉ်းစားတတ်သည်။ သူ့မေးခွန်းများကို ဆီလျော်သလို ဖြေရင်းဖြေရင်းနှင့် ဤစာအုပ် ရေးဖြစ်ပါတော့သည်။ ဤစာအုပ်ရေးသားနေချိန်တွင် ကျွန်တော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဘဝပြဿနာ၊ ဦးမြင့်ဆွေ-မဟာဝိဇ္ဇာ(လန်ဒန်)၏ ပရလောကနှင့် ကံ စိတ်စွမ်းအင်၊ ဦးလှသိန်းထွန်း၏ ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်မှုပြဿနာ၊ ဦးသော်ဇင်၏ နတ်အစည်းအဝေးမှ ဗုဒ္ဓဓမ္မခြောက်စောင်တွဲ၊ ဆည်ကြီးတောရ ဆရာတော်ဘုရားကြီး၏ အရိယာဝိဇ္ဇာမဂ္ဂအလင်းပြကျမ်း၊ ဦးကိုလေး(ဧယျာမောင်) မြန်မာပြန် မြတ်ဗုဒ္ဓဒေသနာတို့ကို လေ့လာဖတ်ရှုခဲ့ပါသည်။ စာအုပ်တွင်ထည့်သွင်းရေးသားမည့် အချက်အလက်များကို ကျော်သောင်း(ကျိုက်လတ်)၏ ဗုဒ္ဓသာသနာ့မူလအခြေခံကျမ်းနှင့် အရှင်ကုသလ၏ အမိုက်ဆုံးသတ္တဝါနှင့် အကြီးဆုံးငရဲရှာဆိုသော စာအုပ်နှစ်အုပ်မှ ထုတ်နုတ်ခဲ့ပါသည်။

(၂)

ကျွန်တော်သည် ငယ်စဉ်ကပင် ဤကမ္ဘာလောကကြီးပေါ်ရှိ မမြင်ရသော သတ္တဝါများအကြောင်းကို သိလိုစိတ်ရှိခဲ့ပါသည်။ လူကြီးများ၏ လက်ဖက်ရည်ကြမ်းဝိုင်းများတွင် ထိုအကြောင်းအရာများကို တို့တို့တိတိကြားခဲ့ရပါသည်။ ကြဲကြဲဖန်ဖန်မေးချင်လာသော မေးခွန်းများကို ထုတ်မေးကြည့်သောအခါ လူကြီးများက မဖြေရုံမက ကျွန်တော့်ကို အော်ကြငေါက်ကြပါသည်။

"ဟဲ့ ဒီကလေးက မဟုတ်ကဟုတ်ကတွေ ဘာလို့ လျှောက်မေးနေတာလဲ။ မကြောက်ဘူးလား"ဟု အဟောက်ခံရလျှင် ကျွန်တော်ခေါင်းပုသွားရသည်။

ယခု ကျွန်တော်အလှည့်ရောက်ပြီ။ ကလေးများသည် လုံးဝဖြူစင်ရိုးသားကြသည်။ သူတို့တကယ်သိလို၍ မေးမြန်းခြင်းဖြစ်သည်။ ပညာစမ်းလိုခြင်းသဘောမျိုး လုံးဝမပါချေ။ ထို့ကြောင့် ကျွန်တော်သည် ဤကမ္ဘာကြီးပေါ်ရှိ မြင်ကွင်းမတူသော သီးခြားလောက (another dimension) တစ်ခုမှ သတ္တဝါများအကြောင်း တတ်နိုင်သမျှ ရှင်းပြခဲ့ပါသည်။

(၃)

ဤကမ္ဘာလောကကြီးတွင် တည်ရှိနေသော သုံးဆယ့်တစ်ဘုံအကြောင်း ဗုဒ္ဓဘာသာ၏ ဉာဏ်မျက်စိဖြင့်သာ ခွဲခြမ်းစိတ်ဖြာနိုင်၏။ အခြားအခြားသော မည်သည့်ရုပ်ဝါဒနှင့် စိတ်ဝါဒများကမှ ဖော်ထုတ်တင်ပြနိုင်ခြင်းမရှိ။ ဤအကြောင်းကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွ းသောအခါ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်း၌ ကျေနပ်အားရသော ပီတိဖြစ်ပေါ်ခဲ့၏။ ထိုပီတိကို ကလေးများအဖို့ ဖြန့်ချိရန် ကြိုးစားအားထုတ်မိပါသည်။ ဤအားထုတ်ခြင်းသည် "သမ္မာဒိဋ္ဌိ" ဖြစ်သော ဓမ္မဒေသနာဖြစ်ပါစေသတည်း။

အောင်အေး(ရန်ကုန်တက္ကသိုလ်)

အခန်း ၁

# သတ္တဝါတွေ ဘယ်ကစ

ကျွန်တော့်သမီးအလတ်မ။ သူ့နာမည်က သူသူ။ သူက အမေးသမား၊ ကျွန်တော်က အဖြေသမား။ သူကမေးလို့ ကျွန်တော်ကဖြေနေပြီဆိုရင် သမီးအကြီးတာတာနဲ့ သမီးအငယ်ဂျူဂျူတို့က ရောက်လာပြီး နားထောင်တော့တာပါပဲ။ သမီးအကြီးက စဉ်းစားတတ်နေပြီဆိုတော့ သူဝင်မေးလိုက်ရင် ဖြေရတာပိုခက်ပါတယ်။ အငယ်ဆုံးကတော့ ဘုမသိဘမသိနဲ့ ယောင်တောင်ပေါင်တောင် ဝင်နားထောင်နေတာပါပဲလေ။

"ဖေဖေ လူတွေက ဘယ်လိုဖြစ်လာတာလဲဟင်"

အလတ်မရဲ့ မေးခွန်း။ သူ့မျက်နှာက တည်တည်ကြည်ကြည်နဲ့ တကယ်တမ်းသိလိုဟန် ပေါ်လွင်နေလေတော့ ကရော်ကမည်မဖြေသာ။ ရယ်စရာလုပ်ပြီးဖြေရင်လည်း သူကုတ်မှာ ဖဲ့မှာ ကြောက်ရသေး။

ကျွန်တော် သူ့ကို ရယ်စရာလုပ်ရင် သူက ကုတ်တတ် ဖဲ့တတ်တယ်။ အူယားတယ်နဲ့ တူပါတယ်။

တစ်ခါက သူ့ကို ကျွန်တော်ရယ်စရာပြောဖူးပါတယ်။ သူ့အမေက သူ့ကို ပညာပေးနေတဲ့အချိန်မှာပေါ့။ ကျွန်တော်က ကြားဝင်ပြီး ဟာသလုပ်တာပါ။

သူ့အမေပြောနေတာက ရည်ရွယ်ချက်တစ်မျိုး။

"အမေက သမီးတို့ကို ဗိုက်ထဲမှာ ကိုးလဆယ်လလွယ်ပြီး မွေးလာခဲ့ရတာ သိပ်ပင်ပန်းတာပဲ။ ဒါကြောင့် အမေ့ကို ကျေးဇူးတင်ရမယ်။ အမေ့စကားနားထောင်ရမယ်"

သူ့အမေက သမီးတွေ စကားနားထောင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပညာပေးနေတာ။ သူတို့ကလည်း သဘောပေါက်တယ်။ ပတ်ဝန်းကျင်မှာ ကိုယ်ဝန်ဆောင်တွေ၊ ကလေးအမေတွေ မြင်ဖူးနေပြီကိုး။

Generated by CamScanner from intsig.com

အဲဒီအချိန် ကျွန်တော်က ဝင်ပြီးနောက်ပြောင်တာ။

"တာတာနဲ့ ဂျူဂျူကိုတော့ အမေကမွေးတာ။ သူသူ့ကိုတော့ အဖေကမွေးတာကွ။ ဒါကြောင့် သူသူက အဖေ့ကို ကျေးဇူးတင်ရမှာ"

"အမယ် ဟုတ်လည်းဟုတ်ဘဲနဲ့"

သူသူက အော်ပါတော့တယ်။

"ဟုတ်ပါတယ် သမီးရဲ့။ ဖေဖေက သမီးကို ခြေသလုံးထဲမှာ ထည့်ပြီးလွယ်ထားရတာ။ ကိုးလဆယ်လကြာတယ်။ အဲဒီလိုလွယ်ထားတဲ့အချိန်ဆိုရင် လမ်းတောင်မလျှောက်နိုင်ဘူး သိလား။ မနည်းလျှောက်ယူရတယ်"

ကျွန်တော်က ခြေတစ်ဖက်တရွတ်ဆွဲပြီး ရယ်စရာကောင်းအောင် လမ်းလျှောက်ပြလိုက်တယ်။ ကျွန်တို့သမီးနှစ်ယောက်က ဝိုင်းရယ်နေတုန်း သူသူက ကျွန်တော့်ဆီပြေးလာပြီး လက်မောင်းသားတွေကို ကုတ်ဖဲ့တော့တာပဲ။

ကျွန်တော် ရယ်စရာပြောတယ်ဆိုတာ ကလေးတွေသိပါတယ်။ မဖြစ်နိုင်တာကိုပြောရင် မဖြစ်နိုင်တာကိုပြောမှန်းသိနေကြပါပြီ။ သူတို့လည်း မျက်လုံးတွေနဲ့ ကြည့်တတ်၊ ဦးနှောက်နဲ့ စဉ်းစားတတ်စပြုနေပြီကိုး။

အခုလည်း သူ့မေးခွန်းကို ကျွန်တော်ရယ်စရာလုပ်ဦးမလား စဉ်းစားမိပေမဲ့ သူ့အမူအရာက တကယ်တမ်း သိချင်နေကြောင်း ပေါ်လွင်နေလို့ မနောက်မပြောင်တော့ပါဘူး။

"ပြောပါဖေဖေရဲ့၊ လူတွေက ဘယ်လိုဖြစ်တာလဲဟင်"

"အခု လူတွေအတော်များများ လက်ခံထားတာကတော့ လူတွေဟာ မျောက်တွေကနေ ဖြစ်လာတယ်လို့ ပြောတာပဲသမီးရဲ့"

ကျွန်တော်က သိပ္ပံပညာရှင် ဒါဝင်ရဲ့ ယူဆချက်ကနေဆွဲပြီး ဖြေလိုက်ပါတယ်။

"ဟုတ်တယ်သူသူရဲ့။ နင်ကလည်း မမှတ်မိဘူးလား။ ငါတို့ တိရစ္ဆာန်ဥယျာဉ်သွားတုန်းကလေ။ သဘာဝသမိုင်းပြတိုက်ထဲမှာ လူဟာ မျောက်ကဆင်းသက်လာတယ်ဆိုပြီး အရုပ်တွေနဲ့တောင် ပြထားသေးတယ်"

သမီးအကြီး တာတာက ဝင်ရောက်ထောက်ခံတယ်။ သူသူကတော့ ခပ်ကြည်ကြည်ဆက်တွေးနေသေးတယ်။ ပြီးတော့ ဆက်မေးပြန်ရော။

"ဒါဆို မျောက်တွေကရော ဘယ်လိုဖြစ်တာလဲ"

"မျောက်တွေက ကျောရိုးရှိသတ္တဝါတွေကနေ ဖြစ်လာတာပေါ့"

"ဒါဆို ကျောရိုးသတ္တဝါတွေကရော ဘယ်ကနေဖြစ်လာတာလဲ"

ကျွန်တော် ခေါင်းကုတ်မိပါတယ်။


"သမီးက ရယ်စရာလုပ်နေတာလား"

"သမီး တကယ်သိချင်လို့ မေးတာပါဖေဖေရဲ့"

"ကျောရိုးရှိသတ္တဝါတွေက ကျောရိုးမဲ့သတ္တဝါတွေကနေ ဆင်းသက်လာတာပေါ့။ သမီးမေးသလို အဆင့်ဆင့် အစပြန်လိုက်ရင် ဒီကမ္ဘာကြီးကနေ ဖြစ်ပေါ်လာတာကို ခြုံပြောရတော့မှာပေါ့"



ဖေဖေ .... လူတွေက ဘယ်လိုဖြစ်လာတာလဲဟင် ?



"ဒါဆို ကမ္ဘာကြီးကရော ဘယ်လိုဖြစ်တာလဲ ဖေဖေ"

"ဟာ ဒါဆို သမီးသိချင်တာက အဖေဖြေလို့ဆုံးမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ်ဖေဖေ။ သမီးက လူတွေ၊ ခွေးတွေ၊ ပုရွက်ဆိတ်တွေ၊ ကမ္ဘာကြီးနဲ့ နေတွေ၊ လတွေ ဘယ်လိုဖြစ်လာသလဲဆိုတာ သိချင်တာဖေဖေရ"

"အင်း အဲဒါဆိုရင်တော့ ဖေဖေအရှည်ကြီး ရှင်းပြရတော့မှာပဲ"

"ရှင်းပြပါ ဖေဖေရဲ့"

Generated by CamScanner from intsig.com

ကျွန်တော် ခဏစဉ်းစားပြီး စိတ်ထဲမှာ ပြောရမယ့်စကားတွေကို အရင်စီကြည့်နေလိုက်ပါတယ်။ သမီးတွေက မော့ပြီးနားစွင့်နေကြတယ်။

"သမီးသိချင်သလို လူကြီးတွေလည်း သိချင်ကြတာပဲ သမီးရဲ့။ သမီးတို့ ဖေဖေတို့ လူမဖြစ်ခင် အရင်ဖြစ်လာတဲ့ လူကြီးတွေလည်း သိချင်ကြတာပဲ။ အဲဒီမှာ တွေးကြစဉ်းစားကြရင်း အဖြေတွေလည်း အမျိုးမျိုးဖြစ်လာကြတယ်သမီးရဲ့"

"ဘယ်နှမျိုးရှိသလဲ ဖေဖေ"

"အများကြီးပေါ့ကွယ်။ ဒါပေမဲ့ အဓိကကတော့ နှစ်မျိုးပဲရှိတယ်။ တစ်မျိုးကတော့ နေတွေ၊ လတွေ၊ မြေကြီးတွေ၊ ပင်လယ်သမုဒ္ဒရာတွေနဲ့ လူတွေ၊ တိရစ္ဆာန်တွေအားလုံးကို ဘုရားသခင် ဒါမှမဟုတ် ဗြဟ္မာကြီး ဒါမှမဟုတ် တန်ခိုးရှင် တစ်ယောက်ယောက်ကနေ ဖန်ဆင်းလိုက်လို့ ဖြစ်ပေါ်လာတာလို့ ပြောတယ်။ အဲဒီလို ယုံကြည်ကြတယ်"

"ဗြဟ္မာကြီးဆိုတာ ဘယ်သူလဲဖေဖေ"

သမီးကြီးတာတာက ဝင်မေးတယ်။ သူတို့ဟာ 'ဘုရားသခင်'ဆိုတဲ့ စကားလုံးကို ရင်းနှီးနေကြပြီး 'ဗြဟ္မာကြီး'ဆိုတဲ့ ဝေါဟာရကို မရင်းနှီးသေးတာ ကျွန်တော်သဘောပေါက်သွားတယ်။

"ဗြဟ္မာကြီးဆိုတာ နာမည်တစ်မျိုးပေါ့ကွာ။ အမွန်မြတ်ဆုံးလို့ အဓိပ္ပာယ်ရတယ်။ ကောင်းကင်ဘုံမှာ နေတဲ့ တန်ခိုးရှင်တစ်ဦးပေါ့။ တန်ခိုးရှင်ဆိုတာတော့ သိတယ်မဟုတ်လား"

"သိတယ်ဖေဖေ။ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာ တွေ့ဖူးသားပဲ။ တန်ခိုးရှိတဲ့လူကို ပြောတာမဟုတ်လား"

တော်ပါသေးရဲ့။ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေ ကယ်ပေလို့။ မဟုတ်ရင် တန်ခိုးရှင်ဆိုတာ ဘာလဲဆိုတာကို အတော်ကြီးရှင်းပြနေရဦးမှာ။

"အေး မင်းတို့ကြည့်ဖူးတဲ့ အော်တိုမင်းတို့ စူပါမင်းတို့လို တန်ခိုးရှင်မျိုးပေါ့။ အဲဒီလို တန်ခိုးရှင်တွေက ဖန်ဆင်းထားတာလို့ ဆိုလိုတာပေါ့။ ကမ္ဘာကြီးပေါ်လာစေဆိုရင် ကမ္ဘာကြီးပေါ်လာတာပေါ့။ လူတွေပေါ်လာစေဆိုရင် လူတွေပေါ်လာတာပေါ့။ ခွေးတွေ ပေါ်လာစေဆိုရင် ခွေးတွေပေါ်လာတာပေါ့။ အဲဒီလို တန်ခိုးရှင်ကြီး ဘယ်မှာနေသလဲဆိုရင် ကောင်းကင်ဘုံမှာ နေတယ်ဆိုပြီး မိုးပေါ် လက်ညှိုးထိုးပြကြတယ်"

"အဲဒါ တကယ်လားဖေဖေ"

"တကယ်လား၊ တကယ်မဟုတ်ဘူးလားဆိုတာတော့ ပြောရခက်တာပေါ့ သမီးတို့ရာ။ အဲဒီလို လက်ခံထားတဲ့လူတွေကလည်း ကမ္ဘာပေါ်မှာ အများကြီးရှိတာကိုး။ အဲဒီလို တန်ခိုးရှင်ကြီးကို ကိုးကွယ်နေတဲ့ ဘာသာတွေလည်း ရှိတယ်လေ။ ဘာသာဆိုတာတော့ သမီးတို့ သိတယ်မဟုတ်လား"

"သိပါတယ်ဖေဖေ။ သမီးတို့ ကျောင်းဝင်ခွင့်ပုံစံတွေထဲမှာ ကိုးကွယ်သည့်ဘာသာဆိုပြီး ရေးခိုင်းတာရှိတာပဲ"

"အေး ဟုတ်တယ်။ ကိုယ်ယုံကြည်ပြီး ကိုးကွယ်တဲ့ အယူအဆကို ဘာသာရေးလို့ခေါ်တာပေါ့။ ဖေဖေတို့ သမီးတို့ ကိုးကွယ်တဲ့ဘာသာက ဗုဒ္ဓဘာသာမဟုတ်လား။ ဗုဒ္ဓဘာသာအယူအဆအရတော့ အဲဒီလို တန်ခိုးရှင်တစ်ဦးဦးက ကမ္ဘာကြီးကို ဖန်ဆင်းတယ်ဆိုတာမျိုးကို လက်မခံဘူး"



"ဖေဖေပြောတဲ့ အဓိကအဖြေနှစ်မျိုးဆိုတာ အဲဒါလား"

သမီးလတ်ရဲ့ မေးခွန်းကိုဖြေရာက ကျွန်တော်နဲ့ သမီးကြီးတာတာတို့ရဲ့ အပြန်အလှန်စကားပြောခန်း ဖြစ်သွားပါတယ်။

"မဟုတ်ဘူးသမီးရဲ့။ ဗုဒ္ဓဘာသာက နက်နဲတယ်။ ရည်ရွယ်ချက်ကလည်း တခြားဘာသာအယူဝါဒတွေနဲ့မတူဘူး။ ဗုဒ္ဓဘာသာအယူအဆကို သတ်သတ်ပြောပြမယ်။ ဖေဖေပြောတဲ့ အဓိကနှစ်မျိုးဆိုတာက ကမ္ဘာကြီးကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းခဲ့တယ်ဆိုတဲ့အဖြေနဲ့ ကမ္ဘာကြီးဟာ သဘာဝအတိုင်း သူ့အလိုအလျောက် ဖြစ်ပေါ်လာတယ်ဆိုတဲ့ သိပ္ပံပညာရှင်တွေရဲ့ အဖြေ၊ အဲဒီလို နှစ်မျိုးကွဲတာကို ပြောတာ"

သမီးတွေ ငြိမ်ပြီး စဉ်းစားနေတယ်။

"သိပ္ပံပညာရှင်ကြီးတွေက ပြောတာက ဟိုးရှေးရှေးတုန်းက ဖေဖေတို့နေတဲ့ ကမ္ဘာကြီး၊ နေ့ခင်းမှာမြင်ရတဲ့ နေ၊ ညမှာမြင်ရတဲ့ လနဲ့ ကြယ်တွေအားလုံးဟာ ဓာတ်ငွေ့ပြင်ကြီး ဖြစ်နေတာတဲ့။ အဲဒီဓာတ်ငွေ့ပြင်ကြီးဟာ လှုပ်ရှားလည်ပတ်နေရာက တဖြည်းဖြည်းနဲ့ အေးခဲလာပြီး အလုံးအခဲတွေ ဖြစ်လာတယ်တဲ့။ အဲဒီလိုနဲ့ နေတွေ၊ ကြယ်တွေ၊ လတွေ၊ ကမ္ဘာတွေ ဖြစ်လာတယ်တဲ့။ ဖေဖေတို့ ကမ္ဘာဆိုရင်လည်း အဲဒီလို အေးခဲလာရာကနေ တချို့ဓာတ်ငွေ့တွေက ရေဖြစ်၊ တချို့ဓာတ်ငွေ့တွေက လေဖြစ်၊ တချို့ဓာတ်ငွေ့တွေ ပေါင်းစပ်ပြီး မြေကြီးဖြစ်၊ နောက်တော့ နေရောင် ခြည်ကလည်း မပူလွန်း မအေးလွန်းဖြစ်တဲ့အခါ သဘာဝအတိုင်း သစ်ပင်ကြီးတွေ ဖြစ်လာသတဲ့။ သစ်တောကြီးတွေ ပေါက်လာပြီးတော့ အဲဒီသဘာဝနဲ့ကိုက်ညီတဲ့ အကောင်ပလောင်တွေ၊ သတ္တဝါတွေလည်း အလိုအလျောက် ပေါ်လာသတဲ့။ အဲဒီသတ္တဝါတွေဟာ တဖြည်းဖြည်းအဆင့်အတန်းမြင့်လာပြီး မျောက်တွေဖြစ်၊ လူဖြစ်လာမယ့် လူဝံလိုလို မျောက်ဝံလိုလို အကောင်တွေဖြစ်၊ အဲဒီကနေ လူတွေ ဖြစ်လာတယ်လို့ ပြောကြတယ်"

သမီးတွေက ငြိမ်နေတော့ ကျွန်တော်က သူတို့ကို ပြန်မေးရတယ်။

"ကဲ- ဒီအယူအဆနှစ်ခုကို သမီးတို့ ဘယ်လိုသဘောရသလဲ။ ဖေဖေကတော့ သိပ္ပံပညာရှင်တွေ ပြောတာကို သဘောကျတယ်"

"သမီးလည်း သိပ္ပံပညာရှင်တွေပြောတာကို သဘောကျတယ်ဖေဖေ။ သဘာဝကျတယ်။ သဘာဝ သမိုင်းပြတိုက်ထဲမှာလည်း ဟိုးကမ္ဘာဦးအစက ပုံကြီးတွေ ချိတ်ပြထားတာ တွေ့ဖူးသားပဲ"

သမီးကြီးတာတာက ကောက်ကာငင်ကာ ကျွန်တော့်သဘောထားကို ထောက်ခံပါတယ်။ ကျွန်တော်ကလည်း ပြဿနာပြေလည်ပြီဆိုပြီး ကြောင်တောင်တောင်နဲ့ နားထောင်နေတဲ့ ငါးနှစ်သမီးအငယ်မကို ကောက်ချီလိုက်ပါတယ်။

"ကဲ ဂျူဂျူကရော ဘာကိုသဘောကျသလဲ"

သူကတော့ ဘာနားလည်မှာလဲ။ ကျွန်တော်ချီတာကို သဘောကျပြီး ပြုံးရယ်နေတာပေါ့။

သမီးအလတ်က တွေပြီးငြိမ်နေတာကို ကျွန်တော်ဖျတ်ခနဲ သတိထားလိုက်မိတယ်။ သူဘာတွေ ဆက်စဉ်းစားနေသလဲ။

"သူသူ ဘာတွေငေးနေသလဲ။ ဖေဖေပြောတာ မရှင်းဘူးလား"

"ဖေဖေပြောသလိုဆို သမီးတို့ လူတွေနဲ့ ခွေးတွေ၊ ပုရွက်ဆိတ်တွေ၊ မြေကြီးတွေက ဓာတ်ငွေ့တွေ

Generated by CamScanner from intsig.com


ကနေ ဖြစ်လာတာပေါ့။ ဒါဆို ဓာတ်ငွေ့တွေက ဘယ်ကဖြစ်လာတာလဲ”

ကျွန်တော်တော့ ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ရိုက်မိတာပဲ။ တစ်ချိန်တည်းမှာပဲ ဒီလိုစဉ်းစားမှုမျိုးဟာ အန္တရာယ်ရှိတာကို သတိထားလိုက်မိတယ်။ ဦးနှောက်ကလေး နနနယ်နယ်နဲ့ မတန်မရာတွေ စဉ်းစားလွန်းရင် အာရုံကြောထိခိုက်တတ်တာကိုး။

တစ်ဆက်တည်း တွေးမိတာက ကျွန်တော်ပြောပြတဲ့ အယူအဆနှစ်မျိုးထဲမှာ သမီးလတ်က သိပ္ပံအယူအဆကို လက်ခံလိုက်တယ်ဆိုတာပဲ။ မဟုတ်ရင်တော့ တန်ခိုးရှင်ကြီးဟာ ဘယ်ကနေ ဘယ်လိုဖြစ်လာတာလဲလို့ ပြန်မေးတော့မှာကိုး။

ဘာပဲဖြစ်ဖြစ် ဒီလို မီးနိုးမဆုံး မိုးမဆုံးလျှောက်စဉ်းစားနေတာမျိုးဟာ မလိုလားအပ်တာအမှန်ပဲ။ ဒီတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမတချို့ကို ထုတ်ပြောပြဖို့ လိုအပ်နေပြီပေါ့။

လူတွေဟာ မျောက်တွေကနေ ဖြစ်လာတယ်လို့ပြောတယ်





“သူသူ... ဖေဖေ သမီးကို ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့တာ တစ်ခုပြောပြမယ်။ ဘဝရဲ့အစ၊ သတ္တဝါတွေရဲ့ မူလအစကို မကြံစည်နိုင်တဲ့၊ မမြင်နိုင်၊ မမြင်အပ်ဘူးပေါ့ကွာ”

“ဘာဖြစ်လို့လဲဖေဖေ”

“ဘာဖြစ်လို့ရမလဲ။ စဉ်းစားနေရင်လည်း အဓိပ္ပာယ်မရှိလို့ပေါ့။ ကဲ... ဖေဖေမေးမယ်။ သမီးစဉ်းစားကြည့် စမ်း။ ကြက်မနဲ့ ကြက်ဥ ဘယ်ဟာက အရင်ဖြစ်တာလဲ”

“ဒါများလွယ်လွယ်လေး။ ကြက်မက အရင်စဖြစ်တာပေါ့”

“ဘာဖြစ်လို့လဲ”

“ကြက်မက ကြက်ဥကို ဥတာကိုး”

“ကဲ... သမီး စဉ်းစားကြည့်ပါဦး။ အဲဒီကြက်မကြီး ကြီးမလာခင် ကြက်ကလေးဘဝက ဘယ်ကဘယ်လိုဖြစ်လာတာလဲ။ ကြက်ဥထဲကပဲ ပေါက်လာတာမဟုတ်လား”

သူသူစဉ်းစားနေတယ်။ ကြက်ဥထဲက ကြက်ကလေးများပေါက်လာပုံကို သူမြင်ဖူးပါတယ်။ ကြက်ကလေးတွေ တစ်စတစ်စကြီးပြင်းလာပြီး ကြက်မကြီးတွေ ကြက်ဖကြီးတွေ ဖြစ်သွားတာလည်း သူမြင်ဖူးတာပါပဲ။

“အဲဒီတော့ ကြက်ဥနဲ့ ကြက်မ ဘယ်ဟာက အရင်စဖြစ်တာလဲဆိုရင် သမီးဘယ်လိုဖြေမလဲ”

သူ ခေါင်းကုတ်ပါတယ်။ တော်သေးတာပေါ့။ သူစဉ်းစားတဲ့ ပြဿနာအကြီးကြီးကို ပြဿနာသေးသေးလေးထဲကို ဆွဲခေါ်လိုက်နိုင်လို့ အဖြေမရှိတာကို သူသဘောပေါက်သွားပါပြီ။ ဒါတောင် မေးခွန်းတစ်ခု ဆက်လိုက်ပါသေးတယ်။

“ကြက်ဖကြီးကရောဖေဖေ”

“ကြက်ဖကြီးကို အသာထားလိုက်စမ်းပါသမီးရယ်။ ဖေဖေပြောချင်တာက အကျိုးမရှိတဲ့ မေးခွန်းတွေထုတ်ပြီး အဆုံးအစမရှိ လိုက်စဉ်းစားနေတာဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားဟာ သတ္တဝါတွေ ဘယ်ကစတယ်ဆိုတာလည်း မမြင်နိုင်၊ မမြင်အပ်တာမို့ လက်ဦးအစကို မဟောဘူး။ သတ္တဝါတွေ ဘယ်လိုသံသရာလည်သလဲဆိုတာကိုပဲ ဟောကြားရှင်းလင်းပြတော်မူတယ်သမီးရဲ့။ အဲဒီအကြောင်းတွေကို နောက်နေ့တွေကျမှ တစ်နေ့နည်းနည်း ဖေဖေပုံပြောသလို ပြောသွားပေးမယ်။ အခုနားလိုက်ကြဦး”

ကျွန်တော်က စကားကို အတင်းဖြတ်ပြီး အပြင်ခန်းဘက် ထွက်ခဲ့တယ်။ ရှာရှာဖွေဖွေစဉ်းစားတတ်တဲ့ သူသူက သူ့အစ်မကို ဆက်မေးနေသံကြားရတယ်။ သူ့အစ်မက ပြန်အော်သံလည်း ကြားရသေးတယ်။

“ကြက်ဖကြီးက ဘာဖြစ်လို့ ကြက်ဥမဥတာလဲ မသိဘူးနော် တာတာ”

“ကြက်ဖကြီးက ဘာဖြစ်လို့ ကြက်ဥ ဥရမှာလဲ။ နင်ပေါ်တောတောတွေ လျှောက်မပြောနဲ့။ နင်တောင် အဖေက နင့်ကို ခြေသလုံးမှာလွယ်ပြီး မွေးလာတာလို့ပြောတော့ မယုံဘူးမဟုတ်လား”

♥

Generated by CamScanner from intsig.com

## အခန်း ၂

# သံသရာလည်ပုံ

နောက်တစ်နေ့မနက် မနက်စောစောစာလည်း စားပြီးရော သူသူဟာ ကျွန်တော့်အနားကပ်လာတာပဲ။ သူကပ်လာပြီဆိုတော့ သမီးကြီးနဲ့ သမီးငယ်ပါ ရောက်လာတော့တာပေါ့။

"သတ္တဝါတွေ ဘယ်လိုသံသရာလည်သလဲဆိုတာ ဖေဖေပြောပြမယ်ဆို"

"ပြောပြပါ့မယ်ကွယ်။ ဒါပေမဲ့ အရင်ဆုံး သံသရာလည်တယ်ဆိုတဲ့စကားကို အဓိပ္ပာယ်ကို နားလည်မှဖြစ်မယ်။ သံသရာလည်တယ်ဆိုတာ ဘာလဲ။ သမီးသိလား"

"မသိဘူး"

"အေး...ဟုတ်ပြီ။ မသိရင်လည်း မသိဘူးပြောတာ အကောင်းဆုံးပဲ။ သိသလိုလို မသိသလိုလို ဟန်ဆောင်နေတာမကောင်းဘူး။ ကဲ...စာရွက်တစ်ရွက် သွားယူလာခဲ့။ ဖေဖေရှင်းပြမယ်"

သူသူက စာရွက်ဖြူတစ်ရွက်ယူလာတော့ ကျွန်တော်က အဲဒီစာရွက်အပေါ်မှာ ခဲတံနဲ့ စက်ဝိုင်းပုံတစ်ပုံ ဝိုင်းလိုက်တယ်။


"သံသရာလည်တယ်ဆိုတာ အဆုံးမရှိ မစမရှိ တဝဲလည်လည်နဲ့ လည်ပတ်နေတာကို ပြောတာပဲ။ ကဲ...အခု ဖေဖေဆွဲပြတဲ့ စက်ဝိုင်းပုံကိုကြည့်။ ဘယ်ဟာအစလဲ"

"ဖေဖေ စဆွဲတဲ့နေရာက အစပေါ့"

"ကောင်းကွာ"

စာနည်းရဲဘော်၊ လူတော်လူမော်၊ အဖော်ရ၏၊ တော်ပါပေသည်လို့ သူငယ်တန်းဖတ်စာအုပ်ထဲပါတဲ့ စာပိုဒ်ကို ထအော်ရမလိုဖြစ်သွားတယ်။ အစမရှိဘူးလို့ ဖြေမလားအောက်မေ့ပါတယ်။




"ကြက်မနဲ့ ကြက်ဥ ဘယ်ဟာက အရင်စဖြစ်တာလဲ"

စဆွဲတဲ့နေရာက အစတဲ့။

"အေး...ဟုတ်ပါပြီ။ စဆွဲတဲ့နေရာကစပြီး ဆုံးသွားတော့လည်း အဲဒီစတဲ့နေရာမှာပဲ ပြန်ဆုံးသွားတာ မဟုတ်လား။ စဆွဲတော့လည်း ဘယ်နေရာကစဆွဲပါလို့ သတ်မှတ်ထားတာမရှိဘူး။ ဘယ်နေရာက စဆွဲဆွဲရတယ်။ ဒါပေမဲ့ စက်ဝိုင်းပုံရဲ့သဘောက အဲဒီစဆွဲတဲ့နေရာမှာပဲ ပြန်ဆုံးသွားတာပဲ။ အဲဒါမျိုးကို အဆုံးအစမရှိဘူးလို့ ခေါ်တာပေါ့။ ဒီလိုပဲ လည်နေတာ မဟုတ်ဘူးလား"


"သမီးတို့ ချားစီးသလိုပေါ့နော်ဖေဖေ"

"မြို့ပတ်ရထားစီးတာနဲ့လည်းအတူတူပဲ။ ရန်ကုန်ဘူတာကြီးကိုပဲ ပြန်ဝင်တာပဲ။ နော်...ဖေဖေ။ တော်ပါသေးရဲ့၊ သဘောပေါက်သွားကြလို့။

"အေး အဲဒီလို စက်ဝိုင်းပုံလမ်းကြောင်းပေါ်မှာ လမ်းလျှောက်နေသလို တစ်ပတ်ပြီးတစ်ပတ် တစ်ပတ်ပြီးတစ်ပတ် မရပ်မနားလည်ပတ်နေတာကို သံသရာလည်တယ်လို့ခေါ်တယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ သတ္တဝါတွေဟာ အဲသလိုပဲ သံသရာလည်နေကြတာပဲ။ ဘယ်လိုလည်နေသလဲဆိုရင် ဖြစ်လိုက်ပျက်လိုက်နဲ့ သံသရာလည်နေကြတာ"

"ဘယ်လို ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာလဲဖေဖေ"

"တစ်ခုခုဖြစ်လာတယ်။ ပြီးတော့ ပြန်ပျက်သွားတယ်။ အဲဒီပျက်သွားတဲ့တစ်ခုခုဟာ ပျောက်သွားတာမဟုတ်ဘူး။ နောက်တစ်မျိုးမျိုးပြန်ဖြစ်သွားတယ်။ သမီးတို့နားလည်အောင် ရေသံသရာလည်ပုံကို ဖေဖေပြောမယ်။ သမီးတို့ကျောင်းမှာလည်း အတန်းကြီးလာရင် သင်ရမှာပဲ။ ရေတွေဟာ နေပူရှိန်ကြောင့်



"စဆဲတဲ့နေရာက အစပေါ့"



ရေခိုးရေငွေ့တွေဖြစ်သွားတယ်။ ကောင်းကင်ပေါ်တက်သွားတယ်။ ဖေဖေတို့ ရေနွေးအိုးကျိုသလိုပေါ့။ ရေနွေးဆူလာတော့ ရေနွေးငွေ့တွေ ထွက်လာတယ်မဟုတ်လား။ အေး...အဲဒါ ရေကပျက်ပြီး ရေငွေ့ဖြစ်သွားတာပေါ့။ အဲဒီ ရေခိုးရေငွေ့တွေဟာ ကောင်းကင်ပေါ်တက်သွားပြီး စုဖွဲ့ရင်းနဲ့ တိမ်တွေဖြစ်လာတယ်။ အဲဒီတိမ်တွေဟာ တကယ်တော့ ရေခိုးရေငွေ့တွေပဲ။ ရေခိုးရေငွေ့တွေက များလွန်းအားကြီးတော့ တိမ်ဟာမည်းပြီး ညို့လာတယ်။ အဲဒါကို လူတွေက မိုးတိမ်လို့ခေါ်ကြတယ်။ အဲဒီမိုးတိမ်ဟာ ရေခိုးရေငွေ့တွေနဲ့ လေးလာတော့ တဖြည်းဖြည်းနိမ့်ကျလာတယ်။ အဲဒီအခါ အေးနေတဲ့တောင်တန်းတွေနဲ့ နီးကပ်သွားလို့ဖြစ်ဖြစ်၊ လေအေးတိုက်လို့ဖြစ်ဖြစ်၊ ရေခိုးရေငွေ့တွေဘဝကနေ ပျက်ပြီး ရေဘဝပြန်ဖြစ်တာဆိုတော့ အစက်အပေါက်ကလေးတွေ ဖြစ်ကုန်တာပေါ့။ မိုးစက်မိုးပေါက်ဘဝနဲ့ မြေကြီးပေါ်ပြန်ကျလာတော့ မိုးရွာတယ်လို့ လူတွေကပြောကြတယ်လေ။ မိုးရေတွေဟာ မြေကြီးပေါ်မှာ မြင့်ရာမှ နိမ့်ရာကို စီးဆင်းပြီး ချောင်းတွေ၊ မြစ်တွေဖြစ်ပြီးတော့ ပင်လယ်သမုဒ္ဒရာထဲမှာ စုသွား၊ ပင်လယ်ထဲမှာ ရေဘဝနဲ့နေရင်း နေပူရှိန်ကြောင့် ရေခိုးရေငွေ့တွေဖြစ်၊ ကောင်းကင်ပေါ်တက်သွား၊ တိမ်တွေဖြစ်၊ ဘယ်မှာဆုံးတော့လို့လဲ။ အဲဒီလိုနဲ့ ရေဟာ ဘဝတွေအမျိုးမျိုးပြောင်းပြီး လည်ပတ်နေတာကို ရေသံသရာလည်ပုံလို့ ခေါ်တာပေါ့"

"ရေက အဲသလိုသံသရာလည်နေတာပေါ့နော် ဖေဖေ"

"အဲဒါ နမူနာပြောပြတာပေါ့သမီးရယ်။ ရေဟာ ဘဝတွေအမျိုးမျိုးပြောင်းတဲ့အထဲ ရေခဲဖြစ်ရတဲ့ဘဝလည်း ရှိတာပေါ့"

"ကမ္ဘာပေါ်မှာရှိတဲ့ပစ္စည်းတွေဟာ အဲဒီလိုပဲ သံသရာလည်နေကြတာပဲလားဖေဖေ။ သစ်ပင်တွေ တောင်ကြီးတွေကျတော့ရော"

အဲဒါတွေကျတော့ ရေလို လွယ်လွယ်နဲ့ရှင်းပြဖို့တော့ မလွယ်ဘူးပေါ့။ ဒါပေမယ့် ကမ္ဘာကြီးအပါအဝင် ကမ္ဘာပေါ်ရှိသမျှအားလုံးဟာ ဓာတ်တွေနဲ့ပဲ ဖွဲ့စည်းထားတော့ ဒီဓာတ်တွေပဲ ပုံပန်းသဏ္ဍာန်အမျိုးမျိုးပြောင်းပြီး လည်ပတ်နေတာကိုး"

"လူကရော ဓာတ်တွေနဲ့ပဲ ဖွဲ့စည်းထားတာလား ဖေဖေ"

"ဒါပေါ့။ ကမ္ဘာပေါ်မှာ ဓာတ်တွေအများကြီးရှိပေမဲ့ ဗုဒ္ဓမြတ်စွာဘုရားက အဓိကမူလကတော့ ဓာတ်ကြီးလေးပါးပဲလို့ ချုပ်ထားတယ်။ အဲဒီဓာတ်ကြီးလေးပါးရဲ့နာမည်က ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတဲ့။ ဒါတွေတော့ သမီးတို့ကြီးလာမှ လေ့လာကြပေတော့"

"ဖေဖေက သတ္တဝါတွေသံသရာလည်တာ ပြောပြမယ်ဆို"

သူသူက လမ်းစပြန်ကောက်တယ်။

"ပြောမှာပါ။ ဖေဖေက သံသရာလည်တယ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို နားလည်စေချင်လို့ အရှည်ကြီးပြောပြနေတာ။ ပြီးတော့ သတ္တဝါဆိုတာကိုလည်း အဓိပ္ပာယ်နားလည်ဖို့လိုတယ်။ သတ္တဝါဆိုတာဘာလဲ။ သမီးတို့သိလား"

"သိတာပေါ့။ သတ္တဝါဆိုတာ ခွေးတွေ၊ ကြောင်တွေ၊ တိရစ္ဆာန်တွေကိုခေါ်တာပဲ"

ကျွန်တော်က ရယ်လိုက်သည်။

"မဟုတ်ဘူးသမီးရဲ့။ လူကိုလည်း သတ္တဝါလို့ခေါ်တာပဲ။ ဖေဖေတို့သမီးတို့လည်း သတ္တဝါတွေပဲ"

Generated by CamScanner from intsig.com

"အမယ် ဟုတ်လည်းဟုတ်ဘဲနဲ့"

သူသူက မယုံမကြည်ပြန်ပြောတယ်။ သမီးအကြီးတာတာကလည်းရယ်ရင်း သူသူ့ကို "ဟဲ့...သတ္တဝါမ" လို့ စလိုက်တယ်လေ။ သူသူက လိုက်ကုတ်တော့တာပေါ့။ ကျွန်တော်က မနည်းလိုက်တားပြီး ရှင်းပြရတယ်။

"သတ္တဝါလို့ အခေါ်ခံရတာ နာစရာမဟုတ်ဘူးသမီးရဲ့။ ဒီကမ္ဘာလောကကြီးပေါ်မှာ အသက်ရှိတဲ့ လှုပ်လှုပ်ရှရှလူကအစ တိရစ္ဆာန်တွေအားလုံးကို သတ္တဝါတွေလို့ခေါ်တယ်။ ဒီကမ္ဘာပေါ်က သတ္တဝါတွေထဲမှာ မြင်ရတဲ့သတ္တဝါတွေရှိသလို မမြင်ရတဲ့ သတ္တဝါတွေလည်းရှိသေးတယ်"

"မမြင်ရတဲ့သတ္တဝါတွေက ဘာတွေလဲဖေဖေ"

"နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသူရကာယ်နဲ့ ငရဲသားတွေပေါ့ သမီးရယ်"

"ဟင်...နတ်ကလည်း သတ္တဝါပဲလားဖေဖေ။ နတ်ဆိုတာ တကယ်ရှိသလား။ သူသူက ဘွားဘွားကို မေးကြည့်တော့ နတ်ရှိတယ်လို့ ပြောတယ်"

သူသူက မေးပြီးတော့ တာတာလည်း ဝင်မေးပြန်တယ်။

"တာတာ့သူငယ်ချင်းရဲ့ အဖေကတော့ နတ်ဆိုတာမရှိဘူး။ လူတွေ စိတ်ကူးယဉ်ထားတာလို့ ပြောတယ်ဖေဖေ။ ပန်းချီဆရာတွေ စိတ်ကူးနဲ့ဆွဲထားတာတဲ့"

ကျွန်တော်မဖြေရသေးခင် သူသူကထပ်မေးပါတယ်။

"ဗြဟ္မာကလည်း သတ္တဝါပဲလားဟင်။ ဟုတ်ရဲ့လားဖေဖေရဲ့။ ကမ္ဘာကြီးကို ဖန်ဆင်းတယ်ဆိုတဲ့ ဗြဟ္မာကြီးလား"


"နေကြပါဦး။ တစ်ခုပြီးမှ တစ်ခုမေးကြစမ်းပါ။ ကဲ...ဖေဖေ တစ်ခုချင်းဖြေပါ့မယ်။ နံပါတ်(၁) နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသူရကာယ်နဲ့ ငရဲသားတွေကိုလည်း သတ္တဝါလို့ပဲခေါ်တယ်။ သာမန်မျက်စိနဲ့ မမြင်ရတဲ့သတ္တဝါတွေပေါ့။ နံပါတ်(၂) ဒီသတ္တဝါစာရင်းထဲပါတဲ့ ဗြဟ္မာဆိုတာ တချို့လူတွေ ကိုးကွယ်နေတဲ့ ကမ္ဘာကြီးကိုဖန်ဆင်းတယ်ဆိုတဲ့ ဗြဟ္မာကြီးကို ပြောတာမဟုတ်ဘူး။ ဘဝတွေအမျိုးမျိုးပြောင်းပြီး သံသရာလည်နေရတဲ့ သတ္တဝါတွေထဲက အမျိုးအစားတစ်မျိုးပေါ့။ တခြားသတ္တဝါတွေထက်တော့ မြင့်မြတ်တာပေါ့။ ကမ္ဘာကြီးကို ဖန်ဆင်းဖို့ဝေးလို့ တချို့ဗြဟ္မာဆိုတာ သက်တမ်းကုန်ရင် တခြားဘဝ၊ တခြားသတ္တဝါမျိုးပြန်ဖြစ်ရတာပဲ။ နံပါတ်(၃) အဲဒီလိုမမြင်ရတဲ့ သတ္တဝါတွေ တကယ်ရှိပါတယ်။ ဘုရားဟောတဲ့အထဲမှာ အတိအလင်းပါတယ်။ တာတာ့သူငယ်ချင်းရဲ့အဖေလို မမြင်ရတဲ့သတ္တဝါတွေရှိတယ်ဆိုတာကို မယုံကြည်တဲ့လူတွေလည်း အများကြီးပေါ့။ ခက်တာက အဲဒီမမြင်ရတဲ့သတ္တဝါတွေနဲ့ ပတ်သက်ရင် ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့ ဉာဏ်မျက်စိနဲ့ ဆင်ခြင်ကြည့်မှသိနိုင်တာကိုး။ တချို့ တရားထိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဆိုရင်တော့ မြင်နိုင်သိနိုင်ကြပါတယ်"

"ဖေဖေ သမီးကို နတ်တွေအကြောင်း ပြောပြစမ်းပါနော်။ သမီးသိပ်သိချင်တာပဲ။ နတ်တွေက ဘယ်မှာနေတာလဲ"

"အေးပါ။ ဖြည်းဖြည်းတော့ပြောပြမှာပေါ့။ နတ်တွေက မိုးပေါ်မှာနေတာပေါ့"

ကျွန်တော်က လွယ်လင့်တကူ မိုးကောင်းကင်ကို လက်ညှိုးထိုးပြပြီး ဖြေလိုက်တာပါ။ သူသူက တွေးတွေးဆဆနဲ့ ပြန်မေးပါတယ်။





ရေသံသရာလည်ပုံ

"အဲဒါဆို နတ်တွေ အိမ်သာဆောက်ထားသလားဟင်"

"ဘာဖြစ်လို့လဲသမီးရဲ့"

"သမီးတို့အပေါ်ကျမှာစိုးလို့"

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်မိပါတယ်။

"အေးပါ။ အဲဒီ နတ်အိမ်သာကိစ္စကို နောက်တော့ ဖေဖေပြောပြပါ့မယ်။ အခုအရင်ဆုံး ဗုဒ္ဓမြတ်စွာဘုရားဟောကြားတဲ့ သတ္တဝါတွေ သံသရာလည်ပုံကို ပြောပြမယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတာက စကြဝဠာအနန္တ၊ သတ္တဝါအနန္တတဲ့။ ဖေဖေတို့ရဲ့ နေစကြဝဠာမျိုး အများကြီးပဲတဲ့။ သတ္တဝါတွေဟာလည်း အများကြီးပဲတဲ့။ စကြဝဠာဆိုတာ နေ၊ ကမ္ဘာဂြိုဟ်၊ လတွေပါတဲ့ အစုအဝေးပေါ့ကွယ်။ ညမှာတွေ့ရတဲ့

Generated by CamScanner from intsig.com

ကြယ်တွေဟာ အဲဒီစကြဝဠာအစုအဝေးတွေပေါ့။ ကဲ ဘယ်လောက်များသလဲ။ ဒီလိုပဲ သတ္တဝါတွေဟာလည်း အများကြီးပေါ့။ သမီးတို့ တိရစ္ဆာန်တွေကိုပဲ ကြည့်ပါဦး။ အမျိုးမျိုးအစားစား အများကြီးပဲမဟုတ်လား။ ဒါပေမဲ့ အဲဒီသတ္တဝါတွေအများကြီးကို ဘဝတူတွေချင်း စုပြီးခွဲခြားလိုက်ရင် ၃၁ဘုံရှိသတဲ့။ ဘုံဆိုတာလည်း ဘဝနဲ့ သဘောအတူတူပါပဲ။ အဲဒီ ၃၁ဘုံ၊ ၃၁ ဘဝ ကွဲပြားနေတဲ့ သတ္တဝါတွေဟာ အဲဒီဘုံဘဝတွေမှာပဲ တဝဲလည်လည်နဲ့လှည့်ပြီး ဖြစ်နေကြသတဲ့။ နတ်တွေစုတေရင် (နတ်တွေသေတာကို စုတေတယ်လို့ သုံးတယ်) လူဖြစ်လိုဖြစ်၊ ဗြဟ္မာတွေစုတေရင် ကြားထဲမှာ တစ်ဘဝခံပြီး တိရစ္ဆာန်ဖြစ်လိုဖြစ်၊ တိရစ္ဆာန်တွေသေပြီး ငရဲသားဖြစ်လိုဖြစ်၊ ငရဲသားတွေသေပြီး လူဖြစ်လိုဖြစ်၊ လူတွေသေပြီး နတ်ဖြစ်လိုဖြစ်၊ ငရဲသားဖြစ်လိုဖြစ်နဲ့ ကံတရားပေါ်မှီပြီး သံသရာလည်နေသတဲ့။ အဲဒီလို သတ္တဝါတွေ သံသရာလည်နေတာကို ဘယ်ကစပြီး ဘယ်မှာဆုံးတာလဲ ရှာလို့မရဘူးပေါ့ကွယ်။ ချားရဟတ်လို လည်နေတာပေါ့"

"ဟင်…ဒါဆို ပုရွက်ဆိတ်ကလေးတွေ သေသွားရင်ကော ဘာဖြစ်သလဲဖေဖေ"

"ပုရွက်ဆိတ်ကလေးတွေ သေသွားပြီးရင် ပုရွက်ဆိတ်ပြန်ဖြစ်တဲ့ ပုရွက်ဆိတ်လည်း ရှိမှာပေါ့။ ခွေးဖြစ်သွားတာလည်း ရှိမှာပေါ့။ ကံကောင်းလို့ လူဖြစ်လာတာလည်း ရှိမှာပေါ့"

"ဒါဆို သမီးတို့ရဲ့ သေသွားတဲ့ ခွေးကလေးတွေလည်း ခုလောက်ဆို လူကလေးတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့နော်"

"ဒါပေါ့။ ဒါပေမဲ့ တိရစ္ဆာန်ဘဝကနေ လူ၊ နတ်တွေဖြစ်ဖို့ကတော့ တော်တော့်ကို ကံကောင်းလွန်းမှဖြစ်တာပါကွယ်။ ဘာဖြစ်လို့လဲဆိုတော့ တိရစ္ဆာန်ဆိုတာ အသိဉာဏ်နည်းလွန်းတော့ ကောင်းတာဆိုးတာလည်း ခွဲခြားမသိဘူးလေ။ ဘုရားတရားဆိုတာလည်း သိတော့တာမှမဟုတ်တာ။ ဒါပေမဲ့ တချို့တိရစ္ဆာန်တွေတော့ အသိဉာဏ်ကောင်းကြတာ ရှိပါတယ်"

"ဟိုတစ်ခါ တီဗွီထဲမှာပါတဲ့ ဘုရားဖူးတတ်တဲ့ ငန်းတော်ကျား မြွေသူတော်ကြီးကျတော့ ဘုရားတရားမှန်းသိတယ်နော်"

"ရှိတော့ရှိတယ်။ ရှားတယ်ပေါ့ကွယ်"

"တာတာ ဘွားဘွားကို မေးကြည့်ဖူးတယ်။ လူတွေသေရင် ဘာဖြစ်သလဲဆိုတော့ ကောင်းတာလုပ်တဲ့လူ နတ်ပြည်ရောက်တယ်တဲ့။ မကောင်းတာလုပ်တဲ့သူက ငရဲတို့၊ တိရစ္ဆာန်တို့ ဖြစ်တယ်တဲ့။ အဲဒါဟုတ်လားဖေဖေ"

"ဟုတ်တယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မကောင်းတဲ့ဘုံဘဝရောက်နေတဲ့ သတ္တဝါတွေ၊ ကောင်းတဲ့ဘုံဘဝရောက်နေတဲ့ သတ္တဝါတွေအားလုံးဟာ .သတ္တဝါဆိုတဲ့နာမည်အရ ဘဝတူတွေချည်းပါပဲကွာ။ တွေးကြည့်ရင် ဆွေမျိုးသားချင်းတွေပဲ မဟုတ်လား"

"ဒါဆိုရင် လူတွေဟာ သေပြီးတော့လည်း ပြီးသွားတာမဟုတ်ဘူးနော်။ တာတာထင်တာက ကျောင်းမှာ သူငယ်ချင်းတွေပြောသလို သေသောသူသည် သက်သက်သာသာ သုသာန်သို့သာ သွားသင့်သည်ဆိုပြီးတော့ ပြီးသွားရောလို့ အောက်မေ့နေတာ"

"အဲဒီလို လူတွေသေရင် အလောင်းမြေမြှုပ်၊ ဒါမှမဟုတ် မီးသင်္ဂြိုဟ်လိုက်ပြီးရင် ပြီးသွားပြီလို့ ယုံကြည်ထားတဲ့ လူတွေလည်း အများကြီးပဲသမီးရဲ့။ ဖေဖေတို့ ဗုဒ္ဓဘာသာထဲမှာတောင် တချို့က ၃၁



ဘုံကို လက်ခံတာမှမဟုတ်ဘဲ။ သတ္တဝါတွေအဖြစ် ဆက်လက်သံသရာလည်တယ်ဆိုတာကို မယုံကြဘူး။ နတ်တွေ၊ ဗြဟ္မာတွေ ရှိတယ်ဆိုတာ လက်မခံကြဘူး။ ငရဲဆိုတာလည်း လောကဆင်းရဲလို့ထင်တယ်။ ဖေဖေ အခုပြောပြနေတာက ဖေဖေတို့ ထေရဝါဒဗုဒ္ဓဘာသာအမြင်နဲ့ ပြောနေတာ"

"သူတို့ကရော ဘာဝါဒဗုဒ္ဓဘာသာလဲဖေဖေ"

သမီးကြီးက မေးတတ်ပါတယ်။

"ဘာဝါဒဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး။ သူတို့ဟာသူတို့ ထွင်နေတာပါ။ ဗုဒ္ဓကတော့ ဘဝဆိုတာသေပြီး ပြီးတာပဲလို့ ယူဆတဲ့လူတွေကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တာပဲသမီးရဲ့။ အဲဒါတွေ ထားလိုက်ပါတော့။ သူသူမေးတဲ့ ပြဿနာရဲ့ အဆက်အနေနဲ့ ဖေဖေက သတ္တဝါတွေအများကြီး ရှိတယ်ဆိုတာရယ်၊ ဘဝတူတွေခွဲလိုက်ရင် သတ္တဝါတွေအားလုံး ၃၁ ဘုံ၊ ၃၁ ဘဝရှိတယ်ဆိုတာရယ်၊ အဲဒီ ဘုံဘဝတွေဟာလည်း ဘယ်မှာမှ မြဲတယ်ဆိုတာမရှိဘဲ တစ်ဘဝကနေ တစ်ဘဝခုန်ကူး ဘဝပြောင်းနေပြီး သံသရာလည်နေတယ်ဆိုတာရယ် ဒီလောက်ပဲရှင်းပြချင်တာပါ"

"ဖေဖေ နတ်တွေအကြောင်း ပြောပြပါဦး"

သူသူရဲ့ သိချင်စိတ်က လမ်းကြောင်းပြောင်းသွားလို့ ကျွန်တော်ကျေနပ်သွားပါတယ်။ မဟုတ်ရင်တော့ အဖြေမထွက်နိုင်တဲ့ မေးခွန်းတွေတွေးပြီး ယောင်တောင်တောင် ကြောင်တောင်တောင်ဖြစ်သွားမှာစိုးလို့ပါပဲ။

"တာတာကတော့ ၃၁ ဘုံအကြောင်း အကုန်လုံးသိချင်တယ်ဖေဖေ"

သမီးအကြီးက ပိုပြီးလောဘကြီးနေပါတယ်။ ကျွန်တော်လည်း သူတို့ကို ကိုယ်လေ့လာသိရှိထားသမျှဗဟုသုတအဖြစ် ပြောပြချင်ပါတယ်။ ဒါပေမဲ့ ဒါတွေအားလုံးကို တစ်ထိုင်တည်းပြီးအောင် ပြောပြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်ရက်မှာတစ်ခါ၊ တစ်ခါမှာ အကြောင်းအရာတစ်ခုပဲ ပြောပြသွားဖို့ စဉ်းစားမိပါတယ်။ တော်သေးတာက နွေရာသီကျောင်းပိတ်ရက်မို့ပေါ့။ မဟုတ်ရင်လည်း ကျောင်းစာတွေနဲ့မို့ သူတို့ကို ခုလိုပြောပြဖို့လည်း မလွယ်ပါဘူး။ ကျောင်းပိတ်ရက်မှာ ဘာသာရေး ဗဟုသုတကြွယ်အောင် လုပ်ပေးတာလည်း တစ်မျိုးတော့ အကျိုးရှိတယ်လို့ ကျွန်တော်တွေးမိပါတယ်။

"ဒီလိုလုပ်လေ။ ဖေဖေတစ်ရက်မှာတစ်ခါ အကြောင်းအရာတစ်ခုကို ပုံပြောသလိုပြောသွားမယ်။ သမီးတို့က သိချင်တာတွေ၊ မရှင်းတာတွေမေး၊ ဖေဖေနဲ့ အပြန်အလှန်ဆွေးနွေးတဲ့သဘောပေါ့။ အဲဒါအကောင်းဆုံး လေ့လာရေးအစီအစဉ်ပဲ။ ဖေဖေက သမီးတို့ကို '၃၁ဘုံအကြောင်း သိကောင်းစရာ' သင်ခန်းစာပို့ချတဲ့သဘောပေါ့။ ပုံပြင်ပြောတဲ့ သဘောလည်းပါတယ်။ မကောင်းဘူးလား။ မနက်ဖြန်မနက်ကစမယ်လေ"

"ကောင်းပါတယ်။ မနက်ဖြန် ဘာအကြောင်းပြောမလဲဟင်။ နတ်အကြောင်း အရင်ပြောနော်ဖေဖေ"

သူသူက သူသိချင်တာကို အရင်ပြောခိုင်းနေတာပါ။ သမီးအကြီးက ဝင်ပြီးဆရာလုပ်ပါတယ်။

"ဟဲ့ … ဖေဖေ သူ့အစီအစဉ်နဲ့သူ ပြောပါစေပေါ့။ နင်မရှုပ်ပါနဲ့"

♥

အခန်း ၃

# ၃၁ ဘုံသား သတ္တဝါများနဲ့ မိတ်ဆက်ခြင်း

“ဖေဖေ ဒီနေ့ နတ်တွေအကြောင်း အရင်ပြောမယ်မဟုတ်လား”

“ဘာလဲ...သူသူက နတ်တွေ အိမ်သာဆောက်မဆောက် သိချင်နေလို့လား”

ကျွန်တော်က ရယ်စရာပြောနေတုန်း တာတာက သူ့ညီမကို ဝင်ဟန့်ပါတယ်။

“သူသူကလည်းဟာ ဖေဖေပြောချင်တာ အရင်ပြောပါစေပေါ့။ နင်ကလည်း သိပ်ရှုပ်တာပဲ”

“ဖေဖေ အစီအစဉ်အတိုင်း ပြောသွားမယ်လေ။ ၃၁ ဘုံမှာ ဘယ်ဘုံတွေ ဘယ်လိုသတ္တဝါတွေ ပါတယ်ဆိုတာ သမီးတို့ မသိချင်ဘူးလား။ အဆင့်အတန်းအနိမ့်အမြင့်ရော မသိချင်ဘူးလား။ အဲဒါတွေ အရင်ပြောပြပြီးမှ ဘုံတစ်ခုစီအကြောင်း ဆက်ပြောမယ်လေ”

“အင်း...ပြော...ပြော နားထောင်လို့ကောင်းရင် ပြီးတာပဲ”

“အေး အဲဒီ ၃၁ဘုံသား သတ္တဝါတွေရှိတယ်ဆိုတာ ဗုဒ္ဓမြတ်စွာဘုရားမို့သာ ခွဲခြားသိနိုင်တာပေါ့ကွယ်။ သာမန်လူတွေအဖို့တော့ လူနဲ့တိရစ္ဆာန်လောက်သာ မြင်နိုင်တွေ့နိုင်တာကိုး။ အဲဒီတော့ သမီးတို့လည်း ယုံတာမယုံတာထား။ နောင်ကြီးလာတဲ့အခါ ဆက်ပြီးလေ့လာနိုင်အောင် ဖေဖေက ရှင်းပြထားတာ”

“ဖေဖေရော ယုံသလား”

“ဖေဖေက ငယ်ငယ်တုန်းကနေစပြီး တဖြည်းဖြည်းနဲ့လေ့လာရင်း လေ့လာရင်း ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတွေက အကျိုးသင့်အကြောင်းသင့်ဖြစ်မှန်း သဘောပေါက်သွားတော့ ယုံတာပေါ့။

ကဲ အဲဒါ ထားလိုက်။

၃၁ဘုံမှာ ဘယ်ဘုံတွေပါသလဲဆိုတော့–



တစ်။ ဗြဟ္မာဘုံ ၂၀

နှစ်။ နတ်ပြည် ခြောက်ထပ်

သုံး။ လူ့ဘုံနဲ့

လေး။ အပါယ် လေးဘုံဆိုပြီးရှိတယ်။ ပေါင်းလိုက်တော့ ၃၁ဘုံပေါ့။ အပါယ် လေးဘုံကတော့ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ ငရဲဘုံတွေကိုခေါ်တာ။ ဘုံဆိုတာဘဝနဲ့ တစ်သဘောတည်းဆိုတော့ ဗြဟ္မာဘဝအမျိုးပေါင်း ၂၀၊ နတ်ဘဝအမျိုးပေါင်း ခြောက်မျိုး၊ လူ့ဘဝတစ်မျိုးနဲ့ အပါယ်ဘဝ လေးမျိုးဖြစ်တဲ့ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝနဲ့ ငရဲဘဝဆိုပြီး ဘဝပေါင်း ၃၁ မျိုးရှိတယ်လို့လည်း ပြောလို့ရတာပေါ့”

“ဗြဟ္မာသတ္တဝါ၊ နတ်သတ္တဝါ၊ လူသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါ၊ ပြိတ္တာသတ္တဝါ၊ အသူရကာယ်သတ္တဝါနဲ့ ငရဲသတ္တဝါဆိုပြီးတော့လည်း ခေါ်လို့ရတယ်နော်ဖေဖေ”

တာတာက သေချာအောင်ထပ်မေးတယ်။ အတည်ပြုချင်တဲ့သဘောပေါ့။

“ရပါတယ်သမီးရဲ့။ သတ္တဝါချင်းအတူတူပါပဲ။ ဒါပေမဲ့ အယုတ်၊ အလတ်၊ အမြတ်တော့ ကွာခြားတာပေါ့”

“အမြတ်ဆုံးက ဘယ်ဘဝလဲဖေဖေ”

“အမြတ်ဆုံးက ဗြဟ္မာဘဝပေါ့။ ဘာဖြစ်လို့လဲဆိုတာတော့ မေတ္တာ၊ ကရုဏာစတဲ့ သမထဘာဝနာတရားအားထုတ်တဲ့လူတွေ သေတဲ့အခါ ဗြဟ္မာဘဝကို ရောက်သွားတာကိုး။ ဒုတိယမြတ်တာက နတ်ဘဝ၊ တတိယမြတ်တာက လူ့ဘဝ၊ အပါယ်လေးဘုံလို့ခေါ်တဲ့ အပါယ်ဘဝလေးဘဝကတော့ ယုတ်ညံ့တာပေါ့ကွယ်။ ဒါကြောင့် ဘုရားရှိခိုးထဲမှာ အပါယ်လေးဘဝကို မရောက်ချင်ကြောင်း ထည့်ဆိုထားတာပေါ့။ ကဲ တာတာက ဘုရားရှိခိုးကို ဆိုကြည့်ပါဦး”

တာတာက ကျွန်တော်ဆိုခိုင်းတော့ “ဩကာသဘုရားရှိခိုး”ကို ဆိုကြည့်ပါတယ်။

“ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

“ဤသို့ ကန်တော့ရသော ကုသိုလ်ကံစေတနာ အပေါင်းတို့ကြောင့် အပါယ်လေးပါး.....”

တာတာက ရပ်ပြီး ကျွန်တော့်ကို ကြည့်လိုက်တယ်။

“အေး...ဟုတ်တယ်။ အဲဒီအပါယ်လေးပါးဆိုတာက အပါယ်လေးဘုံ၊ ဒါမှမဟုတ် အပါယ်ဘဝလေးဘဝကို ပြောတာပေါ့။ ကဲ...ကဲ..ဆုံးအောင်ဆိုလိုက်ပါဦး သမီးရဲ့”

“အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား”

“အေး ဖေဖေတို့ ဗုဒ္ဓဘာသာတွေရဲ့ ရည်မှန်းချက်က နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ဆိုတာ ဘာလဲဆိုတာ နောက်မှ လေ့လာတော့ အခုထည့်ပြောရင် ရှုပ်ကုန်မှာစိုးလို့”

"အခုတောင် ရှုပ်ကုန်ပြီ။ နတ်ပြည်အကြောင်း ပြောပါဆို"

သူသူက ဝင်ပြီး ဆူဆူဆောင့်ဆောင့် လုပ်တယ်။

"မရှုပ်ပါဘူး။ ရှင်းရှင်းလေးရယ်။ နင်က နင်ပြောစေချင်တာ မပြောတော့ စိတ်မဝင်စားဘဲ" တာတာက ဝင်ပြောတယ်။

"မရှုပ်ပါဘူးသမီးရဲ့။ ဖေဖေဘုရားရှိခိုးအရွတ်ခိုင်းတာက အပါယ်လေးဘဝကနေ ကင်းလွတ်ငြိမ်းလိုတဲ့ ဆုတောင်းပါတာကို သမီးတို့ လေးလေးနက်နက်သိသွားအောင် ရွတ်ခိုင်းတာပါ။ အပါယ်ဆိုတာက ပါဠိစကားကနေ ဆင်းသက်လာတဲ့စကားပေါ့။ မြန်မာလိုက ချမ်းသာကင်းဝေးခြင်းတဲ့၊ အပါယ်ဘုံ အပါယ်ဘဝဆိုတာ ချမ်းသာကင်းဝေးတဲ့ဘုံ ချမ်းသာကင်းဝေးတဲ့ဘဝကို ဆိုလိုတာပေါ့ကွယ်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတွေကနေ ကင်းဝေးနေတဲ့ ဘဝကိုပြောတာပေါ့"

"ဒါဆို အဲဒီတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝတွေက ယုတ်ညံ့တာပေါ့နော်ဖေဖေ"

တာတာက သူ့အကျင့်အတိုင်း အတည်ပြုချက်ထပ်ယူပါတယ်။

"အေးလေ၊ ယုတ်ညံ့ရုံတင် ဘယ်ကမလဲ။ ဒုက္ခဆင်းရဲလည်း ရောက်နေတာပေါ့။ တိရစ္ဆာန်တွေဆိုရင် သမီးတို့မျက်မြင်ပဲလေ။ သနားတတ်ရင် သနားဖို့ ကောင်းတယ်"

"ဟုတ်တယ်ဖေဖေ။ သူသူလည်း တိရစ္ဆာန်လေးတွေကို သိပ်သနားတာပဲ။ တိရစ္ဆာန်ဥယျာဉ်ထဲကို ရောက်ရင် သူတို့ကိုကြည့်ပြီး သိပ်သနားတာပဲ"

ဒါကျတော့ သူသူက မျက်နှာအစုပျောက်ပြီး ဝင်ဆွေးနွေးတယ်။ တာတာက သူ့ကို ပြန်မေးတယ်လေ။

"နင် ကျားကြီးတွေရော မသနားဘူးလား"

"ကျားကြီးတွေတော့ မသနားပါဘူး။ သူတို့က လူသားစားတာကိုး"

"အေး...တိရစ္ဆာန်ဖြစ်ရတာ သူ့ဘဝအရ အသားတွေစားတဲ့ တိရစ္ဆာန်လည်းရှိနေတာပေါ့။ သူ့ကျတော့ လူမုန်းတဲ့ဒဏ်၊ တခြားဘဝတူ တိရစ္ဆာန်တွေက ကြောက်တဲ့ဒဏ်တွေပါ ခံစားရတာပေါ့။ အဲဒီ အပါယ်လေးဘဝထဲမှာ ငရဲသတ္တဝါဖြစ်ရတဲ့ဘဝက ဒုက္ခအရောက်ဆုံးပေါ့။ ငရဲဆိုတာ ပါဠိစကား နိရဲကနေ မြန်မာလို့ ငရဲလို့ခေါ်နေကြတာ။ ချမ်းသာရယ်လို့ လုံးဝမရှိ။ ဒုက္ခဆင်းရဲအတိပြည့်နေလို့ ငရဲလို့ခေါ်တာပဲ"

"ဖေဖေ အဲဒီငရဲသတ္တဝါကနေ လူပြန်ဖြစ်တတ်သလားဟင်"

"ဖြစ်တတ်တာပေါ့။ သူ့ရဲ့ ငရဲသတ္တဝါဖြစ်ရမယ့် ကံကုန်သွားရင် တခြားဘဝတွေ ပြန်ဖြစ်သွားတာပေါ့။ ကဲ...ဖေဖေမေးဦးမယ်။ အခု သမီးတို့ ၃၁ဘုံဆိုတဲ့ သတ္တဝါတွေရဲ့ ဘဝသုံးဆယ့်တစ်မျိုးကို ရှင်းပြီနော်။ အဲဒါကို ဖေဖေက အဲဒီ ၃၁ဘုံသားသတ္တဝါတွေ တစ်ဘဝကတစ်ဘဝကို ဘယ်လိုကူးပြောင်းဖြစ်ပေါ်သွားတာလဲဆိုတာ ဆက်ပြောပြမယ်"

"ရှင်းပါတယ်ဖေဖေ။ အမြတ်ဆုံးက ဗြဟ္မာသတ္တဝါ၊ ဒုတိယအမြတ်ဆုံးက နတ်သတ္တဝါ၊ တတိယမြတ်တာက လူသတ္တဝါ..."

တာတာက ပြန်ရွတ်ပြနေတယ်။

"နေဦးသမီးရဲ့။ ဖေဖေက သတ္တဝါတွေကို အဲဒီလို အဆင့်အတန်းခွဲပြတာ ဘဝရဲ့ ချမ်းသာဆင်းရဲတွေကို မူတည်ပြီးခွဲပြတာနော်။ လူသတ္တဝါမှာတော့ ထူးခြားချက်ရှိတယ်ကွယ့်။ ဘဝပေးချမ်းသာအရ



လူဟာ နတ်၊ ဗြဟ္မာတွေလောက် မမြင့်ပေမဲ့ ထူးခြားတဲ့အချက်က ဉာဏ်ရှိရင် ရှိသလို၊ လုံ့လဝီရိယ ရှိရင်ရှိသလို ကိုယ့်ကိုယ်ကို ပြုပြင်နိုင်စွမ်းရှိတယ်။ 'ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တယ်'ဆိုတဲ့ ရှေးလူကြီးတွေရဲ့ စကားဟာ လူ့ဘဝရဲ့ ထူးခြားချက်ကို ဖော်ပြတာပေါ့။ တချို့ကလည်း လူ့ဘဝဆိုတာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးစလုံးနဲ့ အစွမ်းပြနိုင်တဲ့ ဘုံမို့လို့ လူ့ဘဝရတာကို ချီးကျူးကြတယ်"

"ဒါဆို သမီးတို့ လူဖြစ်ရတာ ကံကောင်းတာပေါ့နော်"

"ကံကောင်းအောင် လုပ်ရင်တော့ ကံကောင်းတာပေါ့ကွယ်။ ဒါပေမဲ့ အခု ဖေဖေပြောနေတာက သတ္တဝါချင်းအတူတူ ဘယ်ဘုံဘယ်ဘဝက ကောင်းတယ်ဆိုပြီး နှိုင်းယှဉ်ချက်တွေလုပ်ပြီး ပြောနေကြတာလေ။ ဖေဖေတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကတော့ သတ္တဝါဖြစ်ရတာကို ဒုက္ခလို့ ဟောတာကိုး။ သတ္တဝါဆိုတာ ဒီ၃၁ဘုံထဲက မလွတ်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေတာကိုး။ ဒါကြောင့် ဗုဒ္ဓက ဒီလိုသံသရာလည်နေခြင်းက လွတ်မြောက်ရာလမ်းဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ ထွက်ရပ်လမ်းကို ဟောကြားသွားတာပေါ့ကွယ်။ ဒါကြောင့်လည်း သမီးတို့ ဖေဖေတို့ ဘုရားရှိခိုးကြတဲ့အခါ 'မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား'ဆိုတဲ့ ဆုတောင်းတာပေါ့။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားရဲ့ အလိုတော်အရဆိုရင် လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ် ဒီ၃၁ဘုံထဲမှာ သံသရာလည်နေခြင်းက လွတ်မြောက်ခြင်းမဟုတ်လို့ ဒုက္ခပဲလို့ ပြောရမှာပေါ့ကွယ်"

"နိဗ္ဗာန်ကကော ဘယ်မှာလဲဖေဖေ။ အဲဒီနိဗ္ဗာန်ဘုံက လူ့ဘုံ၊ နတ်ဘုံနဲ့မတူဘူးလား"

တာတာကမေးလိုက်တော့ ကျွန်တော်သက်ပြင်းချလိုက်မိပါတယ်။ နိဗ္ဗာန်ဆိုတာ လွယ်လွယ်နဲ့ ရှင်းပြလိုက်လို့ ဖြစ်တာမှမဟုတ်ဘဲ။ ပြီးတော့ အရှည်ကြီး ရှင်းရဦးမှာ။ ကိုယ်တိုင်သော်မှ 'နိဗ္ဗာန်'နဲ့ပတ်သက်လို့ ခပ်ရေးရေးသာ သိမြင်သေးတာကလား။

"နိဗ္ဗာန်ဟာ ဘယ်မှာလဲလို့ ပြောရခက်တယ်သမီးရယ်။ ပြီးတော့ နိဗ္ဗာန်ဆိုတာလည်း လူ့ဘုံ၊ နတ်ဘုံလို ဘုံဘဝမှမဟုတ်ဘဲ။ ဒါကြောင့် ဖေဖေခုန ပြောခဲ့တာပေါ့။ နိဗ္ဗာန်ဆိုတာ ဘာလဲဆိုတာ သမီးတို့ နောက်မှ လေ့လာတော့လို့ ပြောခဲ့တာပေါ့။ ဖေဖေ အကြမ်းဖျင်းပြောရရင်တော့ နိဗ္ဗာန်ရောက်သွားတယ်ဆိုတာ **ဘာမှမဖြစ်တော့တာ၊ ၃၁ဘုံထဲက ကျွတ်သွားတာ၊ ၃၁ဘုံသား ဘယ်လိုသတ္တဝါမျိုးမှ မဖြစ်တော့တာပဲ။ ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန်စံသွားတယ်ဆိုတာ လူတွေသေသလို၊ နတ်တွေစုတေသလို ဘဝကူးသွားတာမဟုတ်ဘူး။ ဘာမှမဖြစ်တော့တာ**"

တာတာရော၊ သူသူရော ကျွန်တော့်ကို ငေးကြည့်နေကြပါတယ်။

"ဒါကြောင့် နိဗ္ဗာန်ဆိုတာ ဖေဖေတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်ဆုံးရည်မှန်းချက်ပဲ။ သမီးတို့ နားမလည်သေးလည်း ဘုရားရှိခိုးတဲ့အထဲတော့ အမြဲဆုတောင်းနေတာပဲမဟုတ်လား။ ကောင်းပါတယ်။ အခုတော့ အဲဒီ ၃၁ ဘုံသားသတ္တဝါတွေ ဘယ်လိုဘဝပြောင်းကြတယ်ဆိုတာ အရင်ပြောပြမယ်။ သမီးတို့ စိတ်ဝင်စားမှာပါ"

"သမီးတို့တော့ စိတ်ဝင်စားပါတယ်။ ဂျူဂျူကတော့ အစောကြီးကတည်းက မေမေ့ဆီထွက်သွားပြီ" ကျွန်တော်တို့ ရယ်မောလိုက်ကြပါတယ်။

"ဂျူဂျူက ဘယ်စိတ်ဝင်စားပါ့မလဲကွာ။ ငယ်သေးတာကိုး။ သမီးတို့ရော ပျင်းနေပြီလား။ ပျင်းနေရင်လည်း မနက်ဖြန်မှ ဆက်ပြောမယ်လေ"

Generated by CamScanner from intsig.com

"မပျင်းပါဘူး"

"နားထောင်ချင်ပါတယ် ဖေဖေရဲ့"

ဒါနဲ့ ကျွန်တော်လည်း ဆက်ရှင်းပြဖို့ အားယူလိုက်ပါတယ်။

"၃၁ ဘုံသားသတ္တဝါတွေ သံသရာထဲမှာ တဝဲလည်လည် ဘဝကူးကြပုံကိုမပြောခင် သမီးတို့ကို အရင်မေးရဦးမယ်။ ဘဝဆိုတာသိလား"

တာတာက အရင်ဖြေတယ်။

"သိပါတယ်။ လူ့ဘဝ၊ ခွေးဘဝ...အဲဒီလိုခေါ်တဲ့ဘဝပေါ့"

"အေး...ဟုတ်ပါပြီ။ ဘဝဆိုတာ ဘာလဲမေးရင် သမီးဘယ်လိုဖြေမလဲ"

တာတာ အူကြောင်ကြောင်ဖြစ်ပြီး စဉ်းစားနေပါတယ်။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ကိုယ့်စိတ်ထဲတော့ အဓိပ္ပာယ်သိနေပေမဲ့ ရှင်းပြပါဆိုရင် ရှင်းမပြတတ်တော့တာမျိုးပါ။

သူသူက ဝင်ဖြေတယ်။

"သမီးသိတယ်ဖေဖေ။ ဘဝဆိုတာ ဘနဲ့ဝနဲ့ ပေါင်းထားတာ"

ကျွန်တော်ရယ်တော့ သူတို့လည်း လိုက်ရယ်ကြတာပေါ့။

"သူသူက တော်တယ်ကွာ။ သူသူဒီလောက်တော်တာ ဖေဖေခုမှသိတော့တယ်"

ကျွန်တော်တို့ ရယ်တာ တော်တော်နဲ့မပြီးတော့ပါဘူး။ နောက်မှ ကျွန်တော်လည်း မျက်နှာပိုးသတ်ပြီး ဆက်ရှင်းပြလိုက်ပါတယ်။

"ဘဝဆိုတာ အချိန်တစ်ခုနဲ့ အချိန်တစ်ခုကြားက အချိန်ကာလကို ပြောတာပေါ့။ ဥပမာဆိုရင် ကျောင်းသားဘဝဆိုပါစို့။ ကလေးတစ်ယောက် ကျောင်းစတက်ပြီး ကျောင်းသားဖြစ်တာနဲ့ ကျောင်းသားဘဝ ရောက်သွားတာပေါ့ကွယ်။ ကျောင်းတက် စာသင်လုပ်နေသမျှ ကျောင်းသားဘဝပေါ့။ ဆယ်တန်းအောင်လို့ ကျောင်းကထွက်လိုက်ရင်ဖြစ်ဖြစ်၊ တက္ကသိုလ်ကနေ ဘွဲ့ရလို့ ကျောင်းကထွက်လိုက်ရင်ဖြစ်ဖြစ် ဘယ်အချိန်ထွက်ထွက် ကျောင်းတက်စာသင်မလုပ်တော့ဘူးဆိုရင် ကျောင်းသားဘဝဟာ ကုန်ဆုံးသွားပြီပေါ့ကွယ်။ ဒီလိုပဲ လူရယ်လို့ စဖြစ်တဲ့အချိန်၊ မိခင်ရဲ့ဝမ်းထဲမှာ ပဋိသန္ဓေစဖြစ်ကတည်းက လူ့ဘဝဆိုတာလည်း ပါဠိစကားကို ယူသုံးထားတာ။ မြန်မာစကားအဓိပ္ပာယ်အရဆိုရင် ပဋိသန္ဓေဆိုတာ ဘဝဟောင်းနဲ့ ဘဝသစ်ကို တစ်ဖန်ဆက်စပ်ပေးခြင်းတဲ့။ အဲသလို ဘဝဟောင်းနဲ့ ဘဝသစ်ကို ဆက်တာဟာ သိပ်မြန်တာပဲတဲ့။ လုံးဝအကြားမရှိဘူးလို့ပြောတယ်။ ဖေဖေတို့ ရေနွေးအိုးတည်သလိုပေါ့ကွယ်။ ရေမှာ ရေဆူမှတ်ဆိုတာ ရှိတယ်မဟုတ်လား။ သာမိုမီတာနဲ့ တိုင်းတာကြတယ်လေ။ ၁၀၀ ဒီဂရီ စင်တီဂရိတ်ဆိုရင် ရေဆူတာကိုး။ ရေဟာဆူတာနဲ့တစ်ပြိုင်နက် ရေငွေ့ဖြစ်သွားတာပဲ။ ရေဆူမှတ်ဆိုတာ ရေဘဝကနေ ရေငွေ့ဘဝပြောင်းတဲ့အမှတ်ပေါ့။ ရေဘဝသေဆုံးပြီး ရေငွေ့ဘဝမွေးဖွားတဲ့အမှတ်ပေါ့ကွယ်။ ရေငွေ့ရဲ့ ပဋိသန္ဓေအမှတ်လို့လည်း ပြောလို့ရတာပေါ့"

ကျွန်တော်က ခဏနားပြီး သမီးတွေကို အကဲခတ်လိုက်တော့ နားလည်သလိုလို မလည်သလိုလိုနဲ့ နားထောင်နေကြတယ်။

"အဲဒီတော့ ၃၁ဘုံသားသတ္တဝါတွေ ဘဝဆက်တဲ့ပဋိသန္ဓေဟာ လေးမျိုးရှိတယ်တဲ့ကွယ်။ **တစ်-ဩပပါတိက ပဋိသန္ဓေ၊ ဥပပါတ်ပဋိသန္ဓေ** လို့လည်း ခေါ်ကြတယ်။ အဲဒါတွေ အားလုံးပါဠိလို






"အဲဒါဆို နတ်တွေ အိမ်သာဆောက်ထားသလားဟင်"
"ဘာဖြစ်လို့လဲသမီးရဲ့'
"သမီးတို့အပေါ် ကျမှာစိုးလို့"

ခေါ်ထားတဲ့ နာမည်တွေပေါ့။ မြန်မာလိုတော့ ဘွားခနဲပေါ်တဲ့ ပဋိသန္ဓေမျိုးလို့ ခေါ်ရမှာပေါ့။ ကိုယ်နေရမယ့်အရပ်ဒေသမှာ ဘွားခနဲသွားပေါ်တာပေါ့။ အဲဒီလို ပဋိသန္ဓေမျိုးနဲ့ဖြစ်တဲ့ သတ္တဝါတွေကတော့ ဖေဖေတို့ မျက်စိနဲ့မမြင်ရတဲ့ သတ္တဝါတွေဖြစ်တဲ့ နတ်တို့၊ ဗြဟ္မာတို့၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲသားတွေပဲ။ မိခင်ရဲ့ ဝမ်းထဲမှာဝင်ဖြစ်ဖို့မလိုဘဲ အလိုလိုဘွားခနဲပေါ်လာသတဲ့"

"ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲက နတ်တွေ ဘွားခနဲပေါ်လာသလိုပေါ့နော်ဖေဖေ"

Generated by CamScanner from intsig.com

"အေးပေါ့။ နံပါတ်**နှစ်က သံသေဒဇပဋိသန္ဓေ**၊ ဒါလည်း ပါဠိစကားပေါ့ကွယ်။ မြန်မာလိုတော့ အရာဝတ္ထုတစ်ခုခု၊ ပတ်ဝန်းကျင်တစ်ခုခုမှာ ကပ်ငြိပြီးတော့ တွယ်မှီပြီးတော့ဖြစ်တဲ့ ပဋိသန္ဓေလို့ အဓိပ္ပာယ်ရတယ်။ သမီးတို့ ရွှေငါးလေးတွေကိုကျွေးတဲ့ တီကောင်ငယ်ငယ်လေးတွေ တွေ့ဖူးတယ်မဟုတ်လား။ အေး...အဲဒီတီကောင်ကလေးတွေဆိုရင် ရေကြည်စီးဆင်းနေတဲ့ မြောင်းပုပ်ထဲမှာ မှီတွယ်ပြီး ဖြစ်လာကြတာပေါ့။ ရေကြည်မစီးဘဲ မြောင်းပုပ်ထဲမှာ ရေပုပ်တွေချည်း အောင်းနေရင်လည်း သူတို့ အသက်မရှင်ဘူးကွဲ့။ အဲဒီလို တီကောင်လေးမျိုးတွေ ဖြစ်လာပုံကို သံသေဒဇပဋိသန္ဓေနဲ့ ဖြစ်လာတာလို့ ပြောလို့ရတယ်။ တချို့တောကြီးမျက်မည်းထဲမှာ သွားဖူးလာဖူးတဲ့လူတွေဆိုရင် သစ်ပင်သစ်ကိုင်းကနေ မြွေဖြစ်ခါစကို တွေ့ခဲ့ဖူးတဲ့လူတွေရှိတယ်။ ဒါလည်း သစ်ပင်ကိုမှီပြီး ဖြစ်လာတဲ့ သံသေဒဇပဋိသန္ဓေပေါ့။ ရှေးဟောင်းဒဏ္ဍာရီပုံပြင်တွေထဲမှာ တချို့လူသားတွေတောင် ကြာပန်းတို့ ဝါးပင်တို့ကနေ ဖြစ်လာတာရှိတယ်လို့ ပြောကြတာပဲ"






ပဋိသန္ဓေ လေးမျိုးရှိတယ်



"ထူးဆန်းတယ်နော်"

"မမြင်ဖူးသေးတော့လည်း ထူးဆန်းတာပေါ့ကွယ်။ နေ့တိုင်းလိုလို မြင်တွေ့နေတော့လည်း မထူးဆန်းတော့ဘူးပေါ့။ နံပါတ်သုံးက **အဏ္ဍဇပဋိသန္ဓေ**တဲ့။ ဒါလည်း ပါဠိစကားနဲ့ခေါ်ထားတာပေါ့။ မြန်မာလိုတော့ မိခင်ရဲ့ ဝမ်းထဲမှာရှိတဲ့ ဥခွံထဲမှာဖြစ်ရတဲ့ ပဋိသန္ဓေလို့ အဓိပ္ပာယ်ရတယ်။ တကယ်တော့ ဒီပဋိသန္ဓေမျိုးဟာလည်း မထူးဆန်းဘူးလား။ မိခင်ရဲ့ဝမ်းထဲက ဥထဲမှာဖြစ်ရတယ်။ မိခင်က ဥကို အရင်ဥထုတ်တယ်။ ဥထဲကမှ အပြင်ကိုဖောက်ထွက်လာတယ်။ ကြက်တွေ ငှက်တွေဖြစ်ရတဲ့ဘဝပေါ့ကွယ်။ ဒါပေမဲ့လူတွေက ကြက်ဥ၊ ဘဲဥနဲ့ ငှက်ဥတွေကို အမြဲလိုလို မြင်တွေ့နေရတော့ ထူးဆန်းတဲ့ပဋိသန္ဓေလို့ မပြောကြတော့ဘူး"

"အင်းလေ စဉ်းစားကြည့်ရင် ထူးဆန်းတယ်နော်။ ဥထဲမှာ အရင်ဖြစ်၊ ဥဥပြီးတော့လည်း ဥထဲကနေမှ ပြန်ဖောက်ထွက်ရတာ မောလိုက်တာ"

"သူ့ဘဝနဲ့သူတော့ မောတယ်ပန်းတယ်လည်း မဟုတ်တော့ဘူးပေါ့။ နောက်တစ်မျိုး နံပါတ်၄ ကတော့ **ဗလာဇုဗပဋိသန္ဓေ**တဲ့။ ဒါလည်း ပါဠိစကားပဲ။ မြန်မာလိုက မိခင်ရဲ့ သားအိမ်ထဲမှာဖြစ်ပြီး အကောင်လိုက် မွေးထုတ်ရတဲ့ ပဋိသန္ဓေကိုခေါ်တာ။ ဒါတော့ လူတွေ၊ ခွေးတွေ၊ ကျွဲတွေ၊ နွားတွေမှာ တွေ့နေရတာပဲ။ ရိုးနေပြီမဟုတ်လား"

"လေးမျိုး၊ ပဋိသန္ဓေလေးမျိုး"

တာတာက သူ့လက်ချောင်းကလေးတွေထောင်ပြီး ပြန်ရေတွက်ကြည့်နေတယ်။

"သူသူတို့ လူတွေက အမေ့ဗိုက်ထဲမှာ ဖြစ်ရတာနော်"

သူသူက ကျွန်တော့်ကို အတည်ပြုတဲ့ မေးခွန်းထုတ်တယ်။ ကျွန်တော်က သူ့ကို နောက်ပြောင်ထားဖူးတာမို့ ရယ်ချင်သွားတာပေါ့။

"အေးပါ၊ ဟုတ်ပါတယ်။ အမေ့ဗိုက်ထဲမှာဖြစ်တာပါ။ ဖေဖေ့ခြေသလုံးထဲမှာ ဖြစ်တာမဟုတ်ပါဘူး"

တာတာကတော့ ဆက်စဉ်းစားမိတယ်နဲ့တူပါရဲ့။ သူ့စဉ်းစားချက်ကို ထုတ်ပြောလာတယ်။

"ဖေဖေ ဒါဆို လူအမေတွေ၊ ကြက်အမေတွေက ပင်ပန်းတယ်နော်။ ကြက်အမေကြီးဆိုရင် ပိုပြီးပင်ပန်းသေးတယ်။ ဥဉပြီးတော့ တစ်ခါဝပ်ပေးရသေးတယ်။ နတ်အမေတွေ၊ ဗြဟ္မာအမေတွေ၊ ပြိတ္တာတို့ အသူရကာယ်တို့ ငရဲတို့က အမေတွေကတော့ သက်သာတာပေါ့။ ဘွားခနဲပေါ်လာတော့ မွေးစရာမလိုဘူးနော်"

"သမီးပြောတာ နတ်ဘဝမှာတော့ ဟုတ်ပါတယ်။ ပြိတ္တာတို့ အသူရကာယ်တို့မှာလည်း ဟုတ်ပါတယ်။ ယောကျ်ား၊ မိန်းမဆိုပြီးရှိတာကိုး။ အမေတွေလည်း မပင်ပန်းကြပါဘူး။ ကလေးက အလိုလိုပေါ်လာတာကိုး။ ခြွင်းချက်တော့ရှိတယ်တဲ့။ တချို့ကတော့ ဝမ်းနဲ့လွယ်ပြီး မွေးရသတဲ့။ ဗြဟ္မာကျတော့ ယောကျ်ား၊ မိန်းမ၊ အဖေ အမေရယ်လို့ မရှိဘူးသမီးရဲ့။ ဗြဟ္မာပြည်မှာ ဗြဟ္မာဘဝဖြစ်ရမယ့် သတ္တဝါတွေဟာ သူ့ဟာသူ ဘွားခနဲ့သွားဖြစ်တာပဲ။ ငရဲလည်း ဒီအတိုင်းပဲပေါ့။ ယောကျ်ားတွေ၊ မိန်းမတွေ ဘာအဆင့်ညာအဆင့်တွေ မဟုတ်ဘူး။ ဒုက္ခခံဖို့သက်သက်ပဲ ငရဲသတ္တဝါသွားဖြစ်ရတာဆိုတော့ ဘာမှခွဲခြားလို့ မရတော့ဘူးပေါ့ကွယ်။ အဲဒီအကြောင်းတော့ သတ္တဝါတစ်မျိုးစီအကြောင်း ဖေဖေပြောပြတဲ့အခါ ပြောပြပါ့မယ်"

သူသူက ကျွန်တော့်ကို ဆက်မေးလာပါတယ်။ သူကတော့ မေးခွန်းထုတ်တဲ့အကျင့်ကိုပါနေတာဆိုတော့ မထူးဆန်းတော့ပါဘူး။

"ဖေဖေက အရင်ဘဝက ဘာဖြစ်ခဲ့တာလဲဟင်"

"ဖေဖေမသိပါဘူးသမီးရယ်။ သာမန်လူတွေဆိုတာ အရင်ဘဝက ဘာဖြစ်ခဲ့သလဲဆိုတာ မသိနိုင်ကြပါဘူး။ သိဖို့လည်း မလိုဘူးလေ။ အရင်ဘဝဆိုတာ ပြီးခဲ့ပြီမဟုတ်လား။ ပြီးတော့ အရင်ဘဝမှာ လူဖြစ်ခဲ့ဦးတော့ အခုဘဝက အဖေ၊ အခုဘဝက အမေမှမဟုတ်တော့ဘဲ။ အခုနာမည်နဲ့လည်း မဟုတ်တော့ဘူးလေ။ အခုကျတော့ ဘဝအသစ်ဖြစ်နေပြီကိုး။ အရင်ဘဝက ပြီးခဲ့ပြီဆိုပေမဲ့လည်း အဲဒီဘဝက ကိုယ်လုပ်ခဲ့တဲ့ ကောင်းမှုတွေ၊ မကောင်းမှုတွေကျတော့ အခုဘဝအထိ ပါလာတယ်ကွဲ့"

"ဟိုးအရင့်အရင်ဘဝတွေကို ဘယ်သူတွေ ပြန်သိကြသလဲဟင်"

"ဘုရား၊ ရဟန္တာတွေတော့ သိကြတာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားဆိုရင် ဘုရားဖြစ်ခါနီးမှာ **ပုဗ္ဗေနိဝါ**



**သာနုဿတိဉာဏ်**ကို ရခဲ့တယ်တဲ့။ အဲဒီဉာဏ်ရဲ့ အစွမ်းကတော့ ရှေးရှေးဘဝများစွာမှာ ဖြစ်ခဲ့သမျှအားလုံးကို သိနိုင်တာပေါ့။ ရဟန္တာဆိုတာကတော့ မြတ်စွာဘုရားရဲ့ လမ်းစဉ်အတိုင်း ရဟန်းပြုပြီး တရားကျင့်ကြံရင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ရဟန်းထူး ရဟန်းမြတ်တွေပေါ့ကွယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတာ နိဗ္ဗာန်ကို သိနိုင်မြင်နိုင်ခံစားနိုင်တာကို ပြောတာပေါ့။ ဘုရား၊ ရဟန္တာများသာမက နောက်ပိုင်း တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေကလည်း အဲဒီလို ရှေးရှေးဘဝတွေကို ပြန်သိတဲ့ဉာဏ်ရကြတာရှိပါတယ်။ တချို့ လူကနေပြန်ဖြစ်တဲ့ လူဝင်စားတွေလည်း ထူးထူးဆန်းဆန်း သူတို့အရင်ဘဝကို ပြန်မှတ်မိကြတာလည်းရှိတယ်။ ဒါပေမဲ့ သဘာဝအတိုင်းတော့ ဘယ်သတ္တဝါ မဆို ဖြစ်လေရာဘဝမှာပဲ ဖြစ်သလိုနေထိုင်သွားကြတာပဲ။ အရင်ဘဝတွေကို မမှတ်မိကြတော့ပါဘူး"

"သူသူကတော့ သိတယ်ဖေဖေ။ သူသူက အရင်ဘဝတုန်းက ယုန်ဖြစ်ခဲ့တာ"

ကျွန်တော် မျက်လုံးပြူးသွားပါတယ်။

"မင်းကို ဘယ်သူပြောသလဲ"

"သူသူ့ဟာ သူသူသိတာပေါ့"

ပြောပြီးရယ်နေတော့မှ ကျွန်တော်ခံလိုက်ရပါလားဆိုတာ သဘောပေါက်သွားတယ်။ ကလေးတွေဆိုတာ တစ်ခေတ်ပြီးတစ်ခေတ် ပိုပြီးလည်လာတာကိုး။

"အေးလေ၊ သိရင်လည်းပြီးတာပဲ။ နောက်တစ်ခါ ယုန်ပြန်မဖြစ်အောင်သာ ကောင်းကောင်းနေပေါ့"

ကျွန်တော်က သူသူ့ကို ပြန်ပြောနေတုန်း မီးဖိုခန်းထဲကနေ ကလေးတွေရဲ့အမေက လှမ်းအော်တယ်။

"ဟိုသားအဖတွေ အဲဒါတွေပဲ ပြောနေတော့မှာလား။ အလုပ်မလုပ်တော့ဘူးလား"

"ကဲ...မနက်ဖြန်မှ ပြန်ဆက်မယ်နော်။ သမီးတို့လည်းနားတော့"

"မနက်ဖြန်တော့ နတ်အကြောင်းပြောနော်ဖေဖေ"

သူသူက သူ့ခေါင်းစဉ်ကို မမေ့ပါဘူး။

"အစဉ်အတိုင်းပြောသွားမယ်လေ။ ဗြဟ္မာပြီးတော့ နတ်"

"ဒါဆို မနက်ဖြန် ဗြဟ္မာရော၊ နတ်ရော..."

"ကဲပါ ပြီးသလောက် သတ္တဝါတွေတန်းစီပြီး ပြောသွားမယ်"

တာတာက ပြန်ရောက်လာတဲ့ သူ့ညီမအငယ်ဆုံး ဂျူဂျူကို ပြေးပြီးပွေ့တယ်။

"ဂျူဂျူက ဘယ်ဘဝကလာတာလဲမသိဘူး၊ သိပ်ဆော့တာပဲ။ မျောက်ဘဝကလာတာ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် လူ့ဘဝကလာတာဆိုရင်လည်း ယောကျ်ားလေးဘဝကလာတာနဲ့တူတယ်။ ဖေဖေရေ... ဘဝပြောင်းသွားရင် ယောကျ်ားက မိန်းမဖြစ်၊ မိန်းမက ယောကျ်ားဖြစ်တာတွေရော ရှိသလား"

"ရှိတာပေါ့သမီးရဲ့။ သူ့ကံအတိုင်းပဲ၊ အဲဒီလိုပြောင်းလဲသွားတာလည်း ရှိတာပေါ့"

"ဩော်...ဒီသားအဖတွေလည်း ပြီးပဲမပြီးနိုင်ကြတော့ဘူး"

ဇနီးဖြစ်သူက အော်လိုက်ငေါက်လိုက်တော့မှပဲ ကျွန်တော်တို့ရဲ့ တစ်နေ့တာ ဆွေးနွေးပွဲစခန်းသိမ်းသွားပါတော့တယ်။

Generated by CamScanner from intsig.com

## အခန်း ၄

# ဗြဟ္မာ၊ နတ်၊ လူ

"ဒီနေ့တော့ ဖေဖေနတ်အကြောင်း ဒုတိယထားပြောပါ့မယ်ကွယ်"

ကျွန်တော်က သူသူပြောမထွက်ခင် အရင်ပိတ်ပြောပစ်လိုက်တယ်။

"အင်း...ပြော။ ဒါဆို ဗြဟ္မာအကြောင်း မြန်မြန်ပြော"

"ဗြဟ္မာဆိုတာ အကျင့်သီလကောင်းမွန်ပြီး တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ သေပြီးတဲ့အခါ သွားဖြစ်ပေါ်တဲ့ ဘဝလို့သိရတယ်ကွဲ့။ ဒါကြောင့် ဗြဟ္မာဘဝရဲ့ အခြေခံဟာ လူ့ဘဝဖြစ်နေတယ်။ အကျင့်သီလကောင်းတဲ့လူ၊ တရားအားထုတ်တဲ့လူ တစ်ယောက်မှမပေါ်ခဲ့ဘူးဆိုရင် ဗြဟ္မာဆိုတဲ့ ၃၁ဘုံထဲမှာ အမြင့်မြတ်ဆုံးသတ္တဝါလည်း တစ်ပါးမှဖြစ်လာမှာမဟုတ်ဘူးပေါ့ကွယ်။ ဗြဟ္မာကျတော့ မြင့်မြတ်တာမို့ ဗြဟ္မာတစ်ပါး၊ ဗြဟ္မာနှစ်ပါးလို့ သုံးပြီးရေတွက်တာပေါ့။ ဗြဟ္မာဘုံဗြဟ္မာဘဝကို ဘာဖြစ်လို့ မြင့်မြတ်တယ်လို့ သုံးရသလဲဆိုတော့ ဗြဟ္မာဘုံမှာ ဘွားခနဲသွားဖြစ်ပြီးနောက် စားဖို့သောက်ဖို့လည်းမလို၊ ယောကျ်ားမိန်းမရယ်လို့ မရှိတဲ့အတွက် ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးပြဿနာလည်းမရှိ၊ ပကတိစိတ်အေးချမ်းသာနဲ့ နေနိုင်ကြတာကိုး။ သက်တမ်းကလည်း လူတွေ၊ နတ်တွေထက် အများကြီးပိုရှည်ကြာလေတော့ ဗြဟ္မာဖြစ်ပြီးပြီဆိုရင် တော်တော်နဲ့လည်း မစုတေ(မသေ) ကြတော့ဘူးပေါ့ကွယ်။ ဒါပေမဲ့ တရားကျစရာကောင်းတာက တရားအားထုတ်ထားတဲ့ ကောင်းမှုကုသိုလ်ကံအရှိန်အဟုန်က ဗြဟ္မာဘဝကို ပို့ထားတာဆိုတော့ အဲဒီကံကုန်လို့ သက်တမ်းလည်းကုန်ပြီး ဗြဟ္မာဘဝကနေ စုတေပြီဆိုရင် အခြားကောင်းမှုကံ အထောက်အပံ့လည်း မရှိတော့ဘူးဆိုရင် ကြားထဲမှာ တစ်ဘဝလောက်ခြားပြီး တိရစ္ဆာန်ဗိုက်ထဲတန်းဝင်တော့တာပဲတဲ့။ ဒါကြောင့် ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်း တရှုံ့ရှုံ့လို့တောင် တချို့



ဆရာတော်ဘုရားကြီးတွေ ထည့်ဟောထားကြတယ်။ ဗြဟ္မာဘဝကလာတဲ့ ဝက်ဆိုတော့ ဗြဟ္မာဘဝတုန်းကတော့ ကိုယ်ရောင်ကိုယ်ဝါ တဝင်းဝင်းပေါ့။ ဝက်ဖြစ်လာတော့ ဝက်စားခွက်ထဲမှာ နှာခေါင်းကလေး တရှုံ့ရှုံ့နဲ့ဖြစ်နေတာကို ဆိုလိုတာပေါ့။ အပြောင်းအလဲ အတက်အကျ သံသရာရဲ့ သဘာဝကို ပြောတာပေါ့ကွယ်"

ကျွန်တော့်စကားအပြတ် သူသူက ဝင်မေးပါတော့တယ်။

"ဗြဟ္မာတွေက စားဖို့သောက်ဖို့ မလိုတော့ဘူးဆိုတော့ ထမင်းမဆာဘူးလားဟင်"

"စားဖို့မလိုဘူးလို့ ပြောကတည်းက ထမင်းမဆာတော့ဘူးပေါ့။ ဖေဖေတို့ လူသားတွေဆီမှာတောင် တချို့ တောနက်ကြီးတွေထဲက ဆေးပင်ဆေးမြစ်တွေကို စားထားရင် တစ်လ နှစ်လ ထမင်းစားဖို့ မလိုဘူးလို့ ပြောကြတာပဲ။ အဲဒါမျိုးကို အာဟာရ 'သိဒ္ဓိ'ပြီးတယ်လို့ ခေါ်ကြတယ်။ ပြီးတော့ သမီးတို့တော့ မမြင်ဖူးကြသေးဘူး။ ဖေဖေတို့ မြန်မာ့ရိုးရာ အစားအစာတစ်ခုရှိတယ်။ 'အနုဆုပ်'လို့ခေါ်တယ်။ ထမင်းခြောက်ကို မှုန့်နေအောင်ထောင်း၊ အမဲခြောက်ဖုတ်ကိုလည်း မှုန့်နေအောင်ထောင်းပြီး ပျားရည်နဲ့ရောပြီး ဆုပ်ထားတာ။ အဲဒါ လက်တစ်ဆုပ်စာလောက် စားထားရင် တစ်ရက်နှစ်ရက်ထမင်းမစားဘဲ နေလို့ရသွားတယ်။ ပြီးတော့ အိန္ဒိယပြည်မှာ ဖက်ကီလို့ခေါ်တဲ့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်။ သူတို့ မထတမ်းတရားအားထုတ်နေရင် တစ်လ နှစ်လ ဘာမှမစားဘဲနေနိုင်ကြတယ်။ ဖေဖေပြောချင်တာက ဖေဖေတို့လို အစားအသောက်စားမှ အသက်ရှင်နိုင်တဲ့ လူတွေတောင်မှ ဆေးဝါးတို့ အလေ့အကျင့်တို့နဲ့ထိန်းထားရင် မစားမသောက်ဘဲ နေလို့ရတာကို ပြောချင်တာ။ ဒီတော့ နဂိုသဘာဝကိုက ဘာမှစားဖို့သောက်ဖို့မလိုတဲ့ ရုပ်ခန္ဓာနဲ့ ဖြစ်သွားတဲ့ ဗြဟ္မာတွေ စားဖို့မလိုတာကို အံ့သြစရာမရှိကြောင်း ပြောချင်တာပါ။ သူ့ဘဝနဲ့ သူ့အကြောင်းပေါ့။

"ဒါဆို ဗြဟ္မာဖြစ်ရတာ ပျင်းစရာကြီးနော်"


"သမီးတို့ကသာ ပျင်းစရာကြီးထင်တာကိုး။ တကယ်တော့ ဒုက္ခငြိမ်းတဲ့ ဘုံဘဝတစ်ခုပေါ့ကွယ်"

"ဗြဟ္မာတွေက ဘာမှမစားတော့ ပါးစပ်မပါဘူးပေါ့"

"အင်း...ဖေဖေလည်း ကိုယ်တိုင်တွေ့ဖူးတာမဟုတ်တော့ ပြောရခက်တာပေါ့။ ဒီတော့ ဗြဟ္မာကြီးတွေမှာ ပါးစပ်တို့ မျက်စိတို့ နှာခေါင်းတို့ပါမပါ ဖေဖေလည်း မပြောတတ်တော့ဘူး။ ပန်းချီဆရာတွေဆွဲထားတာတော့ အတည်ယူလို့မရဘူးသမီးတို့ရဲ့။ သူတို့က ဗြဟ္မာတို့ နတ်တို့ဆိုရင် လူပုံတွေမှာ အချွန်တွေ၊ အတက်တွေပါတဲ့အဝတ်အစားတွေ ထည့်ဆွဲထားပေးလိုက်တာ။ ပြီးတော့ ဖေဖေကလည်း တရားအားထုတ်ပြီး ဗြဟ္မာပြည်ကို လှမ်းကြည့်နိုင်တဲ့သူမဟုတ်သေးတော့ ပြောရခက်တာပေါ့။ ဘာပဲဖြစ်ဖြစ် သမီးရယ်။ သူ့ဟာသူ ပါးစပ်ပါပါ မပါပါ ဗြဟ္မာဆိုတာ မြင့်မြတ်တဲ့ဘဝတစ်ခုကို သက်တမ်းအရှည်ကြီး ပိုင်ဆိုင်ထားနိုင်သူလို့သာ မှတ်ထားလိုက်ပေါ့။ ပြီးတော့ ဗြဟ္မာဆိုတာလည်း လူ့ပြည်ရဲ့အထက် အဝေးဆုံးနေရာမှာ သူ့ဟာသူ ကင်းကင်းရှင်းရှင်းနေတာဆိုတော့ ကြုံရဆုံရဖို့ ခက်ပါတယ်။ ကြုံရဆုံရဦးတော့ ဖေဖေတို့လို သာမန်လူသားတွေအဖို့ မြင်ရတာမှမဟုတ်ဘဲ"

"သူတို့က ဘာလို့မမြင်ရတာလဲဖေဖေ။ မြင်ရရင် ကောင်းမှာပဲနော်။ ဒါဆို သူတို့ရှိတယ်မရှိဘူး သိပ်ငြင်းနေဖို့ မလိုတော့ဘူး"

တာတာက တွေးတွေးဆဆပြောပါတယ်။



"ဗြဟ္မာတွေက ဘာမှမစားတော့ ပါးစပ်မပါဘူးပေါ့"
"အင်း ဖေဖေလည်း ကိုယ်တိုင်တွေ့ဖူးတာ မဟုတ်တော့ ပြောရခက်တာပေါ့။ (ပြောရခက်ပုံကို ပုံဆွဲသူက ပါးစပ် ထည့်မဆွဲဘဲ သရုပ်ဖော်လိုက်သတဲ့)

"အခုလည်း သိပ်ငြင်းနေဖို့ မလိုပါဘူးကွယ်။ မယုံကြည်တဲ့လူလည်း မယုံသလိုနေနိုင်ပါတယ်။ ဖေဖေတို့ကတော့ ဗုဒ္ဓမြတ်စွာဘုရားဟောထားတာကို သဘာဝကျတယ်လို့ ခံယူတဲ့အတွက် ဉာဏ်နဲ့ ဆင်ခြင်ပြီး လက်ခံတာပါ။ ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရားကလည်း ဒီဗြဟ္မာတွေကိုပဲ အမွှန်းတင်ပြီး ကိုးကွယ်ရာဆိုတဲ့သဘောနဲ့ ဟောခဲ့တာမဟုတ်ဘူး။ ဗြဟ္မာဆိုတာ မြင့်မြတ်သော်လည်း ဒီ ၃၁ ဘုံသားသတ္တဝါတစ်မျိုးပဲ။ အချိန်တန်တော့လည်း တခြားဘဝတခြားပုံပန်းနဲ့ သံသရာလည်ရတာပဲလို့ ရှင်းရှင်းလင်းလင်း ဟောခဲ့တာပဲ"

ကျွန်တော်က ခဏနားလိုက်ပြီးမှ ဆက်ပြောပါတယ်။



"ဗြဟ္မာတွေကို ဘာဖြစ်လို့မမြင်ရတာလဲဆိုရင် ဗြဟ္မာတင်မကဘူးလေ။ နတ်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲအစရှိတဲ့ ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲပေါ်တဲ့သတ္တဝါတွေကို ဖေဖေတို့ရဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသတ္တဝါတွေနဲ့ ရုပ်ခန္ဓာတွေက သိပ်ပြီးနူးညံ့တဲ့ဓာတ်တွေနဲ့ ဖွဲ့စည်းထားတာကိုး။ ပြီးတော့ ဖေဖေတို့လူသားတွေရဲ့ မျက်စိကလည်း အကန့်အသတ်ရှိတယ်သမီးရဲ့။ အလင်းရောင်မရှိလို့ မှောင်နေရင်မမြင်ရဘူး။ အသက်ကြီးလို့ မျက်စိမှုန်သွားရင် မမြင်ရတော့ဘူး။ အသက်မကြီးပေမဲ့ တိမ်သလာတွေဖုံးသွားရင် မမြင်ရပြန်ဘူး။ ဒီဘာမဟုတ်တဲ့ မျက်စိလေးအားကိုးပြီး သဗ္ဗညုတရွှေဉာဏ်တော်ကို ပိုင်ဆိုင်ထားတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့တာကို ခံငြင်းနေရင် မသင့်တော်ဘူးလို့ ဖေဖေထင်တယ်။ ပြီးတော့ ကမ္ဘာပေါ်မှာ တကယ်တမ်းရှိပြီး ဖေဖေတို့မျက်စိနဲ့မမြင်ရတဲ့ ရုပ်ဝတ္ထုတစ်ခုလည်း ရှိသေးတယ်လေ။ အဲဒါဘာလဲဆိုရင် လေပေါ့။ ဖေဖေက လေကိုရုပ်ဝတ္ထုလို့ခေါ်တယ်။ သိပ္ပံဝေါဟာရကတော့ လေကိုဒြပ်တဲ့။ လေကို ဒြပ်လို့ခေါ်ခေါ်၊ ဓာတ်လို့ခေါ်ခေါ် မျက်စိနဲ့မမြင်ရပေမဲ့ အတော်တော့ အားကြီးတာပဲသမီးရဲ့။ လေဆင်နှာမောင်းများတိုက်လိုက်လို့ကတော့ တိုက်တာအိမ်ခြေတွေပြိုလိုပြို၊ ဧရာမသစ်ပင်ကြီးတွေ အမြစ်ကကျွတ်လိုကျွတ်။ ဖေဖေပြောချင်တာက မျက်စိနဲ့မမြင်နိုင်တာတွေ ဒီကမ္ဘာလောကကြီးမှာ တကယ်တမ်းရှိတယ်ဆိုတာပဲ။ ပြီးတော့ ရောဂါပိုးမွှားကိစ္စလည်းကြည့်ဦး။ သေးငယ်လွန်းအားကြီးတော့ လူသာမန်မျက်စိနဲ့ မမြင်ရတော့ဘူးမဟုတ်လား။ နောက်မှ သိပ္ပံပညာထွန်းကားလာတော့ အဏုကြည့်မှန်ပြောင်း (Micro-Scope) တွေပေါ်လာမှ မြင်နိုင်တယ်မဟုတ်လား"

"ဗြဟ္မာတွေ နတ်တွေကို ကြည့်လို့ရတဲ့ မှန်ပြောင်းတွေပေါ်လာရင်လည်း ကြည့်လို့ရမှာပဲနော်"

ကျွန်တော်က သမီးကြီးတာတာရဲ့စကားကို ကြားရတော့ အတော်လေးသဘောကျသွားပါတယ်။

"အေးပေါ့၊ အဲဒါလည်း ဘယ်ပြောလို့ရမလဲ။ ရှေးက နိပါတ်ဝတ္ထုတွေထဲမှာလည်း ဆေးမြစ်တစ်မျိုးကိုသွေးပြီး မျက်စိတစ်ဝိုက်ကွင်းပြီးလိမ်းထားရင် မမြင်ရတဲ့သတ္တဝါတွေကို မြင်ရတယ်လို့ ရေးထားကြတာပဲ။ အဲဒီဆေးမြစ်ရဲ့သတ္တိမျိုး သိပ္ပံပညာက ဖော်ထုတ်နိုင်ရင် မှန်ပြောင်းတင်မကဘူး မျက်မှန်ပါ လုပ်လို့ရမှာပေါ့။ သိပ္ပံပညာရဲ့ ကြွေးကြော်သံကလည်း 'မသိနိုင်တာမရှိ၊ မသိသေးတာသာရှိတယ်' လို့ ကြွေးကြော်ထားတာကိုး။ ဩော်...ပြီးတော့ပြောရဦးမယ်။ အဲဒီလို မမြင်ရတဲ့သတ္တဝါတွေကနေ ကိုယ်ထင်ပြရင်တော့ လူတွေမြင်လို့ ကြည့်လို့ရတယ်လို့ ရှေးလူကြီးသူမတွေ ပြောကြတာပဲ။ စာတွေထဲလည်း ရေးထားကြတာပဲ။ ဒါကြောင့် ငရဲသတ္တဝါတွေကလွဲရင် ကျန်တဲ့ ဗြဟ္မာ၊ နတ်နဲ့ တချို့ပြိတ္တာတွေ၊ အသူရကာယ်တွေမှာ သူတို့အဆင့်အတန်းကိုလိုက်ပြီး တန်ခိုးတော့ရှိကြတယ်လို့ ပြောလို့ရတာပေါ့။ ဒါပေမဲ့ ဒီကိုယ်ထင်ပြတဲ့တန်ခိုးကတော့ သိပ်ထူးဆန်းတဲ့ တန်ခိုးမဟုတ်ဘူးထင်ပါရဲ့။ ဖေဖေတို့လူတွေ ထွင်ထားတဲ့ ရုပ်ရှင်တို့၊ ရုပ်မြင်သံကြားတို့လို သဘောမျိုးဖြစ်မှာပေါ့"

"ဖေဖေ့ဗြဟ္မာအကြောင်းက ပြီးပြီလား"

သူသူက ဝင်ပြီးဖြတ်မေးတယ်လေ။ ဒါမှ သူသိချင်နေတဲ့ နတ်အကြောင်း ရောက်တော့မှာကိုး။

"ပြီးပါပြီကွယ်။ ဗြဟ္မာအကြောင်းက ဒီလောက်ပြောရင် ရပြီပဲ။ ဗြဟ္မာဘုံ ၂၀ ရဲ့နာမည်တွေက ပါဠိလိုတွေဆိုတော့ သမီးတို့လည်း မှတ်မိမှာမဟုတ်ဘူး။ ဗဟုသုတအနေနဲ့ မှတ်ထားချင်ရင် နောက်ကျမှ စာအုပ်ထဲရေးထည့်ပေးမယ်"

"ဟင် ... ဖေဖေကလည်း အကြမ်းဖျင်းတော့ ပြောပြဦးမှပေါ့"

Generated by CamScanner from intsig.com

တာတာက ဝင်တောင်းဆိုတယ်။

“တာတာ ညည်းသိပ်ရှုပ်တာပဲ”

“နင်လည်း ရှုပ်တာပဲ”

ညီအစ်မနှစ်ယောက် ရန်ဖြစ်နေကြတယ်။

“ရန်ဖြစ်မနေကြနဲ့။ ဗြဟ္မာအကြောင်းက ဖေဖေအပြီးသတ်လိုက်တော့မှာ။ ဗြဟ္မာဆိုတာ လူ့ပြည်က တရားအားထုတ်ပြီး ဈာန်အဘိညာဉ်ရထားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ကွယ်လွန်သွားရင် ဖြစ်တဲ့ဘဝမို့ သူ့အဆင့်နဲ့သူ အထက်အောက် ဘုံပေါင်း ၂၀ ရှိတာပေါ့ကွယ်။ ဈာန်အဘိညာဉ်ဆိုတာ သမီးတို့နားလည်ဖို့ ခက်ပါသေးတယ်။ တရားပေါက်မြောက်တဲ့ အဆင့်လို့ပဲ သဘောလောက်မှတ်ထားပေါ့။ ဗြဟ္မာဘုံတွေဟာ အသက်သိပ်ရှည်တယ်။ အထက်အကျဆုံး ဗြဟ္မာဘုံဆိုရင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်လောက်ကို အသက်ရှည်တယ်လို့ ကျမ်းဂန်တွေထဲမှာပါတယ်”

“တစ်ကမ္ဘာဆိုတာ ဘယ်လောက်ကြာသလဲဖေဖေ”

“တစ်ကမ္ဘာဆိုတာ ဘယ်လောက်ကြာသလဲဆိုရင် နှစ်အရေအတွက် ပြက္ခဒိန်နဲ့ကို တိုင်းတာလို့မရဘူးကွယ့်။ ဒါကြောင့် ဥပမာပေးထားကြတာက တစ်ယူဇနာလောက်ရှိတဲ့ ဂိုဒေါင်ထဲမှာ မုန်ညင်းစေ့ကလေးတွေ အပြည့်ထည့်ထား။ အနှစ်တစ်ရာကြာရင် မုန်ညင်းစေ့တစ်စေ့ ယူပြီးလွှင့်ပစ်။ အဲဒီလောက်များတဲ့ မုန်ညင်းစေ့တွေသာ ကုန်သွားရင်ကုန်သွားမယ်။ တစ်ကမ္ဘာဆိုတဲ့ အချိန်ကာလက မကုန်တတ်သေးဘူးတဲ့။ အခုခေတ်စကားနဲ့ဆိုရင် ကြာသလားမမေးနဲ့လို့ ပြောရမှာပေါ့”

“တစ်ယူဇနာဆိုတာ ဘယ်နှမိုင်လောက် ရှိသလဲဟင်”

“၁၃ မိုင်လောက်ရှိတာပေါ့”

“ဟင်...ဒါဆို အဲဒီလောက်ကြီးတဲ့ ဂိုဒေါင်ကြီးထဲမှာ မုန်ညင်းစေ့သေးသေးလေးတွေ ထည့်ထားတာဆိုတော့ အများကြီးပေါ့။ ရေလို့တောင် ဘယ်ရတော့မလဲ။ ပြီးတော့ အနှစ်တစ်ရာနေမှ တစ်စေ့ပဲလွှင့်ပစ်ရမှာဆိုတော့ ဘယ်ကုန်တော့မလဲ။ အကြာကြီးမှ တကယ့်အကြာကြီး...”

“အေးလေ...ဒါကြောင့် ကြာသလားလို့မမေးနဲ့ဆို”

“ဒါဆို ဗြဟ္မာတစ်ခါဖြစ်သွားရင် နေပေရော့ပဲ”

“အေး...ဟုတ်တယ်။ ပြီးတော့ ဗြဟ္မာဘုံ ၂၀ ထဲမှာ ထူးဆန်းတဲ့ဘုံတွေရှိသေးတယ်။ အဲဒါကတော့ အသညသတ်ဘုံနဲ့ အရူပဘုံပဲ။ အသညသတ်ဘုံဆိုရင် ရုပ်သာရှိပြီး နာမ်မရှိတဲ့ဘုံတဲ့။ လူ့ဘဝမှာ သေခဲ့တုန်းကပုံစံမျိုးနဲ့ ရုပ်သက်သက်ချည်း မလှုပ်မရှားလာဖြစ်နေတယ်တဲ့။ အရူပလေးဘုံက ဗြဟ္မာတွေကျတော့ ရုပ်မရှိဘဲနဲ့ နာမ်တွေချည်း ဖြစ်နေသတဲ့။ အဲဒီလို ဗြဟ္မာတွေကျတော့ ဘုရားပွင့်တဲ့အခါလည်း လာမဖူးနိုင်ကြလို့ ရုပ်ပြစ်ရှစ်ပါးစာရင်းထဲ ထည့်ထားလိုက်ကြတယ်”

“နာမ်ဆိုတာ ဘာလဲဖေဖေ”

“နာမ်ဆိုတာ စိတ်လို့ပဲ အကြမ်းဖျင်းမှတ်ထားပေါ့သမီးရယ်”

ကျွန်တော်နဲ့တာတာ ဗြဟ္မာအကြောင်း လေရှည်နေလို့ သမီးလတ် သူသူက စိတ်မရှည်ဘူးဖြစ်လာတယ်နဲ့တူပါရဲ့။

“ဗြဟ္မာအကြောင်းကလည်း မပြီးနိုင်တော့ဘူး”



သူသူက ညည်းညူတော့ တာတာက ပြန်ချေပတယ်။

“အံမယ်...ဗြဟ္မာအကြောင်းက ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းလဲ။ စိတ်ချည်းရှိတဲ့ ဗြဟ္မာကြီးတွေလည်း ရှိတယ်တဲ့။ မလှုပ်မယှက်နဲ့ ရုပ်ချည်းသက်သက်ရှိတဲ့ ဗြဟ္မာကြီးတွေလည်း ရှိတယ်တဲ့”

“စိတ်ဝင်စားဖို့တော့ ကောင်းတာပေါ့။ သူသူက နတ်အကြောင်း သိချင်လှပြီ”

“နတ်အကြောင်းက မနက်ဖြန်မှပြောရအောင်လေ သူသူရဲ့ ခုပြောတာသိပ်များသွားပြီ”

“ဟင့်အင်း...ဟင့်အင်း အခုဆက်ပြောရမယ်။ ဖေဖေပဲ ဆက်ပြောပြမယ်ဆိုပြီးတော့...”

သူသူက ကျွန်တော့်လက်မောင်းကို လာလိမ်ဆွဲတယ်။

“ကဲ ကဲ...သူသူစိတ်ကျေနပ်အောင် မိတ်ဆက်ကလေးတစ်ခု အရင်ပြောပြလိုက်မယ်။ အပြည့်အစုံတော့ မနက်ဖြန်မှပြောမယ်။ သူသူမေးထားတဲ့ နတ်တွေ အိမ်သာဆောက် မဆောက်ဆိုတဲ့ ပြဿနာ။ ဖေဖေတောင်မသိလို့ လူကြီးသူမတွေဆီ ပြန်မေးရသေးတယ်။ ဗြဟ္မာတွေကျတော့ ဘာမှမစားတော့ သူသူမေးတဲ့ပြဿနာမပေါ်ဘူးပေါ့။ နတ်ကတော့ ‘နတ်သုဒ္ဓါ’ဆိုတာ စားသေးတော့ သူသူမေးတာလည်း မမှားပါဘူး။ ဒါပေမဲ့ ဖေဖေပြောမပြခင် သူသူ့ကို အရင်မေးရဦးမယ်”

“ဘာမေးမှာလဲဖေဖေ။ မေးလေ”

“နတ်တွေဟာ ဘွားခနဲပေါ်တဲ့ သတ္တဝါအမျိုးအစားဆိုတော့ ဖေဖေတို့လူတွေရဲ့ ရုပ်မျိုးအသားမျိုးနဲ့ တည်ဆောက်ထားတာမဟုတ်ဘူးဆိုတာ သမီးသဘောပေါက်တယ်နော်”

“သဘောပေါက်ပါတယ်ဖေဖေ”

“အေး...အဲဒီတော့ နတ်တွေစားတဲ့ နတ်သုဒ္ဓါဆိုတာလည်း ဖေဖေတို့လူတွေစားတဲ့ ထမင်းတို့၊ ပေါင်မုန့်တို့နဲ့မတူဘူး။ ပြီးတော့ နတ်တွေဆိုတာ ဖေဖေတို့လူတွေလို စိုက်ပျိုးရှာဖွေစားသောက်နေဖို့မလိုဘူး။ သူတို့ဟာ စည်းစိမ်ခံစားဖို့သက်သက်ပဲ ဖြစ်နေတာလို ဖြစ်နေတော့ နတ်တွေစားဖို့ လိုလာပြီဆိုရင် နတ်သုဒ္ဓါလို့ခေါ်တဲ့ နတ်အစားအစာလည်း အလိုလိုပေါ်လာသတဲ့။ သူလည်း ဘွားခနဲပေါ်လာတာတဲ့။ အဲဒါကိုစားပြီးလို့ အစာဟောင်းစွန့်ဖို့လိုလို့ စွန့်လိုက်တဲ့အခါလည်း ဖြုတ်ခနဲပျောက်သွားတယ်တဲ့။ ဒီတော့ အိမ်သာဆောက်မထားလည်း အရေးမကြီးပါဘူး။ သမီးတို့အပေါ်လည်း မကျတော့ပါဘူး”

“ဟုတ်ရဲ့လားဖေဖေရ။ ဖေဖေ့ကို ဘယ်သူပြောသလဲ”

“ရှေ့မီနောက်မီ ဖေဖေ့ဆရာကြီးတစ်ယောက်က ပြောတာပဲ။ သဘာဝကျကျပြောတာဆိုတော့ ဖေဖေတော့ လက်ခံပါတယ်။ နဂိုကတည်းက ဗြဟ္မာတို့၊ နတ်တို့ဆိုတာ ဘွားခနဲပေါ်၊ စုတေရင်လည်း ဖြုတ်ခနဲပျောက်သွားတာမျိုးလို့ ပြောထားတာမဟုတ်လား။ နတ်သုဒ္ဓါဆိုတာလည်း ဘွားခနဲပေါ်လာတာဆိုတော့ အစာကြေချက်ပြီးလို့ အကြွင်းအကျန် ကျန်ရင်လည်း ဖြုတ်ခနဲပျောက်သွားတယ်ဆိုတာ သဘာဝကျတာပေါ့။ တချို့ပညာရှိကြီးတွေကတော့ နတ်တွေဟာ နတ်သုဒ္ဓါသာစားတယ်။ ကျင်ကြီး ကျင်ငယ်လုံးဝမစွန့်ဘူးလို့ အပြတ်ပြောထားတယ်”

“တော်သေးတာပေါ့နော်”

သူသူက ခုမှစိတ်ချလက်ချဟန်မျိုးနဲ့ပြောလို့ ကျွန်တော်တို့ ရယ်ကြရပါသေးတယ်။

“သမီးတို့လူတွေလည်း အဲဒီလိုဆို သိပ်ကောင်းမှာပဲနော်”

တာတာက တမ်းတမ်းတတ ပြောပါသေးတယ်။

Generated by CamScanner from intsig.com

"ဒါတော့ ဘဝချင်းမတူဘူးလေသမီးရဲ့။ ဖေဖေတို့ လူ့ကိုယ်ခန္ဓာက အသားတို့ဘာတို့ကလည်း ဘာပဲဖြစ်ဖြစ် သူတို့နဲ့ယှဉ်လိုက်ရင် ကြမ်းတယ်။ စားသောက်တဲ့အစားအစာတွေလည်း ကြမ်းတယ်။ ပြီးတော့ နတ်တွေလို ကောင်းမှုကုသိုလ်ကံရဲ့ အကျိုးဆက်ကို ခံစားစံစားရတဲ့ဘဝမျိုးမှမဟုတ်ဘဲ။ ကံရော၊ ဉာဏ်ရော၊ ဝီရိယရော ယှဉ်ပြီးကြိုးစားအားထုတ်မှ အလုပ်လုပ်မှ ထမင်းစားရတဲ့ဘဝမျိုးကို သမီးရဲ့။ ဖေဖေတို့ကသာ ကိုယ့်ဘဝနဲ့နှိုင်းပြီး နတ်ဘဝကို အားကျနေပေမဲ့ ဗုဒ္ဓမြတ်စွာဘုရားဟောကြားသလိုဆိုရင် ဒီလိုနတ်ဘဝစည်းစိမ်ကို ခံစားပြီးတော့လည်း တခြားဘဝတွေထဲ ပြန်ရောက်ရတာပဲမို့ သိပ်တော့ထူးလှတာမဟုတ်ပါဘူးကွာ။ သက်တမ်းအလွန်ရှည်တဲ့ ဗြဟ္မာကြီးတွေတောင် ကံကုန်ရင် တစ်ဘဝလောက်သာခြားပြီး တိရစ္ဆာန်ဘဝထဲ ပြန်ရောက်ရသေးတာမဟုတ်လား။ နတ်ဘဝဆိုတာလည်း ဒီလိုပဲပေါ့"

"ဒါပေမဲ့ ဖေဖေရယ်။ နတ်ဘဝကူးလိုက် လူ့ဘဝကူးလိုက်လုပ်နေပြီး တိရစ္ဆာန်ဘဝထဲရောက်မသွားအောင် နေနိုင်ရင်တော့ မဆိုးဘူးပေါ့ဖေဖေရဲ့"

တာတာ့စကားကို ကြားရတော့ ကျွန်တော်လည်း ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်မိတယ်။ စိတ်ထဲကလည်း တချို့လူကြီးတွေတောင် ဒီလိုစဉ်းစားမှုတွေ ရှိထားတာဆိုတော့ ကလေးတွေက ဒီလိုစဉ်းစားတာလည်း ဘယ်လွန်ပါ့မလဲလို့ တွေးမိတယ်။

"အေးလေ...အဲသလိုဖြစ်ရင်တော့ မဆိုးဘူးပေါ့။ ကဲ...သူသူရေ မနက်ဖြန်မှ နတ်အကြောင်း ပြန်ဆက်ကြတာပေါ့နော်"

♥

အခန်း ၅

# နတ်အကြောင်း

"အထက်မိုးကောင်းကင်ရဲ့ အမြင့်ဆုံးအပိုင်းမှာနေတဲ့ ဗြဟ္မာဘုံအောက်မှာ နတ်ပြည်ခြောက်ထပ်ရှိတယ်တဲ့။ နတ်ဘုံခြောက်ဘုံပေါ့ကွယ်။ နတ်သတ္တဝါဘဝခြောက်ဘဝလို့လည်း ပြောလို့ရတာပေါ့။ အဲဒီနတ်ပြည်တွေကို အထက်အဆင့်ကနေ အောက်အဆင့်အထိ ရေတွက်မယ်ဆိုရင်...

တစ်။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်
နှစ်။ နိမ္မာနရတိနတ်ပြည်
သုံး။ တုသိတာနတ်ပြည်
လေး။ မာယာနတ်ပြည်
ငါး။ တာဝတိံသာနတ်ပြည်
ခြောက်။ စတုမဟာရာဇ်နတ်ပြည်

လို့ခေါ်တယ်။

ပါဠိဘာသာစကားနဲ့ဆိုတော့ သမီးတို့မှတ်မိဖို့တော့ ခက်တာပေါ့ကွယ်။ ဒါပေမဲ့ တို့မြန်မာများရဲ့ နားထဲမှာတော့ တာဝတိံသာနဲ့ စတုမဟာရာဇ်ဆိုတဲ့နာမည်ကတော့ စွဲနေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ တာဝတိံသာနတ်ပြည်က သိကြားမင်းနေတာကိုး။ သိကြားမင်းကလည်း မြန်မာပြည်မှာ သင်္ကြန်ပွဲလုပ်တိုင်း နတ်ပြည်က ဆင်းလာလေ့ရှိတယ်လို့ ပြောကြတာကိုး။ စတုမဟာရာဇ်နတ်ပြည်ဆိုတာလည်း လူ့ပြည်နဲ့အနီးဆုံးဖြစ်ပြီး စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက ဗုဒ္ဓမြတ်စွာဘုရားရဲ့ သာသနာကို စောင့်ရှောက်နေတယ်ဆိုတော့ လူတွေကြားမှာ ကြားဖူးနားဝဖြစ်နေပြီလေ"

သူစိတ်ဝင်စားတဲ့အကြောင်းအရာကို ပြောပြနေတာဆိုတော့ သူသူက ငြိမ်ပြီးနားထောင်နေတာပေါ့။

"အဲဒီနတ်ဘုံတွေဟာလည်း ဗြဟ္မာဘုံတွေလိုပဲ အထက်ကိုရောက်လေ ချမ်းသာသုခရှိလေပေါ့။ ဒါပေမဲ့ ဗြဟ္မာတွေလို ငြိမ်းအေးတဲ့ချမ်းသာမျိုးမဟုတ်ဘဲ ကောင်းတာတွေကို စည်းစိမ်ခံစားတဲ့ ချမ်း သာမျိုးပေါ့။ သမီးတို့နားလည်အောင်ပြောရရင် ဇိမ်ခံနေတဲ့ ဘဝမျိုးတွေပေါ့။ ဖေဖေတို့လူတွေထဲမှာ စည်းစိမ်ဥစ္စာ ကြွယ်ဝပြီး ချမ်းချမ်းသာသာနေရတဲ့လူတွေကို 'နတ်စည်းစိမ်'ပဲကွာလို့ တင်စားပြီး ပြောတတ်ကြတယ် လေ။ အဲသလိုနဲ့ သူ့ဘုံသူ့နေရာအလိုက် နတ်တွေမှာ ဘုံဗိမာန်တွေ၊ ဥယျာဉ်ရေကန်တွေ၊ အခြံအရံတွေ၊ တန်ခိုးတွေရှိကြတယ်တဲ့။ သူ့ဘုံအလိုက် နတ်သက်တမ်းလည်း ရှိကြတယ်။ သက်တမ်း ကုန်ရင်တော့ သံသရာလည်ရပြန်တော့တယ်။ ဒီမှာ ဖေဖေတွေ့ရတာက တရားအားထုတ်တဲ့လူတွေ ဗြဟ္မာဘုံရောက် သလို လူ့ပြည်မှာ ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့တဲ့လူတွေလည်း နတ်ပြည်မှာရောက်ရတာမို့ လူ့ပြည်ဟာ အခြေခံလို့ ဖေဖေသဘောရတယ်"

"ဖေဖေကလည်း နတ်အကြောင်းပြောပါဆို လူအကြောင်းပြန်လှည့်လာပြီ"

"နတ်အကြောင်းက အဲသလောက်ပဲလေ။ ဘယ်ဘုံမှာ ဘယ်နတ်မင်းကြီးတွေက အုပ်ချုပ်ပြီး နတ်သား နတ်သမီး ဘယ်နှပါးရှိတယ်ဆိုတာတော့ ပြောဖို့မလိုဘူးထင်ပါတယ်။ ဖေဖေကလည်း မှတ်မထားပါဘူး။ သြော်...တစ်ခုရှိသေးတယ်။ နတ်ဘဝရောက်တိုင်း အဲဒီခြောက်ဘုံကို ရောက်သွားတာမဟုတ်ဘူး။ လူတွေ နဲ့ရောနှောပြီး လူ့ဘုံမှာပဲနေတဲ့ နတ်တွေလည်းရှိသေးတယ်။ အဲဒါကို ဘုံထပ်ပြီးခွဲမပြတော့ဘူးလေ။ မဟုတ်ရင်လည်း ၃၂ဘုံတို့ ၃၃ဘုံတို့ ဖြစ်နေဦးမှာပေါ့။ ပြီးတော့ ၃၁ဘုံသားတွေရယ်လို့ မတူတဲ့ဘဝတွေ အရ သတ္တဝါတွေကို ခွဲခြားထားပေမဲ့ ဒီသတ္တဝါတွေအားလုံးဟာ လေထုကြီးအပါအဝင် ဒီကမ္ဘာကြီး ရဲ့ အဝန်းအဝိုင်းထဲမှာပဲ နေထိုင်ကြတာဆိုတော့ ရောနှောပြီးရှိနေတာ သဘာဝကျပါတယ်။ ဖေဖေတို့ လူ့ဘုံ လူ့ဘဝဟာ နတ်တွေနဲ့တင် ရောနေတာမဟုတ်ပါဘူး။ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကာယ် တွေနဲ့လည်း ရောနေတာပါပဲ။ ငရဲသတ္တဝါတွေကတော့ နည်းနည်းသီးခြားဖြစ်တယ် ပြောရမှာပေါ့။ ဒီတော့ နည်းနည်းသီးခြားဖြစ်တာဟာ အမြင့်ဆုံး ဗြဟ္မာဘုံ ၂၀ နဲ့ အနိမ့်ဆုံး ငရဲဘုံပေါ့။ ကျန်တဲ့ဘုံ တွေကတော့ နည်းနည်းရောရောနှောနှော ဆက်ဆက်စပ်စပ်ရှိတာပေါ့လေ"

ကျွန်တော် ခဏနားလိုက်ချိန် သမီးကြီးတာတာက သမီးလတ် သူသူ့ကိုမေးတယ်။

"နင်ပဲ နတ်အကြောင်းပြောပါ ပြောပါနဲ့ အခုဖေဖေပြောနေပြီလေ မေးချင်တာမေးပေါ့"

သူသူကလည်း ပြုံးဖြီးဖြီးနဲ့ ပြန်ပြောလေရဲ့။

"အေးဟဲ့ အခုကျတော့လည်း ဘာမေးရမှန်းမသိတော့ဘူး"

"အိမ်သာကိစ္စပြဿနာပြေလည်သွားလို့ မေးစရာမရှိတော့တာဖြစ်မှာပေါ့"

ကျွန်တော်က ဝင်နောက်လိုက်ပါတယ်။

"မဟုတ်ပါဘူးဖေဖေရဲ့။ သူသူမေးမလို့ စဉ်းစားထားတာရှိပါတယ်။ နတ်သမီးလေးတွေက သိပ်လှ တာပဲဆို ဟုတ်လား"

"အင်း...သူသူမေးလိုက်ရင်တော့ ဖြေရအတော်ခက်တာပဲ။ နတ်သမီးလေးတွေ သိပ်လှတယ်လို့တော့ ရှေးစာဆိုကြီးတွေ၊ ပညာရှိကြီးတွေ ရေးတဲ့အထဲပါတယ်။ ဒါပေမယ့် ဖေဖေ စဉ်းစားကြည့်တဲ့အခါကျ တော့ ဖေဖေတို့က လှတယ်လို့သတ်မှတ်ထားတာဟာ လူ့အတွေးလူ့အမြင်နဲ့ သတ်မှတ်တာကိုး။ အမျိုး



သမီးခပ်ချောချောတစ်ယောက်ရဲ့ပုံကို အချွန်အတက် ချပ်ဝတ်တန်ဆာလှလှပပတွေ ဝတ်ပေးပြီး ဆွဲထား တဲ့ ပန်းချီပုံထဲမှာတော့ အတော့်ကိုကြည့်လို့လှတာပေါ့။ တကယ့်နတ်သမီးရဲ့ ရုပ်ပုံကျတော့ ဖေဖေတို့ မမြင်ရတဲ့အခါ အတိအကျပြောဖို့တော့ ခက်တာပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဖေဖေတို့လူတွေထက် နူးညံ့တဲ့အသားမျိုး၊ ဖွံ့စည်းပုံမျိုးနဲ့ဆိုတော့ လှလည်းလှနိုင်ပါတယ်။ တစ်ခုတော့ရှိတယ်။ ဖေဖေတို့မျှော် လင့်ထားသလို နှာတံစင်းစင်း မျက်လုံးမျက်ခုံးကောင်းကောင်းနဲ့မဟုတ်ဘဲ နတ်တွေရဲ့ ထူးခြားတဲ့



"နတ်သမီးလေးတွေက သိပ်လှတာပဲဆို ဟုတ်လား"
"ဖေဖေတို့က လှတယ်လို့ သတ်မှတ်ထားတာဟာ လူ့ အတွေးလူ့အမြင်နဲ့ သတ်မှတ်ထားတာကိုး"

Generated by CamScanner from intsig.com

ကိုယ်ခန္ဓာမျိုးနဲ့ ရုတ်တရက်တွေ့လိုက်ရင်တော့ နတ်သမီးလို့တောင် သိပ်မလားမသိဘူး။ ဘယ်က ဂြိုဟ်သားကြီးပါလိမ့်ဆိုပြီး လန့်ပြီးထွက်ပြေးမှာစိုးရတယ်"

"နတ်သားနတ်သမီးတွေက အကျီအဝတ်အစားဝတ်သလား။ နတ်ပြည်မှာ အပ်ချုပ်ဆိုင်ရှိသလား"

"နတ်သားနတ်သမီးတွေမှာ အကျီအဝတ်အစားတွေရှိကြောင်း ရှေးပညာရှိကြီးတွေ ပြောထားကြပါတယ်။ နတ်ပြည်မှာ အပ်ချုပ်ဆိုင်မလိုဘူးသမီး။ နတ်ဘဝကိုယ်၌က ကောင်းမှုကုသိုလ်ကံကြောင့် ဖြစ်တာဆိုတော့ အဝတ်အစားများလည်း အလိုလိုဖြစ်ပေါ်သွားတယ်။ ဖေဖေတို့လူသားတွေလို ဈေးကနေ ပိုက်ဆံပေး၊ ပိတ်စဝယ်၊ အပ်ချုပ်ဆိုင်မှာချုပ်၊ စုတ်ပြဲရင် အသစ်ထပ်ဝယ် အဲဒီလို အလုပ်တွေ ရှုပ်နေဖို့မလိုဘူး။ ပြီးတော့ နတ်ပြည်မှာက ဖေဖေတို့လူသားတွေလို အလုပ်လုပ်မှစားရတဲ့ဘဝမျိုး၊ ကုန်ပစ္စည်းဖလှယ်ရာမှာ ငွေကိုအဓိကထားရတဲ့စနစ်မျိုးတွေ ရှိတာမှမဟုတ်ဘဲကွယ်။ ဒါပေမဲ့ နတ်တွေရဲ့ အကျီအဝတ်အစားက ဘာနဲ့တူသလဲ။ တက်ထရွန်နဲ့တူသလား၊ ကင်ဗိုအကြေစနဲ့တူသလားဆိုရင်တော့ ဘာနဲ့မှတူမှာမဟုတ်ဘူး။ သူ့သဘာဝနဲ့ကိုက်ညီတဲ့ ပိတ်သားမျိုးဖြစ်မှာပေါ့။ ဖွဟဲ့ မနိုင်းကောင်း နိုင်းကောင်းလို့ပြောပြီးမှ နိုင်းရမယ်ဆိုရင် ငှက်မွေး၊ ကြက်မွေး၊ တိရစ္ဆာန်တွေရဲ့ အမွေးတွေနဲ့ သဘာဝချင်း တူနိုင်တာပေါ့။ အဲဒီလို တိရစ္ဆာန်တွေရဲ့ အမွေးတွေဟာလည်း သဘာဝကပေးတဲ့ အကျီအဝတ်အစားတွေပဲမဟုတ်လား။ နတ်တွေရဲ့ အကျီအဝတ်အစားတွေဟာလည်း ကံကပေးတယ်။ အလိုလိုဖြစ်လာတယ် ဆိုပေမဲ့ သူ့သဘာဝပတ်ဝန်းကျင်နဲ့ ကိုက်ညီအောင် ဖြစ်ပေါ်ရမှာကတော့ သေချာပါတယ်"

ကျွန်တော်က စိတ်ရှည်လက်ရှည်ရှင်းပြတော့ သူသူလည်း ကျေနပ်ပြီးငြိမ်သွားတယ်။

"နင်မေးစရာမရှိသေးရင် ငါမေးမယ်နော်"

တာတာက သူသူ့ဆီက ခွင့်ပြုချက်ယူနေသေးတယ်။ စိတ်ကောင်းရှိနေကြတုန်းတော့ ညီအစ်မတွေ ကြင်နာကြပါတယ်။

"မေးပေါ့"

"ဒီလိုဖေဖေရဲ့။ အခုနိုင်ငံကြီးတွေကနေ ဒုံးပျံကြီးတွေ၊ ကမ္ဘာပတ်ဂြိုဟ်တုတွေ အာကာသထဲပစ်တင်နေတော့ အဲဒီနတ်တွေ ဗြဟ္မာတွေကို မတိုက်မိဘူးလား"

"အင်း...အဲဒါတော့ စဉ်းစားစရာပဲကွဲ့။ သမီးတို့ လွတ်လွတ်လပ်လပ်စဉ်းစားသလို ဖေဖေ့ကိုလည်း လွတ်လွတ်လပ်လပ်စဉ်းစားခွင့်ပေးဦးနော်။ ဖေဖေဒီလိုစဉ်းစားကြည့်တယ်။ နတ်တို့ဗြဟ္မာတို့က လေထုထဲမှာနေတယ်။ သူတို့ကိုယ်ခန္ဓာဟာလည်း ဘွားခနဲဖြစ်တဲ့ ပဋိသန္ဓေမျိုးနဲ့ အလွန်တရာနူးညံ့သိမ်မွေ့တယ်လို့ဆိုထားတယ်။ သူတို့မှာ ဗိမာန်တွေရှိနေတယ်ဆိုပေမဲ့ ဖေဖေတို့လူတွေရဲ့ အိမ်တွေတိုက်တွေနဲ့ တူမှာမဟုတ်ဘူးဆိုတာကတော့ သေချာတယ်။ ဖေဖေတို့ရဲ့ အိမ်တွေတိုက်တွေက သစ်ပင်တွေ၊ မြေကြီးတွေနဲ့ လုပ်ထားတာမဟုတ်လား။ သူတို့ရဲ့ ဗိမာန်ကျတော့ ဆောက်ဖို့တောင်မလိုဘဲ ကုသိုလ်ကံကြောင့် အလိုလိုပေါ်လာတာလို့ဆိုတယ်။ ပြီးတော့ လေထုထဲမှာ ပေါ်တာဆိုတော့ လေလိုပဲ နူးညံ့တဲ့ ဓာတ်မျိုးနဲ့ပဲ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်မှာပေါ့။ ဒုံးပျံတွေတက်တဲ့အခါ လေထုကြီးကို ထိုးခွဲပြီးမှ တက်သွားရတာမဟုတ်လား။ အဲဒီအခါ လေထုကြီးက နေရာဖယ်ပေးသလိုမျိုး အဲဒီဗိမာန်တွေကလည်း ဖယ်ပေးနိုင်တာမျိုးဆိုတော့ တိုက်မိတယ်ဆိုတဲ့ ပြဿနာဘယ်ရှိတော့မလဲ။ ဖေဖေတွေးကြည့်တာ သဘာဝကျရဲ့လား"



"အင်း...ဟုတ်မှာပေါ့၊ ဒုံးပျံဆိုတာလည်း ဒီကမ္ဘာကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် ငယ်ငယ်လေးဖြစ်သွားတော့ လွတ်မှာပါ"

"သူသူလည်း မေးဦးမယ်ဖေဖေ၊ လူ့ဘုံမှာနေတဲ့ နတ်တွေကအများကြီးလား။ ဘယ်လိုလုပ်နေကြသလဲဟင်"

"အများကြီးပဲပေါ့သမီးရဲ့။ သတ္တဝါအနန္တဆိုတဲ့အထဲ နတ်တွေလည်းပါတာပေါ့။ ကိုယ်စောင့်နတ်တွေ၊ အိမ်စောင့်နတ်တွေ၊ တောစောင့်နတ်တွေ၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်တွေ၊ သစ်ပင်ကြီးတွေမှာနေတတ်တဲ့ ရုက္ခစိုးတွေ အများကြီးပေါ့။ နေတာတော့ ကိုယ်နဲ့သက်ဆိုင်တဲ့နေရာတွေမှာ နေကြတာပေါ့။ ကမ္ဘာပေါ်မှာ နေစရာတွေအများကြီးပါပဲသမီးရယ်"

"သူသူ့မှာရော ကိုယ်စောင့်နတ်ရှိသလားဟင်"

"ရှိတာပေါ့၊ လူတိုင်းမှာ ကိုယ်စောင့်နတ်ရှိကြတာပဲ။ လူရယ်လို့ဖြစ်လာရင် ကိုယ်စောင့်နတ်ဆိုတာလည်း အလိုလိုဖြစ်လာတာပေါ့။ လူသေသွားရင် အဲဒီကိုယ်စောင့်နတ်လည်း သူ့တာဝန်ပြီးဆုံးသွားတော့ သူလည်း ဘဝတစ်ပါးကို ပြောင်းသွားတာပေါ့။ ကိုယ့်စောင့်နတ်ဆိုတာ ရိုးရိုးအစောင့်အရှောက်နတ်ပဲ ဆိုတော့ တန်ခိုးလည်း သိပ်ကြီးကြီးမားမားမရှိဘူးပေါ့။ ရှေးလူကြီးသူမတွေ ပြောကြတာတော့ ကိုယ့်မှာ အကျင့်သီလကောင်းမွန်ရင် ကိုယ်စောင့်နတ်လည်း ဂုဏ်သိက္ခာရှိပြီး အရှိန်အဝါတက်လာတာပေါ့ကွယ်။ ဒီအခါ ကိုယ့်မှာ ဘေးအန္တရာယ်ကျရောက်မယ့်အရေးကို ကိုယ်စောင့်နတ်က ကြိုတင်အကာအကွယ်ပေးနိုင်တယ်လို့ ပြောကြတယ်။ အန္တရာယ်ရှိတဲ့လမ်း မသွားမိအောင် ကိုယ်စောင့်နတ်က လွဲဖယ်ပေးတတ်တယ်လို့ ပြောကြတယ်။ ကိုယ်ကျင့်တရားမကောင်းတဲ့လူတွေ၊ မကောင်းမှုတွေ ကျူးလွန်နေတဲ့လူတွေ၊ မကောင်းမှုလုပ်တာတောင် ယုတ်မာတဲ့မကောင်းမှုတွေကို လုပ်တဲ့လူတွေကျတော့ ကိုယ်စောင့်နတ်လည်း ဂုဏ်သိက္ခာကျတာပေါ့။ ဒါကြောင့် တချို့ဆိုးသွမ်းရမ်းကားနေတဲ့လူတွေကိုဆိုရင် လူကြီးတွေက 'ကိုယ်စောင့်နတ်တောင် အနားကပ်မယ့်ကောင်မဟုတ်ဘူး'လို့ ပြောကြတာပေါ့"

"ကိုယ်စောင့်နတ်က ဘာစားသလဲဖေဖေ"

"ဖေဖေကြားဖူးသလောက်တော့ ကိုယ်စောင့်နတ်ဟာ ဘာမှစားဖို့မလိုဘူးတဲ့။ လူ့အငွေ့အသက်နဲ့ပဲ အသက်ဆက်နေတာပေါ့ကွယ်"

"ကိုယ်စောင့်နတ်က နတ်သားလား၊ နတ်သမီးလားဖေဖေ"

"ကိုယ်စောင့်နတ်ကို ယောကျ်ား၊ မိန်းမခွဲပြောတာ ဖေဖေလည်း မကြားဖူးဘူး။ ခွဲလို့မရဘူးနဲ့တူပါတယ်။ ယောကျ်ားကိုစောင့်တာ နတ်သားဖြစ်ပြီး မိန်းမကိုစောင့်တာ နတ်သမီးဖြစ်ချင်ဖြစ်မှာပေါ့"

သူသူက ငြိမ်သွားတော့ တာတာက ဆက်မေးပြန်တယ်။

"ဖေဖေပြောသလိုဆို နတ်တွေမှာလည်း အစားစားတဲ့နတ်နဲ့ မစားတဲ့နတ်ရှိတာပေါ့"

"ဒီလိုတော့မဟုတ်ဘူး။ ဖေဖေကြားဖူးတာက နတ်သုဒ္ဓါအလိုလိုပေါ်လာပြီး စားတဲ့နတ်နဲ့ အငွေ့နဲ့ပဲ အသက်ရှင်တဲ့နတ် အငွေ့စားတဲ့နတ်ပေါ့ကွယ်။ အဲဒီလိုပဲ နှစ်မျိုးကွဲတယ်တဲ့။ နတ်ပြည်ခြောက်ထပ်က နတ်တွေကတော့ ဘုံစဉ်စံနတ်တွေမို့ နတ်သုဒ္ဓါပဲ စားကြတာပေါ့။ လူတွေနေတဲ့ တောတောင်ရေမြေတွေမှာ နေတဲ့နတ်တွေမှာတော့ နတ်သုဒ္ဓါစားတဲ့နတ်တွေနဲ့ အငွေ့ပဲစားတဲ့နတ်ရယ်လို့ နှစ်မျိုးကွဲသတဲ့။ ကိုယ်စောင့်နတ်ဆိုရင် အငွေ့ပဲစားတဲ့သဘောပေါ့။ စားတယ်ဆိုရာမှာလည်း ဖေဖေတို့လို ပါးစပ်ကြီး

Generated by CamScanner from intsig.com

တွေနဲ့ ကောက်စားနေတာမျိုး သွားတွေးလို့မရဘူးနော်။ သူတို့သဘာဝက တစ်မျိုးဆိုတာ စိတ်ထဲမှာ နားလည်ထားရမယ်"

"ဖေဖေ သူသူမေးဦးမယ်။ တီဗွီထဲမှာလေ အခမ်းအနားတွေမှာပါတဲ့ နတ်သားတွေ၊ နတ်သမီးတွေက တကယ့်နတ်အစစ်တွေလားဟင်"

"မဟုတ်ပါဘူး၊ နတ်တွေကတော့ ဒီလိုဝတ်မှာပဲဆိုပြီး ဝတ်စားပြီး လူတွေသရုပ်ဆောင်ထားကြတာပါ"

"ဒါဆို အဲသလိုလုပ်တော့ နတ်တွေက စိတ်မဆိုးဘူးလား"

"ဘာစိတ်ဆိုးစရာရှိသလဲကွယ်၊ သူ့ကို ဘာထိခိုက်တာမှတ်လို့။ တချို့ဇာတ်သဘင်တွေမှာ သိကြားမင်းအခန်းက ဝင်ရောက်ကပြတဲ့သူတွေတောင် ရှိတာပဲ။ သူတို့ကတော့ ကန်တော့ပွဲပေးပြီး လုပ်ကြတယ်"

"သူသူက နတ်နေရာကနေ စဉ်းစားကြည့်တာ၊ ငါတို့လည်းမဟုတ်ဘဲနဲ့ ငါတို့ပုံစံလုပ်ထားတယ်ဆိုပြီး စိတ်ဆိုးမလားလို့"

"ဒီလိုတော့ စိတ်ဆိုးမယ်မထင်ပါဘူး။ ငါတို့ကို အသိအမှတ်ပြုထားတာပဲဆိုပြီး သဘောတောင်ကျဦးမယ်"

သူသူပြီးတော့ တာတာမေးပြန်တယ်။ နတ်အကြောင်းတော့ သူတို့ကြားဖူးနားဝလည်းများတော့ မေးချင်တာများတာပေါ့လေ။

"နတ်တွေထဲမှာ နတ်ကောင်းလည်းရှိသလို နတ်ဆိုးလည်းရှိတယ်ဆို။ နတ်မိစ္ဆာတွေဆိုရင် လူတွေကို ဒုက္ခပေးတတ်တယ်ဆို"

"အဲဒီပြဿနာကတော့ အရှည်ကြီးပြောရတော့မှာပဲ။ တကယ်တော့ လူတွေထဲကနေ ကောင်းမှုကုသိုလ်ပြုခဲ့ကြလို့ ဖြစ်သွားရတဲ့ဘဝ၊ ဘာပဲဖြစ်ဖြစ် လူ့ဘဝထက်တော့ အဆင့်အတန်းမြင့်တာအမှန်ပဲ။ ဘုံစဉ်စံနေတဲ့ နတ်တွေဆိုရင် လူတွေရဲ့ အထက်မှာတောင် သီးခြားနေရာဒေသတွေနဲ့ နေကြတာပဲ။ ပြောချင်တာက တော်ရုံတန်ရုံကိစ္စလောက်နဲ့တော့ လူတွေနဲ့ပတ်သက်ချင်မှာမဟုတ်ပါဘူး။ ဒီတော့ လူတွေကို ဒုက္ခပေးဖို့ဆိုတာ စဉ်းစားမိမယ်တောင်မဟုတ်ပါဘူး။ လူတွေနဲ့ နေရာဒေသအတူတူနေနေကြတဲ့ မြေကြီးပေါ်က နတ်တွေလည်း ကုသိုလ်ကောင်းမှုကံကြောင့် ဖြစ်ခဲ့ရတဲ့နတ်တွေဆိုတော့ သူ့ဘဝနဲ့သူ နေကြရုံပါပဲ။ လူတွေကို ဒုက္ခပေးဖို့ဖြစ်လာရတဲ့ ဘဝတွေတော့မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးတို့စဉ်းစားကြည့်ပေါ့။ ဖေဖေတို့လူတွေတောင် တိရစ္ဆာန်တွေနဲ့ရောနေပြီး တိရစ္ဆာန်တွေကို ဒုက္ခပေးတတ်ကြသေးတယ်မဟုတ်လား။ ဖေဖေပြောချင်တာက အိမ်မှာမွေးထားတဲ့ ခွေးကိုတောင် စိတ်ဆိုးရင်ရိုက်မိကြတာပဲ။ ဒီတော့ လူတွေနဲ့ရောနေတဲ့နတ်တွေလည်း တစ်ခါတလေ အတိုက်အခံဖြစ်တာလေးတွေတော့ ရှိမှာပေါ့။ ဒါလည်း အတော်ရှားမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူနဲ့တိရစ္ဆာန်လောက် နီးစပ်ထိတွေ့နိုင်တဲ့ဘဝမျိုးမှ မဟုတ်ပဲ...။

"ပြီးတော့ ဖေဖေတစ်ခုပြောဦးမယ်။ လူတွေက တိရစ္ဆာန်တွေကို သတ်ဖြတ်စားကြတာကျတော့ လူတွေရဲ့ အစားအစာလည်းဖြစ်တာကိုး။ တိရစ္ဆာန်တွေကိုသတ်ရင် အပြစ်မဖြစ်ဘူးဆိုတဲ့ဘက်ကပြောတာ မဟုတ်ဘူးနော်၊ သဘာဝတရားကိုပြောတာ။ အစာမို့လို့ သတ်စားတာက သဘာဝကျသေးတယ်။ နတ်ရဲ့ အစားအစာက လူမှမဟုတ်ဘဲ။ သတ်ဖို့ ဖြတ်ဖို့လည်း မလိုဘူးလေ။ ဖေဖေပြောချင်တာက နတ်ဟာ



လူတွေကို ဒုက္ခပေးဖို့ အခွင့်အလမ်းသဘာဝမရှိတာကို ပြောတာ...။

"ပြီးတော့ သမီးပြောတဲ့ နတ်မိစ္ဆာဆိုတာ မိစ္ဆာဆိုတဲ့ ပါဠိစကား မြန်မာလိုတော့ မှားနေခြင်းတဲ့။ မြန်မာလိုခေါ်ရင် နတ်မှားပေါ့။ သူက ဘယ်နေရာမှာ မှားနေတာလဲ။ အယူအဆမှားနေတာလား။ လုပ်ပုံကိုင်ပုံမှားနေတာလား။ သူ့ဟာသူ မှားနေတာနဲ့ လူတွေကို ဒုက္ခပေးတယ်ဆိုတာ ဘာဆိုင်လို့လဲ။ ဖေဖေဆိုလိုတာက နတ်နဲ့ပတ်သက်ရင် နတ်ဆိုတာ ကောင်းမှုကုသိုလ်ရဲ့ အကျိုးဆက်ကို ခံစားရတဲ့ဘဝ။ လူ့ဘဝထက်တော့ အဆင့်အတန်းမြင့်တဲ့ဘဝလို့ သမီးတို့ နားလည်ထားစေချင်တယ်။ ကြောက်လန့်နေဖို့မလိုဘူး။ ကိုယ့်ထက်သာတဲ့လူကို လေးစားတဲ့သဘော လေးစားလို့တော့ရတယ်။ ပြီးတော့ ၃၁ဘုံသားပဲ။ ကိုယ့်လိုပဲ သံသရာထဲက မထွက်နိုင်တဲ့ဘဝပဲဆိုတာ သဘောပေါက်ထားရမယ်...။

"အဲဒီလို သဘောပေါက်ပြီးရင် နတ်ကောင်းနတ်ဆိုးရှိသလားဆိုတဲ့ မေးခွန်းကို ဖြေလို့ရပါပြီ။ ဗုဒ္ဓမြတ်စွာဘုရားဟောတဲ့အထဲမှာတော့ ရာဂများတဲ့နတ်၊ ဒေါသများတဲ့နတ်၊ မောဟများတဲ့နတ်၊ ဝိတက်များတဲ့နတ်တွေ ရှိကြတယ်လို့ ပါတာပဲ။ ဒီတော့ သူတို့ဘဝနဲ့သူ နတ်ကောင်းနတ်ဆိုးဆိုတာလည်း ရှိမှာပေါ့။ ဖေဖေတို့လူ့ဘဝက လူကောင်းလူဆိုးခွဲနည်းတွေနဲ့ သွားခွဲလို့တော့ ဘယ်ရမလဲ။ ဒီကိစ္စကို ဖေဖေအရှည်ကြီး ရှင်းပြနေတာက သမီးတို့မှာ ကြောက်တဲ့လန့်တဲ့စိတ်တွေ ဝင်သွားမှာစိုးလို့။ ၃၁ဘုံကို ဖေဖေပြောနေတာ သမီးတို့ကို ခြောက်ဖို့လှန့်ဖို့မဟုတ်ဘူး။ ဗုဒ္ဓမြတ်စွာဘုရားဟောကြားသွားတဲ့ သဘာဝအဖြစ်အပျက်တွေကို သိစေချင်လို့ပြောပြနေတာ။ ၃၁ဘုံကို ပြည့်အောင်ပြောမှာမို့ ငရဲအကြောင်းလည်း ပါဦးမှာပဲ။ အဲဒါတွေကိုပြောပြီး ငရဲနဲ့ခြောက်၊ နတ်ပြည်နဲ့မြှောက်ဖို့မဟုတ်ဘူး။ နတ်ဆိုးတွေ နတ်မိစ္ဆာတွေနဲ့လည်း ခြောက်ဖို့မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တွေရဲ့ သဘောတရားသဘာဝအမှန်အတိုင်း လောကကို ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ရင်ဆိုင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပြောပြနေတာ"

ကျွန်တော်လည်း လေရှည်သွားလို့ နားလိုက်ရသေးတယ်။

သမီးတွေလည်း ခဏငြိမ်နေရာက သူသူက ဆက်မေးတယ်။

"ဖေဖေ နတ်တွေက တန်ခိုးရှိတယ်ဆို။ ဘယ်လိုတန်ခိုးတွေလဲဟင်"

"တန်ခိုးရှိတာပေါ့။ တန်ခိုးဆိုတာ နတ်တွေမှမဟုတ်ပါဘူး။ လူတွေမှာလည်း ရှိကြတာပါပဲ။ တိရစ္ဆာန်တွေမှာလည်း ရှိကြတာပဲ။ ဒါပေမဲ့ သူ့သဘာဝနဲ့သူ၊ သူ့ဘဝနဲ့သူပေါ့။ ငှက်တွေ လေထဲပျံတာလည်း တန်ခိုးပဲပေါ့။ တခြားတိရစ္ဆာန်တွေလုပ်နိုင်လို့လား။ ဒါလည်း ကံကြောင့်ဖြစ်လာတဲ့ တန်ခိုးပေါ့။ **ကမ္မဇိဒ္ဓိ တန်ခိုး**လို့ ခေါ်ကြတယ်။ လူတွေ လေယာဉ်ပျံတွေလုပ်ပြီး လေထဲပျံကြတာ၊ ဒုံးပျံတွေလွှတ်ကြတာလည်း တန်ခိုးပေါ့။ ဒါကိုတော့ တချို့က ဝိဇ္ဇာအတတ်တန်ခိုးလို့ပြောကြတယ်။ သိပ္ပံတန်ခိုးလို့ ပြောရင်လည်း ရတာပါပဲ။ နတ်တွေကျတော့ နဂိုကကို ကောင်းကင်မှာဖြစ်ရတာ။ ကောင်းကင်ခရီးသွားနိုင်တာတွေကြောင့် ကမ္မဇိဒ္ဓိတန်ခိုးရှိပြီးသားပေါ့။ ဒါ့အပြင် မတူတဲ့ ကုသိုလ်ကောင်းမှု၊ မတူတဲ့ နတ်ဘဝ အဆင့်အတန်းတွေအရ မတူတဲ့တန်ခိုးတွေ ရှိကြတာပေါ့။ သိကြားမင်းဆိုရင် ဝရဇိန်လက်နက်ကို သုံးစွဲနိုင်တဲ့တန်ခိုးရှိတယ်လို့ ပြောကြတယ်။ ဝရဇိန်လက်နက်ဆိုတာ မိုးကြိုးလက်နက်ပေါ့။ သဘာဝစွမ်းအားထဲက ကောင်းကင်မှ လျှပ်စစ်ဓာတ်ဖိုဓာတ်မတွေ ထိတွေ့ပြီးဖြစ်လာတဲ့မိုးကြိုးကို သုံးစွဲနိုင်ခွင့်ရှိတယ်လို့ ဆိုလိုတာပေါ့။ ဘာတန်ခိုးပဲဖြစ်ဖြစ် ဒီလောကကြီးထဲမှာ ရှိနေပြီးသား သဘာဝစွမ်းအင် စွမ်းအားတွေကနေ ထွက်လာတာတွေချည်းပါပဲ။ သဘာဝတရားကြီးကို ပြောင်းပြန်လှန်ပြီး ဆန့်ကျင်ပစ်နိုင်တဲ့ တန်ခိုးမျိုး

Generated by CamScanner from intsig.com

တော့ ဘယ် ဥဘုံသားသတ္တဝါတွေဆီမှာမှ မရှိဘူးလို့ ဖေဖေတော့ ယူဆထားတယ်။ ကဲ ဘာမေးစရာရှိသေးလဲ"

သမီးနှစ်ယောက်စလုံး ငြိမ်နေကြတယ်။ မေးစရာတွေစဉ်းစားနေပုံပဲ။ ကလေးတွေ မေးတာဖြေရတာမို့ တော်ပါသေးရဲ့။ ကလေးတွေနဲ့မို့လည်း ကျွန်တော်ဖြေနေတာပါပဲ။ လူကြီးတွေနဲ့ဆိုရင်တော့ ကျမ်းစာအုပ်တွေ ထိုးပေးလိုက်ရုံရှိတာပါ။

တာတာက မေးခွန်းတစ်ခု စဉ်းစားမိသွားပါတယ်။

"လူကြီးတွေပြောတဲ့ နတ်မတယ်၊ နတ်မတယ်ဆိုတာ ဟုတ်သလားဟင်"

"ဘုရားတရားယုံကြည်ကိုးကွယ်ပြီး ဘာသာရေးသာသနာရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေကို နတ်တွေက ကြည်ညိုလေးစားပြီး ကူညီမှု၊ စောင့်ရှောက်မှုတွေလုပ်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ အလကားနေရင်းတော့ လျှောက်မ မနေဘူးပေါ့။ အဲဒီကိစ္စတော့ သမီးတို့သင်ခဲ့ဖူးတဲ့ ဒုတိယတန်း မြန်မာဖတ်စာအုပ်ထဲက ပုံပြင်ကလေးဟာ နမူနာယူစရာကောင်းတယ်။ လှည်းဘီးနွံနစ်နေတဲ့ လှည်းသမားက နတ်ကိုပဲ တိုင်တည်တမ်းတနေတော့ နတ်ကပေါ်လာပြီး ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဟာကိုယ်တွန်းထုတ်ဖို့ပြောတာလေ။ အဲဒီပုံပြင်ဟာ တော်တော်ကောင်းတယ်။ ပြီးတော့ ဘုရားအလောင်း မဟာဇနကမင်းသားရဲ့ဇာတ်လမ်းလည်း သမီးတို့ဖတ်ဖူးနေပြီပဲ။ ဇနကမင်းသားနဲ့မဏိမေခလာနတ်သမီးတို့ စကားပြောကြတာ ဘယ်လောက်ကောင်းသလဲ။ ဒါကြောင့် သမီးတို့လည်း နတ်တွေအကြောင်းသိပြီးတဲ့အခါ နတ်မတာ မမတာကို တွေးမနေဘဲ ကိုယ့်အားကိုယ်ကိုးဖို့ပဲ အရေးကြီးတယ်ဟေ့။ ကဲ မေးစရာမရှိတော့ဘူးမဟုတ်လား"

မေးစရာမရှိလောက်ဘူးထင်ကာမှ တာတာက တစ်ခွန်းမေးထွက်လာပြန်တယ်။

"သမီးတို့ ဗုဒ္ဓဘာသာဝင်တွေမဟုတ်ဘဲ အနောက်နိုင်ငံကလူတွေရော သေရင်နတ်ဖြစ်နိုင်သလားဟင်"

"နတ်ဖြစ်နိုင်ရုံတင် ဘယ်ကမလဲကွယ်။ ဥဘုံမှာ ဘယ်ဘုံ ဘယ်ဘဝကိုမဆို သွားဖြစ်နိုင်တာပေါ့။ မေတ္တာ၊ ကရုဏာစတဲ့ သမထဘာဝနာတရား အားမထုတ်ရင်တော့ ဗြဟ္မာဖြစ်မှာတော့မဟုတ်ဘူးလေ။ ဖေဖေပြောချင်တာ နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲအကုန်ဖြစ်သွားနိုင်တာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားက ဗုဒ္ဓဘာသာဝင်တွေမှ သံသရာလည်တယ်လို့ ဟောခဲ့တာမှမဟုတ်ဘဲ။ ဥဘုံမှာ သံသရာလည်တယ်ဆိုတာ ကမ္ဘာလောကကြီးမှာရှိတဲ့ ဥဘုံသားအားလုံးအတွက် ဟောတာပဲ။ ဒါကို မသိကြတာနဲ့ သိဖူးကြားဖူးတဲ့ လူတွေကလည်း လက်မခံကြတာသာရှိတာကိုး။ အနောက်နိုင်ငံကလူတွေထဲမှာလည်း နတ်ရှိတယ်ဆိုတာတော့ လက်ခံထားကြတဲ့လူတွေရှိတယ်။ သူတို့ကတော့ အဲဒါကို ဝိညာဉ်လောကလို့ သုံးသပ်ထားတယ်။ ဝိညာဉ် (Spirit)လို့ ခေါ်ကြတယ်။ ဗုဒ္ဓဘာသာကို လေ့လာကြရင်တော့ သူတို့လည်း အမြင်ပေါက်သွားနိုင်ပါတယ်"

သမီးနှစ်ယောက်စလုံး ငြိမ်နေကြတယ်။ ကြာရင် တောင်တောင်အီအီမေးခွန်းတွေ ထွက်လာနိုင်တာမို့ ကျွန်တော်ကပဲ အတင်းဖြတ်ပစ်လိုက်ပါတယ်။

"ကဲ…နတ်အကြောင်းတော့ ဒီလောက်ဆိုရပြီထင်တယ်။ မနက်ဖြန်ကျတော့ ဖေဖေလူအကြောင်းဆက်ပြောမယ်နော်"

"လူအကြောင်းတော့ ပြောမနေပါနဲ့။ ဘာထူးလို့လဲ"



သူသူက မဲ့ကာရွဲ့ကာ ပြန်ပြောတော့ တာတာက ဝင်ထောက်ပါတယ်။

"အံမယ်…နင်က လူအကြောင်း ဘယ်လောက်သိလို့လဲ"

"သိတာပေါ့၊ ငါကလူပဲဟာ"

ကျွန်တော်က ရယ်ရယ်မောမောဝင်ဖျန်ဖြေရပါတယ်။

"ဖေဖေကလည်း နောက်တာပါ။ လူနဲ့ဆက်စပ်ပြီး အပါယ်လေးဘုံက တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲတွေအကြောင်း ပြောသွားမှာပါ"

♥

## အခန်း ၆

# လူနဲ့ အပါယ် ၄ ဘုံ

သမီးအငယ်ဆုံးဂျူဂျူက ကျွန်တော်တို့ရဲ့ ၃၁ဘုံစကားဝိုင်းထဲမှာမပါတာ အတော်ကြာပါပြီ။ သူ့ဟာသူပဲ သွားဆော့နေတာများပါတယ်။ အလတ်နဲ့အကြီးကတော့ ဖွဲကောင်းပါတယ်။ အချိန်တန်တာနဲ့ ကျွန်တော့်အနားရောက်လာတော့တာပဲ။

"ဒီနေ့တော့ လူနဲ့အပါယ်လေးဘုံအကြောင်းရောပြီး ပြောပြမယ်။ လူအကြောင်းကတော့ ပြောမယ်ဆိုရင် အများကြီးကျယ်ဝန်းတာပေါ့။ မနေ့ကတာတာက သူသူ့ကို လူအကြောင်း နင်ကဘယ်လောက်သိလို့လဲလို့ ပြောလိုက်တာမှန်ပါတယ်။ တကယ်တမ်း လူနဲ့ပတ်သက်တာကို ပြောမယ်ဆိုရင် အများကြီးပေါ့။ ဒါပေမဲ့ ဖေဖေတို့က ၃၁ဘုံသံသရာကိုပဲ အဓိကထားပြောနေတာဆိုတော့ တခြားအကြောင်းတွေမပြောတော့ပါဘူး။ ၃၁ဘုံသံသရာထဲမှာလည်း လူကအရင်စဖြစ်တာလား၊ နတ်က အရင်စဖြစ်တာလား၊ ဗြဟ္မာက အရင်စဖြစ်တာလား၊ တိရစ္ဆာန်က အရင်စဖြစ်တာလား ဆိုတာလည်း မစဉ်းစားတော့ဘူးလို့ အစကတည်းက ပြောထားပြီပဲ။ ၃၁ဘုံထဲက သံသရာလည်နေရတဲ့ဘဝတွေကိုသာ ဆက်လေ့လာကြတာပေါ့ကွာ။

"ဒါပေမဲ့ လူ့အကြောင်းကို နည်းနည်းတော့ပြောလိုက်ဦးမယ်ကွယ့်။ လူ့ဘဝဟာ ၃၁ဘုံထဲမှာတော့ အတော်အခြေခံကျတဲ့ ဘုံဘဝတစ်ခုပေါ့ကွယ်။ လူ့ဘဝမှာသာ ကောင်းမှု မကောင်းမှုတွေကို ပေါ်လွင်လေးနက်အောင် လုပ်နိုင်ကြတယ်။ ဘုရားအဆူဆူပွင့်ခဲ့ရာမှာ အဲဒီဘုရားတွေဟာ ဖြစ်လေရာဘဝမှာ ပါရမီဖြည့်ခဲ့ပေမဲ့ တကယ်တမ်း ထိရောက်တဲ့ပါရမီတွေကိုတော့ လူ့ဘဝမှာပဲ ဖြည့်ကြရတာပဲ။ ပါရမီဆိုတာ မြင့်မြတ်သူတို့ရဲ့ ကောင်းမှုအလုပ်လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။ **ကိုယ်ကျိုးကို ပဓာနမထား**



**ဘဲ သူတစ်ပါးရဲ့ကောင်းကျိုးကို ဆောင်ရွက်တာ၊ သံသရာမှလွတ်ဖို့ ရည်မှန်းပြီးဆောင်ရွက်တာကို 'ကောင်းမှုပါရမီ'လို့ ခေါ်တယ်။** ပါရမီဖြည့်တယ်ဆိုတာ အဲဒီကောင်းမှုအလုပ်တွေကို ထပ်ကာထပ်ကာ လုပ်တာပေါ့။ ပြီးတော့ ဘုရားဖြစ်ဖို့ဆိုရင် လူ့ဘဝကမှဖြစ်နိုင်တာ။ ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲပေါ်တဲ့ နူးညံ့တဲ့ကိုယ်ခန္ဓာပိုင်ရှင်တွေဖြစ်တဲ့ နတ်၊ ဗြဟ္မာတွေဟာ ဘုရားမဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်သဘော ဓာတ်သဘောတွေပေါ့။ ရုပ်တွေဓာတ်တွေရဲ့ လျှို့ဝှက်နက်နဲတဲ့ သဘောတရားတွေနဲ့ ဆိုင်တယ်။ ဖေဖေပြောချင်တာကတော့ လူ့ဘဝမှာ အဲဒီလိုကြီးမြတ်တဲ့အချက်တွေ ရှိတယ်ဆိုတာ ပြောပြချင်တာပဲ"

"ဖေဖေပြောသလိုဆိုရင် လူ့ဘဝကလည်း နတ်၊ ဗြဟ္မာဘဝတွေထက် သာတဲ့အချက်တွေရှိတယ်နော်"

"ဒါပေါ့၊ လူပျင်းတွေအတွက်တော့ မဆိုလိုဘူးပေါ့ကွယ်။ လူ့ဘဝရဲ့ ကြီးမြတ်တဲ့အချက်အလက်တွေကို သဘောပေါက်ရင် ကိုယ့်ဘဝကို ထိန်းကျောင်းတဲ့နေရာမှာ နတ်ဗြဟ္မာတွေထက်တောင် သာတာပေါ့။ ဒါကြောင့် 'လူမင်းဘုန်းကြီး နတ်မင်းမနေသာ'ဆိုတဲ့ ရှေးလူကြီးစကားတွေ ရှိနေတာပေါ့။ ဖေဖေက သမီးတို့ကို ၃၁ဘုံထဲမှာ လူဖြစ်ရတာ ဂုဏ်မငယ်ပါဘူးလို့ ပြောချင်တာပါ။ ပြီးတော့ ရခဲတဲ့လူ့ဘဝ ရတုန်းအကျိုးရှိရှိ နေတတ်ကြစေချင်လို့ပေါ့ကွာ"

လူနဲ့ပတ်သက်လို့ ဒီလောက်ပဲ မိတ်ဆက်လိုက်ပြီး ကျွန်တော်ဟာ အပါယ်လေးဘုံကို ဆက်ပြောပြလိုက်ပါတယ်။

"အပါယ်လေးဘုံသားသတ္တဝါတွေဟာ ဘာတွေဆိုတာ ဖေဖေပြောပြပြီးပြီ။ တိရစ္ဆာန်ဘဝတော့ သမီးတို့လည်း တွေ့မြင်နေကြတာပဲ။ ကမ္ဘာပေါ်မှာ နည်းတဲ့တိရစ္ဆာန်တွေမှမဟုတ်ဘဲကွယ်။ ပုရွက်ဆိတ်တို့၊ ခြတို့၊ ခြင်တို့လိုအငယ်စားတွေကစပြီး ဆင်တို့၊ ကြံ့တို့လို အကြီးကြီးတွေအထိ အများကြီးရှိတာပဲ။ ရေထဲမှာ၊ လေထဲမှာလည်း တိရစ္ဆာန်တွေအများကြီး။ အဲဒီတိရစ္ဆာန်တွေကတော့ ဖေဖေပြောပြထားတဲ့ ပဋိသန္ဓေလေးမျိုးထဲက သံသေဒဇပဋိသန္ဓေ၊ အဏ္ဍဇပဋိသန္ဓေ၊ ဇလာဗုဇပဋိသန္ဓေ သုံးမျိုးလုံးနဲ့ ဖြစ်လာတတ်ကြတာပေါ့။ တစ်ခုခုကိုတွယ်မှီပြီး ဖြစ်လာနိုင်တယ်။ ဥကပေါက်တာမျိုးဖြစ်မယ်။ မိခင်ရဲ့ ဗိုက်ထဲကနေ အကောင်လိုက်မွေးလာရတာတွေရှိမယ်။ တိရစ္ဆာန်အကြောင်းတော့ ဖေဖေ အကျယ်ကြီးရှင်းပြနေဖို့ မလိုတော့ပါဘူး"

"တိရစ္ဆာန်ဘဝကနေ နတ်ဘဝကူးပြောင်းသွားတာမျိုး ရှိသလားဖေဖေ"

တာတာက ဝင်မေးပါတယ်။ သူမေးတဲ့မေးခွန်းလည်း သင့်တော်ပါတယ်း

"ရှိတာပေါ့ကွယ်၊ ၃၁ဘုံသားသတ္တဝါတွေ သံသရာထဲမှာ လည်နေတယ်ဆိုတာ တစ်၊ နှစ်၊ သုံး၊ လေးဆိုတဲ့ နံပါတ်စဉ်မျိုးနဲ့ တစ်ပြီးရင် နှစ်၊ နှစ်ပြီးရင်သုံးဆိုပြီး လည်နေတာမှမဟုတ်ဘဲ။ ကံအကျိုးပေးအတိုင်း ဖြစ်ပျက်နေတာဆိုတော့ တိရစ္ဆာန်လည်း သေသွားရင် နတ်တို့ လူတို့ ဖြစ်နိုင်တယ်ဆိုတာ ဖေဖေပြောခဲ့ပြီလေ။ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်က ဖားကလေးတစ်ကောင်ဟာ မြတ်စွာဘုရားတရားဟောနေတာကို အသံနားထောင်လို့ကောင်းတယ်ဆိုပြီး အဓိပ္ပာယ်မသိဘာမသိ နားထောင်နေတုန်း နွားကျောင်းသားက တုတ်နဲ့ထောက်မိလို့ သေသွားတယ်တဲ့။ အဲဒီအခါ တရားနာတုန်း သေသွားတဲ့ကံကြောင့် နတ်ပြည်မှာ နတ်သားသွားဖြစ်သတဲ့။ ဒါပေမဲ့ကွယ် ဒါမျိုးက ဖြစ်တောင့်ဖြစ်ခဲပေါ့။ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူတာက အပါယ်ကို တစ်ကြိမ်ရောက်ပြီးရင် လူ့ဘဝကိုရဖို့က အတော်

Generated by CamScanner from intsig.com

ခဲယဉ်းသတဲ့။ တိရစ္ဆာန်လောကလည်း ကြည့်လေ။ ကြီးနိုင်ငယ်ညှဉ်း၊ သတ်ဖြတ်ခြင်းတွေနဲ့ပဲ လုံးလည်လိုက်နေတာမဟုတ်လား။ ကုသိုလ်ကောင်းမှု လုပ်ဖို့ဖြစ်ဖို့ဆိုတာ အခွင့်အလမ်းအတော်နည်းတာကိုး"

"ဖေဖေ သမီးသူငယ်ချင်းတွေပြောတာက တချို့တိရစ္ဆာန်တွေကို ပြိတ္တာတွေလို့ခေါ်တာဆို။ ပြိတ္တာသတ်သတ်ရှိသလား"

"တိရစ္ဆာန်က တိရစ္ဆာန်၊ ပြိတ္တာက ပြိတ္တာပေါ့ကွဲ့။ တခြားစီပါ။ တိရစ္ဆာန်က ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲဖြစ်တဲ့ အမျိုးမှမဟုတ်တာ။ ပြိတ္တာက ဘွားခနဲမွေးဖွားလာတဲ့ ဘဝလေ။ သာမန်မျက်စိနဲ့လည်း မြင်နိုင်တာမှမဟုတ်ဘဲ"

"ဖေဖေ ပြိတ္တာဆိုတာ အပါယ်လေးဘုံထဲက မဟုတ်လား။ ဘာဖြစ်လို့ သူတို့က နတ်တွေ၊ ဗြဟ္မာတွေလို ဘွားခနဲပေါ်တဲ့ ပဋိသန္ဓေမျိုး ဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ နတ်တွေနဲ့ သွားတူနေရတာလဲ"

"အပါယ်လေးဘုံထဲမှာ တိရစ္ဆာန်ကလွဲရင် ဘွားခနဲဖြစ်တဲ့ အမျိုးတွေချည်းပေါ့ကွယ်။ ဘာဖြစ်လို့ ဖြစ်ရတာလဲဆိုတော့ သူ့ဘဝ၊ သူ့ပတ်ဝန်းကျင်အရပေါ့။ တာတာမေးတဲ့မေးခွန်းက ရောဂါပိုးက ဘာဖြစ်လို့ မျက်စိနဲ့မမြင်ရအောင် သေးငယ်နေတာလဲလို့ မေးသလိုဖြစ်နေပြီ။ ရောဂါပိုးအဖို့ကတော့ အဲဒီလောက်သေးမှ လူ့ကိုယ်ခန္ဓာထဲက သွေးကြောတွေထဲ ဝင်လို့ရမှာကိုး။ ဆင်လောက်ကြီးနေရင် လူတွေက မြင်တာနဲ့ ထွက်ပြေးနေမှာပေါ့။ သူ့ဘဝနဲ့သူ့အကြောင်း ကိုက်ညီတဲ့အရွယ်အစား ပုံသဏ္ဌာန်တွေ ဖြစ်နေတာပေါ့။ ပြိတ္တာဆိုတာလည်း ဒုက္ခဆင်းရဲခံရဖို့ မကောင်းမှုကုသိုလ်ရဲ့ အကျိုးဆက်ဘဝဆိုတော့ အဲဒီလိုမျက်စိနဲ့မမြင်ရတဲ့ ရုပ်ခန္ဓာမျိုးနဲ့ လူတွေ၊ တိရစ္ဆာန်တွေနဲ့ မတူခြားနားဖြစ်သွားရတာပေါ့။ နတ်ဗြဟ္မာတွေနဲ့ ပဋိသန္ဓေချင်းတူပေမယ့် အကျိုးပေးချင်းက လုံးဝဆန့်ကျင်ဘက်ပဲလေ။ ဖေဖေတို့လူတွေနဲ့ ခွေးတွေလည်း အမေ့ဗိုက်ထဲက အကောင်လိုက်မွေးထုတ်တာချင်းအတူတူပဲလေ။ ဒါပေမဲ့ လူကလူ၊ ခွေးကခွေး မဟုတ်လား"

"တချို့ကလည်း ပြိတ္တာဆိုတာ ပါတိတ်လို့ ပြောတာပဲ။ ထဘီစကြီးဖြစ်သွားတာပေါ့နော်"

သူသူဝင်ပြောလိုက်မှ ကျွန်တော်တို့ ရယ်ကြရပါတယ်။

"ဒါကတော့ နောက်ပြောကြတာပါ။ ပြိတ္တာဆိုတာ 'ပေတ'ဆိုတဲ့ ပါဠိစကားကနေ ဆင်းသက်လာတဲ့ စကားပေါ့။ မြန်မာလိုတော့ ချမ်းသာကင်းဝေးတဲ့အရပ်ကို ရောက်နေတဲ့သတ္တဝါပဲ။ တချို့ကလည်း ပြိတ္တာနတ်တွေ၊ ပြိတ္တာနတ်တွေလို့ သုံးကြတယ်။ အဲဒီအသုံးအနှုန်းကတော့ လွဲနေတယ်ကွဲ့။ ပြိတ္တာက ပြိတ္တာ၊ နတ်ကနတ်ပဲ။ ပြိတ္တာဆိုတာ မကောင်းမှုအကုသိုလ်ရဲ့ အကျိုးဆက်ဘဝ။ နတ်ဆိုတာ ကောင်းမှုကုသိုလ်ရဲ့ အကျိုးဆက်ဘဝ။ ဒီဘဝနှစ်ခုဟာ လုံးဝဆန့်ကျင်ဘက်ဖြစ်လို့ ရောသုံးလို့မရဘူး။ အဲ...ပြိတ္တာနဲ့ နည်းနည်းရောထွေးနေတာက အသူရကာယ်ပဲ။ အသူရကာယ်ဆိုတာလည်း ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲပေါ်တဲ့ အမျိုးအစား။ ပြီးတော့ ဒီကမ္ဘာမြေပြင်ပေါ်မှာပဲ နေတာ။ ပြီးတော့ ဆင်းရဲဒုက္ခကြီးစိုးရာ အပါယ်ဘုံသားလည်း ဖြစ်ပြန်ဆိုတော့ ပြိတ္တာနဲ့ဘဝချင်း သိပ်မကွာဘူးပေါ့။ ဒီတော့လည်း ရောထွေးနိုင်တာပေါ့။ ဒါကြောင့်လည်း တချို့ကျမ်းတွေက အသူရကာယ်ကိုလည်း ပြိတ္တာစာရင်းထဲသွင်းလိုက်ပြီး အပါယ်လေးဘုံလို့မပြတော့ဘဲ အပါယ်သုံးဘုံလို့ပြသတဲ့။ ဒါဆိုတော့ ၃၁ဘုံသံသရာလို့ ခေါ်လို့မရတော့ဘဲ ဘုံ၃၀သံသရာဖြစ်သွားမှာပေါ့။ အသူရကာယ်ဆိုတာလည်း ပြိတ္တာနဲ့ နည်းနည်းကွဲလို့ ခွဲထားတာဖြစ်မှာပေါ့။ အသူရကာယ်ဆိုတာလည်း ပါဠိစကားက ယူထားတဲ့စကားလုံးပေါ့။ မြန်မာလိုတော့ နတ်



တွေလို ချမ်းချမ်းသာသာလည်း မခံစားရ၊ ပျော်စရာလည်းမရှိ၊ ကိုယ်ရောင်ကိုယ်ဝါလည်းမရှိတဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ သတ္တဝါလို့ အဓိပ္ပာယ်ရတာပေါ့"

"အဲဒီပြိတ္တာတွေ၊ အသူရကာယ်တွေက ဘာစားပြီး အသက်ရှင်နေကြသလဲဖေဖေ"

"အပါယ်ဘုံသားဆိုတော့ အစားအသောက်ကိုက ဆင်းရဲနေတော့တာပေါ့ကွယ်။ မကောင်းမှုအကုသိုလ်ကံရဲ့ အကျိုးဆက်ဘဝဆိုတော့ လူတွေလို ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေစားလို့လည်းမရ။ ဘဝကိုက အကန့်အသတ်ခံနေရတာကိုး။ တိရစ္ဆာန်ဘဝထက်တောင် နိမ့်ကျသေးတာကိုးကွဲ့။ တိရစ္ဆာန်ကမှ ကိုယ့်ဟာကိုယ် ရှာစားလို့ရသေးတယ်။ တချို့ပြိတ္တာဆိုရင် ပြိတ္တာဖြစ်ပြီး ပြိတ္တာဘဝကနေ ကျွတ်တဲ့အထိ (သေတဲ့အထိ) ဘာမှမစားရဘူးတဲ့။ ဆာလောင်တဲ့ဝေဒနာကို တကြုတ်ကြုတ်ခံစားရင်းနဲ့ပဲ ဘဝဆုံးသွားရတာပေါ့ကွယ်"

"ပြိတ္တာအဖို့တော့ သေတာက ဒုက္ခကလွတ်တာပေါ့နော်"

"ပြိတ္တာဒုက္ခကတော့ လွတ်တာပေါ့ကွယ်။ တံရစ္ဆာန်သွားဖြစ်ရင တိရစ္ဆာန်ဒုက္ခသွားခံရဦးမှာပါ။ ဗုဒ္ဓမြတ်စွာဘုရားရဲ့အလိုအရတော့ ၃၁ဘုံထဲဖြစ်သမျှ သံသရာလည်နေရခြင်းဒုက္ခပဲလေ"

"ပြိတ္တာတွေက အသက်ဘယ်လောက်ရှည်သလဲဟင်"

"ပြိတ္တာတို့၊ အသူရကာယ်တို့၊ ငရဲတို့မှာ သက်တမ်းအတိအကျမရှိဘူးကွဲ့။ မကောင်းမှုအကုသိုလ်ကံအနည်းအများအပေါ် မူတည်တာပေါ့။ သဘောပြော ် မကောင်းမှုလုပ်ခဲ့တာနည်းရင် ခံရလှ တစ်ရက်နှစ်ရက်ပေါ့။ များရင်တော့ များသလောက် အကြာကြီးနေရမှာပေါ့ကွယ်။ မကောင်းတာလုပ်ခဲ့မှုအပေါ်မှာ ဖြစ်လာရတဲ့ဘဝဆိုတော့ မကောင်းမှုအရှိန်ကုန်တာနဲ့ အဲဒီဘဝလည်း ကုန်ဆုံးသွားတာပေါ့"

"ပြိတ္တာတွေလည်း အများကြီးပဲလားဖေဖေ"

"အများကြီးဖြစ်မှာပေါ့ဟ။ စကြဝဠာအနန္တ၊ သတ္တဝါအနန္တပါဆို"

သူသူကမေးတာကို တာတာက ဝင်ဖြေလိုက်တယ်။ တာတာဖြေတာမှန်နေပေမဲ့လည်း သူသူက သဘောမကျပါဘူး။ ဒါတော့ သဘာဝကျပါတယ်။ လူဆိုတာလည်း ကိုယ့်ထက်ကြီးတဲ့လူကပြောမှ သဘောကျတာမဟုတ်လား။

"ငါက ဖေဖေ့ကိုမေးတာ၊ နင့်ကိုမေးတာလည်းမဟုတ်ဘဲနဲ့"

"တာတာပြောတာ ဟုတ်တယ်မဟုတ်လားဖေဖေ"

"ဟုတ်ပါတယ်"

တာတာက လက်မထောင်ပြတော့ သူသူက မဲ့ပြတယ်။

"ပြီးတော့ ပြိတ္တာကြီးတွေထဲမှာလည်း မတူတဲ့မကောင်းမှုတွေအလိုက် မတူတဲ့ပြိတ္တာအမျိုးအစားတွေကွဲသွားတာပေါ့။ နာမည်တွေတော့ လျှောက်ပြောမနေတော့ပါဘူး။ ပါဠိလိုတွေဆိုတော့ သမီးတို့လည်း မှတ်မိမှာမဟုတ်ဘူး။ မှတ်ထားချင်ရင်တော့ နောက်မှ စာအုပ်ထဲမှာ ဖေဖေရေးပေးမယ်။ ဖေဖေလည်း စာအုပ်ထဲကနေပဲ ကူးရေးပေးရမှာပဲ။ ဖေဖေ့ခေါင်းထဲ မှတ်မထားပါဘူး။ နာမည်တွေက မှတ်ထားဖို့လည်း သိပ်မလိုဘူးမဟုတ်လား။ ဒီလိုသတ္တဝါတွေ ရှိနေတယ်ဆိုတာသိနေရင် ပြီးတာပဲ။ စကားစပ်မိတုန်း ပြောထားရဦးမယ်။ သမီးတို့ကြားဖူးတဲ့ တစ္ဆေတို့၊ သရဲတို့၊ သဘက်တို့ဆိုတာလည်း အဲဒီပြိတ္တာဘဝတွေကို လူတွေကခေါ်နေကြတာ။ တချို့ဆိုရင် ဖုတ်ကြီးလေးဆယ်တို့ဘာတို့ဆိုပြီး လူတွေက

သတ်မှတ်ထားတာရှိသေးတယ်။ လူတချို့က အယူလွဲနေကြတာရှိသေးတယ်။ လူသေရင် လူကိုယ်ကနေ ဝိညာဉ်ကောင်အဖြစ်နဲ့ လေလွင့်နေတယ်တဲ့။ ခုနစ်ရက်လည်လို့ ဆွမ်းသွတ်လိုက်မှ ကျွတ်သွားပြီး ဘဝတစ်ခုခုမှာ သွားဖြစ်တယ်တဲ့။ အဲဒါ အယူလွဲနေတာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်နဲ့ လွဲနေတာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားက ဟောတဲ့အထဲမှာ တစ်ဘဝနဲ့ တစ်ဘဝကူးတာ လုံးဝအကြားမရှိဘူးလို့ ဟောထားတာပဲ။ တစ်မိနစ် တစ်စက္ကန့်တောင် မခြားဘူးလို့ ဆိုလိုတဲ့ သဘောပေါ့။ ဝိညာဉ်ကောင်ဆိုတာလည်း ရှိမှမရှိတာဘဲ...။

"ပြီးတော့ အဲဒီလို အယူလွဲရုံတင်မကဘဲ လူသေရင် သရဲဖြစ်ပြီး ခြောက်တယ်၊ လှန့်တယ်လို့ ပြောနေကြတော့ လူသေတယ်ဆိုရင်ပဲ ကြောက်လန့်နေကြတာပေါ့။ ဒီလိုအယူအဆတွေဟာ ပြောရရင် ခေတ်နောက်ကျတဲ့ အယူအဆတွေပဲလေ။ ဗုဒ္ဓဘာသာအယူအဆဆိုတာက ဒီလိုမှမဟုတ်ဘဲ။ လူသေတယ်ဆိုတာ ဘဝတစ်ပါးပြောင်းသွားတာ။ ကောင်းတဲ့ကုသိုလ်ကံတွေရှိခဲ့ရင် နတ်ဖြစ်မယ်၊ လူပြန်ဖြစ်ချင်ဖြစ်မယ်။ မကောင်းတဲ့အကုသိုလ်ကံတွေရှိခဲ့ရင် အပါယ်လေးဘုံမှာဖြစ်မယ်။ ဒီလိုနားလည်ထားရမှာပေါ့။ ပြီးတော့ အပါယ်လေးဘုံသားသတ္တဝါတွေကို ကြောက်ရမှာမဟုတ်ဘူးကွ၊ အဲဒီလိုဘဝမျိုး ရောက်သွားမှာကိုသာ ကြောက်ရမှာ"

"ဒါဆို အဲဒီပြိတ္တာတွေက ခြောက်တတ်သလားဟင်"

"လူတွေကို ခြောက်ဖို့လှန့်ဖို့တာဝန်ကြီးနဲ့ သူတို့ပြိတ္တာဖြစ်သွားကြတာမှမဟုတ်ဘဲ။ သူ့ဘဝသူ့အကြောင်းနဲ့ ဖြစ်သွားကြရတာ။ ဒါပေမဲ့ သူတို့ကို မမျှော်လင့်ဘဲ မြင်မိတွေ့မိတဲ့လူတွေ ရှိချင်ရှိမှာပေါ့။ အဲဒီလိုမြင်တဲ့အခါ ကြောက်လန့်သွားတာဖြစ်မှာပေါ့။ တကယ်တော့ တွေးကြည့်လိုက်ရင် သူတို့ဘဝဟာ သနားဖို့ကောင်းပါတယ်။ ဪ...တစ်ချိန်က မကောင်းမှုတွေပြုခဲ့လို့ ဒီလိုဘဝမျိုးဖြစ်နေရတာပါလားဆိုပြီး တရားကျဖို့ပဲကောင်းတာပေါ့။ အဲဒီတော့ မင်းတို့ ကောင်းမှုကုသိုလ်နည်းခဲ့လို့ ဒီလိုဖြစ်ရတာ။ ငါပြုသမျှ ကုသိုလ်တွေကိုခွဲဝေပြီး အမျှပေးပါတယ်ကွာဆိုပြီး မေတ္တာပို့၊ အမျှဝေဖို့ သင့်တာပေါ့"

"ဖေဖေ သရဲခြောက်ခံရဖူးသလားဟင်"

"လူတွေ စိတ်ကူးယဉ်ပြီးပြောနေတဲ့ သရဲဆိုတာမျိုးက ရှိမှမရှိဘဲသမီးရယ်။ အခြောက်မခံရဖူးပါဘူး။ ပြိတ္တာကို သရဲလို့ခေါ်နေတဲ့ ပြိတ္တာမျိုးကို မြင်ဖူးသလားဆိုရင်လည်း မမြင်ဖူးသေးပါဘူး။ မြင်ရင်လည်း ဖေဖေမကြောက်ပါဘူး။ နံပါတ်တစ်က မြင်ဖူးတယ်ဆိုတဲ့ အတွေ့အကြုံရှိသွားတာပေါ့။ နံပါတ်နှစ်က သူလည်း ၃၁ ဘုံသားသတ္တဝါတစ်မျိုးပဲ၊ သူလိုကိုယ်လိုပဲဆိုတဲ့ စိတ်မွေးပြီး မေတ္တာနဲ့အမျှဝေလိုက်ရုံရှိတာပေါ့။ သမီးတို့လည်း အဲဒီလိုစိတ်မျိုးမွေးနိုင်ရမယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ တစ္ဆေ၊ သရဲ မကြောက်ဘူးဆိုတာ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ထားလို့ မကြောက်တာဖြစ်ရုံမက ခွဲခြမ်းစိတ်ဖြာတတ်တဲ့ အသိဉာဏ်နဲ့လည်း ခွဲခြမ်းစိတ်ဖြာပြီး မကြောက်တာဖြစ်ရမယ်။ ၃၁ဘုံသားတွေအချင်းချင်းအပေါ် မေတ္တာထားဖို့လိုတယ်"

"ဖေဖေ ဘီလူးဆိုတာရော ဘယ်ဘုံကလဲဟင်"

တစ္ဆေ၊ သရဲဆိုတဲ့စကားကြားရတော့ တာတာက ဘီလူးကို သွားသတိရတယ်နဲ့တူပါတယ်။

"ဘီလူးဆိုတာ လူပဲပေါ့ကွယ်။ လူကြမ်းလူရိုင်းကြီးပေါ့"

"လူသားစားတယ်ဆိုတာ ဟုတ်သလားဖေဖေ"



"အပါယ်လေးဘုံသား၊ သတ္တဝါတွေကို
ကြောက်ရမှာ မဟုတ်ဘူးကွ၊
အဲဒီလိုဘဝမျိုး ရောက်သွားမှာကိုသာ
ကြောက်ရမှာ"



"လူကြမ်းလူရိုင်းကြီးဆိုတော့ ဘာအသားမှရှောင်မှာမဟုတ်ဘူးပေါ့ကွာ။ ဒီနေ့ခေတ်ကြီးထဲကတော့ အဲဒီလို ဘီလူးမျိုးရှိတယ်လို့တောင် မကြားမိတော့ပါဘူး"

"နတ်ဘီလူးကျတော့ရောဖေဖေ။ နတ်ဘီလူးဆိုတာ ရှိသလား"

"ဖေဖေပြောပြီးပြီပဲ။ နတ်တွေမှာလည်း စရိုက်အမျိုးမျိုးရှိတော့ စိတ်ကြမ်းကိုယ်ကြမ်း နတ်ဘီလူးလည်းရှိမှာပေါ့။ ဗုဒ္ဓမြတ်စွာဘုရားဟောကြားတဲ့အထဲမှာ ဒီလိုနတ်ဘီလူးတွေများ လူတွေကို နှောင့်ယှက်ခဲ့ရင် နတ်မင်းကြီးတွေကို တိုင်တည်ပြီး တိုင်တန်းပြောဆိုသင့်တယ်လို့ပါတာပဲ"

"ဖေဖေက မကြောက်ပါနဲ့ပြောလည်း အဲဒါတွေရှိတယ်သိထားတော့ ကြောက်တာပေါ့။ အဲဒါမျိုးတွေ မရှိမှန်းသိထားရင်ကောင်းမှာပဲ။ မပြောဘဲထားရင် ကောင်းမှာ"

တာတာက ကြက်သီးထပြီးပြောလာတယ်။

Generated by CamScanner from intsig.com

"ဒီလိုရှိတယ်သမီးရဲ့၊အသိဉာဏ်မရှိလို့ မကြောက်တာမျိုးဟာ သဘာဝမကျဘူး၊ နည်းလမ်းလည်း မမှန်ဘူး။ သူက မသိလို့သာ မကြောက်တာကိုး။ သိလည်းသိရော သူ့ထက်ကြောက်တဲ့လူ ဒီကမ္ဘာပေါ်မှာ ရှာမတွေ့ဘူးဖြစ်သွားမယ်။ မြန်မာ့ရိုးရာဟာသပုံပြင်တစ်ခုထဲကလို ဖြစ်နေဦးမယ်။ အရက်မူးသမားတစ်ယောက်ဟာ ရွာထဲမှာ သူ့ထက်မိုက်တဲ့လူမရှိဘူးထင်လို့ "လူမိုက်ကို ရှာသလေလေ့ လူမိုက်ကို ရှာသလေလေ့" ဆိုပြီး လိုက်အော်နေတယ်တဲ့။ ကြာတော့ မခံမရပ်နိုင်တဲ့ လူတစ်ယောက်က ဓားဆွဲပြီး "ဒီမှာလူမိုက်ကွ၊ ဘာလုပ်ချင်လို့လဲ"လို့မေးလိုက်တော့ "လူမိုက်ကို ရှောင်သလေလေ့၊ လူမိုက်ကို ရှောင်သလေလေ့"ဆိုပြီး ထွက်ပြေးသွားရောတဲ့…

"ဖေဖေ့သဘောအရတော့ လောကကြီးမှာ ဒါတွေ ဒါတွေရှိတယ်။ ဒါတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းရမယ်ဆိုတာ သမီးတို့ကို ပြောပြထားသင့်တယ်လို့ ယူဆတယ်။ ဥပမာပြောရရင် အမှန်အတိုင်းသိရင်ကြောက်သွားမှာစိုးပြီး လူတွေဟာ လူကောင်းတွေချည်းပဲသမီးရယ် လူဆိုးတွေတစ်ယောက်မှမရှိပါဘူးလို့ လိမ်ညာပြောခဲ့တယ်ဆိုပါစို့။ ဖေဖေပြောတာယုံပြီး သမီးတို့မကြောက်တော့ဘူး။ သတိလည်းမထားတော့ဘူး။ ဒီတော့ ဘတ်စ်ကားပေါ်လည်းရောက်ရော ခါးပိုက်နှိုက်ခံရတော့တာပေါ့"

သမီးတွေ ခွက်ထိုးခွက်လန် ရယ်ကြပါတယ်။

"ဒါပေမဲ့ အဲဒီလူဆိုးသူဆိုးတွေအကြောင်းကို တရားလွန်ကြီး ချဲ့ကားပြီး ဘတ်စ်ကားတောင် မစီးရဲလောက်အောင် ပြောပြပြန်ရင်လည်း ပြောနည်းမမှန်ဘူးပေါ့။ ခါးပိုက်နှိုက်ဆိုတာရှိတယ်။ ဒါပေမဲ့ ဘာကြောက်စရာရှိသလဲ။ စီး ဘတ်စ်ကားကို ရဲရဲသာစီး၊ သတိတော့ထား၊ နှိုက်ရင်အော်ပေါ့။ ကားပေါ်မှာလည်း လူကောင်းတွေပါတာပဲ။ ဂိတ်တိုင်ပေါ့။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရှိတာပဲ။ ဒီလိုပညာပေးနည်းမှ မှန်တယ်လို့ ဖေဖေထင်တာပဲ…"

"ပြီးတော့ ဘီလူးတို့ သရဲတို့ဆိုတာ ဖေဖေပြောမှမဟုတ်ပါဘူး။ သမီးတို့ကို သူငယ်ချင်းတွေ၊ လူကြီးတချို့တွေက ခြောက်တဲ့လှန့်တဲ့သဘောနဲ့ ပြောထားကြလို့ ကြားဖူးပြီးသားတွေ။ အဲဒီလိုပြောနည်းမျိုးက ဖေဖေမကြိုက်ဘူး။ ဒါကြောင့် သူသူက လူဘယ်ကဖြစ်လာတာလဲ မေးခွန်း စရာကနေ တစ်ဆက်တည်း ဒီလိုအဆိပ်အတောက်တွေလည်း ဖြေဦးမှပဲဆိုပြီး သမီးတို့နဲ့ စကားဝိုင်းလုပ်ခဲ့တာ။ အဲဒါ ဖေဖေ့ရည်ရွယ်ချက်ပဲ။ ပြီးတော့ တချို့နိုင်ငံခြားကလာတဲ့ ဗီဒီယိုအခွေတွေမှာလည်း ဘာသရဲ၊ ညာသရဲ၊ ဘာGhost၊ ညာ Ghost ဆိုပြီး ရိုက်ပြထားကြတာ။ သမီးတို့ပဲ သွားကြည့်နေကြတာ။ သူသူဆိုရင် အစက အိမ်သာကို တစ်ယောက်တည်းသွားရဲသေးတယ်။ အဲဒီဗီဒီယိုတွေလည်း ကြည့်ပြီးရော မသွားရဲတော့ဘူး၊ မဟုတ်လားသူသူ"

သူသူက ခေါင်းညိတ်ပြပါတယ်။

"အဲဒီတော့ ဘုမသိဘမသိနဲ့ ကြောက်လန့်နေတာနဲ့နှိုင်းစာရင် ဖေဖေရှင်းပြထားတာက ပိုမကောင်းဘူးလား။ ဖေဖေပြောတဲ့အထဲမှာ သမီးတို့ကိုကြောက်အောင် ခြောက်တဲ့သဘောတွေပါသလား။ မကြောက်အောင်လို့ကို တစ္ဆေဟဲ့ သရဲဟဲ့ဆိုပြီး တချို့လူတွေ အယူလွဲနေတာကိုတောင် ဖေဖေထည့်ပြီး ရှင်းပြခဲ့တယ်မဟုတ်လား။ သမီးက အဲဒါကိုမပြောဘဲနေရင် ကောင်းမှာဆိုတော့ ဖေဖေပြောတာပဲ အားနည်းလို့လား၊ ဒါမှမဟုတ် သမီးဟာသမီး တွေးကြောက်တာကို ဖေဖေ့အပေါ်လာလွှဲချတာလား"

တာတာက ပြုံးဖြီးဖြီးနဲ့ပြန်ပြောတယ်။



"သမီးဟာသမီး တွေးကြောက်တာပါ"

"ငကြောက်…ငကြောက်…"

သူသူက ဝင်စတယ်။ တာတာက သူသူ့ကို ထုတယ်။

"အေးလေ…ကြောက်တတ်တာလည်း လူ့သဘာဝမို့ ဖေဖေအပြစ်မတင်ပါဘူး။ အဲဒီကြောက်စိတ်တွေကို သဘာဝကျကျမောင်းထုတ်ပြီး သတ္တိမွေးလာနိုင်အောင် ဖေဖေရှင်းပြနေတာပဲ။ အခုချက်ချင်းမကြောက်ရဘူး၊ သတ္တိမွေးရမယ်လို့ ဖေဖေအမိန့်ချရင်လည်း သမီးတို့ရဲ့ ကြောက်စိတ်ကို ပျောက်သွားအောင် မလုပ်နိုင်ပါဘူး။ ဖေဖေပြောပြထားတာတွေကို တဖြည်းဖြည်းစဉ်းစားရင်း သဘောပေါက်လာမှ၊ သမီးတို့လည်း အသက်အရွယ်ရလာပြီး အတွေးအခေါ်ရင့်သန်လာမှ ရဲရင့်မှုဆိုတာ ဖြစ်လာမှာပဲ။ အခုတော့ ဖေဖေက အခြေခံပေးလိုက်တာပါ။ ထားသင့်တဲ့ အကြောက်တရားကတော့ ၃၁ဘုံထဲမှာ သံသရာလည် နေစဉ်အတွင်း မကောင်းတဲ့ဘုံတွေမရောက်ရအောင် မကောင်းမှုတွေကိုလုပ်ရမှာ ကြောက်ခြင်းပါပဲကွယ်…"

"တစ်ဆက်တည်း ငရဲအကြောင်းဆက်ပြောလိုက်မယ်။ ငရဲသားတွေဟာ ယောကျ်ားရယ်၊ မိန်းမရယ် မဟုတ်ဘဲ ဒုက္ခခံဖို့သက်သက်ပဲ ဘွားခနဲပေါ်ရတာဆိုတာလေ။ ဖေဖေပြောပြီးသားပဲ။ ငရဲကြီးရှစ်ထပ်ရှိတယ်တဲ့။ ငရဲဆိုတာ ဒုက္ခဆင်းရဲတွေနဲ့ချည်း ပြည့်နှက်နေတယ်ဆိုတော့ ဒုက္ခအဆင့်အတန်းအလိုက် အထပ်ရှစ်ထပ် ခွဲခြားထားတာပေါ့ကွယ်။ ငရဲကြီးရှစ်ထပ်ကိုလည်း ငရဲငယ်တွေက ဝိုင်းရံတည်ရှိနေတယ်လို့ ကျမ်းဂန်တွေမှာ ဆိုကြတယ်…"

"အဲဒီ ငရဲကြီး ငရဲငယ်တွေထဲမှာ မကောင်းမှုအကုသိုလ်ကြီးမားလို့ ငရဲခံရအောင် သွားမယ့်သတ္တဝါတွေဟာ ကိုယ်ခံရမယ့် အဆင့်ကိုလိုက်လို့ ဥပပါတ်ပဋိသန္ဓေနဲ့ ဘွားခနဲ ငရဲသား၊ ငရဲခံသတ္တဝါတွေသွားဖြစ်ကြရတာပေါ့။ ဥပပါတ်ပဋိသန္ဓေနဲ့ ဖြစ်ပေါ်ကြတဲ့ သတ္တဝါမျိုးတွေရဲ့ထုံးစံအတိုင်း အဲဒီငရဲသတ္တဝါတွေရဲ့ ကိုယ့်ခန္ဓာဖွဲ့စည်းပုံဟာလည်း လူတွေ၊ တိရစ္ဆာန်တွေရဲ့ အသားမျိုးတွေနဲ့ တူမှာမဟုတ်ဘူး။ မတူပေမဲ့လည်း သူတို့ရဲ့ကိုယ်ခန္ဓာကတော့ ငရဲမှာရှိနေတဲ့ ဒုက္ခဆင်းရဲမှန်သမျှကို မိနစ်စက္ကန့်မလပ် အကြီးအကျယ်ခံစားရတော့တာပါပဲ။ ငရဲသတ္တဝါတွေရဲ့ စိတ်ထဲမှာတော့ ဒီဝေဒနာတွေ ခံစားနေရတာရယ်၊ ဒီဘဝက လွတ်မြောက်ချင်တဲ့စိတ်ကလွဲရင် ဘာမှတွေးတောစဉ်းစားနေချိန်မရပါဘူး"

"သနားစရာပဲနော်"

သူသူက ဝင်ပြောတယ်။

"သနားတတ်ရင် သနားစရာပေါ့။ ဒါပေမဲ့ တချို့ကတော့ ကိုယ်လုပ်လို့ ကိုယ်ခံရတာပဲ သနားစရာမလိုလို့ မြင်ကြမှာပေါ့"

"အဲဒီငရဲကြီးတွေက မြေကြီးအောက်မှာရှိတာနော်ဖေဖေ"

"ဟုတ်တယ်။ မြေကြီးအောက်မှာရှိတာပေါ့။ မြေကြီးအောက် ယူဇနာသောင်းငါးထောင်အနက်ကစပြီး ပထမဆုံး ငရဲထပ် စသတဲ့။ အောက်က ငရဲထပ်တွေဟာလည်း ယူဇနာသောင်းငါးထောင်စီ အကွာအဝေးတူညီစွာ ရှိကြတယ်တဲ့။ ဟိုးအနက်ဆုံးက ရှစ်ထပ်မြောက် မဟာအဝီစိငရဲကတော့ အပြင်းထန်ဆုံး ဒုက္ခဆင်းရဲအကြီးဆုံးပေါ့။ အဲဒီမှာက မီးလျှံရယ်၊ ငရဲသတ္တဝါရယ်၊ ဆင်းရဲခြင်းဒုက္ခဝေဒနာရယ် ဒီသုံးမျိုးဟာ အပေါက်အကြားမရှိ တစ်သားတည်းခံစားရတယ်တဲ့။ အဲဒီငရဲကြီးမှာတော့ အကြီးဆုံး

Generated by CamScanner from intsig.com

မကောင်းမှုအကုသိုလ်လုပ်ခဲ့တဲ့ လူတွေရောက်ရတာပေါ့။ ပဋ္ဌနန္တရိယကံလို့ခေါ်တဲ့ ကံကြီးငါးမျိုး ကျူးလွန်မိသူတွေ ရောက်ရတဲ့ဘဝပေါ့။ အဲဒီကံကြီးတွေကတော့ အမေကိုသတ်ခြင်း၊ အဖေကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဒေဝဒတ်လို ဘုရားကို သွေးစိမ်းတည်အောင်လုပ်ခြင်း၊ သံဃာကို သင်းခွဲခြင်းဆိုတဲ့ ကံကြီးတွေပေါ့"

"ငရဲသတ္တဝါတွေရဲ့ အသက်ကရော ဘယ်လောက်ရှည်သလဲဟင်။ ငရဲကြီးတွေရဲ့ သက်တမ်းအတိုင်းပဲလား"

တာတာက ဝင်မေးပါတယ်။

"ငရဲသတ္တဝါတွေရဲ့အသက်ကတော့ သူ့အကုသိုလ်အတိုင်းပေါ့ကွယ်။ ခံရမယ့်နှစ်အရေအတွက်က အဲဒီကံအပေါ် မူတည်နေတယ်ပေါ့။ မကောင်းမှုကံကုန်သွားတော့ ငရဲသားလည်း အသက်ကုန်သွားတာပေါ့။ ဥပပါတ်ပဋိသန္ဓေနဲ့ ဖြစ်တာမျိုးဆိုတော့ ငရဲပြည်ထဲကနေ ဖြုတ်ခနဲပျောက်သွားပြီး တခြားဘဝတစ်ခု ပြန်ဖြစ်တာပေါ့။ ဒါပေမဲ့ ငရဲသတ္တဝါဖြစ်ရပြီဆိုကတည်းက သူ့မကောင်းမှုကံ ကြီးလွန်းတာဆိုတော့ လူ့ပြည်ကတွက်တဲ့နှစ်ပေါင်း ထောင်သောင်းသိန်းသန်းကြာမှာပေါ့ကွယ်။ ငရဲသတ္တဝါအဖို့ကတော့ တစ်နာရီဆိုရင်တောင် ကြာလှပြီအောက်မေ့နေမှာပေါ့။ ဒုက္ခဆင်းရဲကြီးလှတာကိုး။ ငရဲသတ္တဝါတွေကလည်း လွတ်တဲ့သူကလွတ် ရောက်တဲ့သူကရောက် အဆက်မပြတ်ဖြစ်နေမှာပေါ့။ ငရဲကြီးတွေရဲ့ သက်တမ်းကတော့ ကမ္ဘာတည်သရွေ့ပေါ့ကွယ်"

သူသူက မေးပြန်ပါတယ်။

"အဲဒီငရဲကြီးရှစ်ထပ်က ဒုက္ခဆင်းရဲတွေကို နည်းနည်းတော့ ပြောပြပါဦးဖေဖေ။ ငရဲသတ္တဝါတွေက ဘယ်လိုဒုက္ခတွေခံရတာလဲ"

"မြေကြီးအောက်မှာ သွားဖြစ်ရတဲ့သတ္တဝါဆိုကတည်းက ဒုက္ခတော့ ဘယ်သေးလိမ့်မလဲသမီးရယ်။ ပြီးတော့ ကြွက်တိရစ္ဆာန်တွေလို မြေကြီးထဲ တွင်းအောင်းနေတဲ့ သဘာဝမျိုးလည်းမဟုတ်ဘူးလေ။ ငရဲသတ္တဝါကတော့ မြေကြီးအနက်ကြီးထဲက ငရဲဒေသကြီးမှာ သွားဖြစ်နေတာကိုး။ ကဲ...ဖေဖေ စာအုပ်တွေထဲက ဖတ်ထားတဲ့အတိုင်း နည်းနည်းမိတ်ဆက်ပေးပါ့မယ်။

"အပေါ်ဆုံးအထပ်က **သိဥ္စိင်းငရဲ**တဲ့။ အလျှံပြောင်ပြောင် တောက်လောင်တဲ့လက်နက်တွေနဲ့ အပိုင်းပိုင်းအမျှင်မျှင်ဖြစ်အောင် ငရဲသတ္တဝါတွေကို သတ်နေပေမယ့် ငရဲသတ္တဝါတွေကတော့ သေနိုင်တယ် မရှိဘဲ ဒုက္ခဝေဒနာကိုသာ ခံစားနေကြရတယ်တဲ့။ ကျောက်ချပ်ကျောက်လွှာ ကျောက်ကျိုးကျောက်ပဲ့တွေက မွှေနှောက်ခုတ်ထစ်သလိုဖြစ်မှာပေါ့။ ဘယ်သူတွေက လုပ်နေသလဲဆိုတော့ အဲဒီငရဲပြည်ဒေသရဲ့ သဘာဝကိုက အဲဒီလိုဖြစ်နေတဲ့နေရာမျိုးပေါ့ကွယ်။ ငရဲသတ္တဝါတွေက အဲဒီကြားထဲ ရောက်သွားတဲ့သဘောပေါ့...။

"နံပါတ်နှစ်က **ကာဠသုတ်ငရဲ**တဲ့။ အဲဒီငရဲမှာလည်း ငရဲသတ္တဝါတွေကို ဖိနှိပ်ကြိတ်ချေဖြတ်တောက်မယ့် ကျောက်သားကျောက်စားကြီးတွေ၊ ကျောက်လွှာကြီးတွေက ရှစ်မြှောင့်ပုံ၊ တစ်ဆယ့်ခြောက်မြှောင့်ပုံ လှည့်ပတ်လှုပ်ရှားနေသတဲ့။ အဲဒီကြားထဲရောက်သွားတဲ့ ငရဲသတ္တဝါကတော့ မလွတ်တော့ဘူးပေါ့။ သေတယ်လည်းမရှိ။ ဝေဒနာကိုသာ ကြိတ်မှိတ်ခံစားနေရတော့တာပေါ့...။

"နံပါတ်သုံးငရဲက **သံဃာတငရဲ**တဲ့။ သံတွေနဲ့အတိပြီးတဲ့ အရပ်ဒေသတဲ့။ ငရဲသတ္တဝါတွေဟာ



ဘဝ စဖြစ်ကတည်းက သံမြေထဲမှာ ကိုယ်တစ်ပိုင်းနစ်ပြီး သွားဖြစ်ကြရတယ်တဲ့။ သဘာဝသံမီးတောင်ကြီးတွေက သံဒလိမ့်တုံးကြီးတွေပမာ အရပ်လေးမျက်နှာကနေ ခေါက်တုံ့ခေါက်ပြန်လိမ့်ပြီး ကြိတ်ဖိညှစ်ချေတော့တာပဲတဲ့။ ကြံကြိတ်စက်ထဲရောက်သွားတဲ့ ကြံချောင်းလို ဒုက္ခမျိုးခံရတော့တာပေါ့။ သေဖို့ကောင်းတဲ့ ဝေဒနာခံရပေမဲ့ ကံမကုန်မချင်း အဲဒီငရဲသတ္တဝါဟာ မသေဘူးတဲ့...။

"နံပါတ်လေးက **ရောရုဝငရဲ**တဲ့။ အလျှံတပြောင်ပြောင်တောက်ပြီး မီးကျီးမီးခဲလို ရဲနေတဲ့မြေပြင်၊ အထူးပူလောင်လှတဲ့ အခိုးငွေ့တွေနဲ့ ပြည့်နေသတဲ့။ အဲဒီနေရာမှာ သွားပြီးဘဝဖြစ်ရတဲ့ ငရဲသတ္တဝါဟာ အမဲခြောက်ဖုတ်သလို တွန့်လိမ်ပြီး ခံစားရတော့တယ်တဲ့...။

"နံပါတ်ငါးက **မဟာရောရုဝငရဲ**။ အဲဒီအရပ်ဒေသကတော့ မီးလျှံ၊မီးခိုး၊မီးကျီးခဲတွေနဲ့ ပြည့်နှက်နေသတဲ့။ အဲဒီအရပ်ဒေသမှာ သတ္တဝါသွားဖြစ်ခဲ့ရတဲ့ ငရဲသတ္တဝါဟာ မီးကျီးခဲတွေနဲ့ထိတွေ့၊ ကိုယ်ထဲလည်း မီးကျီးခဲ မီးလျှံတွေဝင်၊ အတွင်းအပြင်ပူလောင်တဲ့ဝေဒနာကြောင့် မခံမရပ်နိုင်ဘဲ ငိုကြွေးပြီးသာနေကြရတယ်တဲ့...။

"နံပါတ်ခြောက်ကတော့ **တာပနငရဲ**။ ဒီအရပ်ဒေသကတော့ သံချွန်၊ သံတံကျင်၊ သံစို့တွေနဲ့ ပြည့်နှက်နေပြီး အဲဒီသံပစ္စည်းတွေကလည်း မီးဟုန်းဟုန်းထ ရဲရဲနီနေသတဲ့။ အဲဒီကြားရောက်သွားရတဲ့ သတ္တဝါဟာ မီးဖုတ်ထားတဲ့ သံချွန်တွေနဲ့ အထိုးခံ၊ အလျှိုခံရတဲ့ဝေဒနာကို သက်တမ်းနဲ့အမျှ ခံစားသွားရတာပေါ့...။

"နံပါတ်ခုနစ်က **မဟာတာပနငရဲ**။ အဲဒီအရပ်ဒေသကလည်း မီးလျှံတွေနဲ့ရဲနေတဲ့ သံမြေပြင်၊ သံမီးတောင်၊ သံကျောက်တောင်၊ သံတံကျင်တွေနဲ့ ပြည့်နေသတဲ့။ အဲဒီမှာ သွားပြီးဘဝဖြစ်ရတဲ့ ငရဲသတ္တဝါဟာ ပြေးလွှားလှုပ်ရှားနေပေမဲ့ ဘယ်အန္တရာယ်တွေကမှ မလွတ်ဘူးတဲ့။ သံတံကျင်တောထဲမှာ ကိုယ်ခန္ဓာထဲ သံတံကျင်တွေ စူးဝင်တာခံရလို့ ရုန်းထွက်ပြီး သံမီးတောင်တွေ၊ သံကျောက်တောင်တွေဆီ တက်ပြေးပြန်တော့လည်း မခံမရပ်နိုင်အောင် ပူလောင်ပြုတ်ကျတော့ သံတံကျင်တောထဲပြန်ကျနဲ့ ဝေဒနာတောထဲမှာပဲ လုံးလည်လိုက်နေသတဲ့...။

"နံပါတ်ရှစ်ကတော့ **မဟာအဝီစိငရဲကြီး**ပေါ့။ ဖေဖေရှေ့မှာပြောပြပြီးပြီလေ။ မီးငရဲကြီးပေါ့ကွယ်...။

"အဲဒီ ငရဲကြီးရှစ်ထပ်မှာတော့ လူ့ဘဝမှာဖြစ်စေ၊ တိရစ္ဆာန်ဘဝမှာဖြစ်စေ ပြုလုပ်ခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံတွေရဲ့ အမျိုးအစား၊ အကြီးအသေး၊ အလေးအပေါ့ကိုလိုက်ပြီး ကိုယ်နဲ့ဆိုင်တဲ့အထပ်ထဲ ရောက်သွားကြတာပေါ့"

"အဲဒီငရဲပြည်ကို ခဏသွားလည်ကြည့်ရင် ကြောက်စရာကြီးနေမှာပဲနော်" သူသူက စဉ်းစဉ်းစားစား ပြောပါတယ်။

"ဖေဖေတို့လူသားတွေရဲ့ ကိုယ်ခန္ဓာနဲ့ မြေကြီးထဲ ဒီလောက်အနက်ကြီးကို ဘယ်လိုဆင်းကြည့်မလဲ သူသူရဲ့။ ပြီးတော့ ဆင်းကြည့်နိုင်တယ်ထားဦး။ သာမန်မျက်စိနဲ့ဆိုရင် ဒီငရဲသားတွေကို ဘယ်လိုမြင်ရမလဲ။ နတ်တွေကို မမြင်ရသလိုမျိုးပေါ့"

"အရှင်လတ်လတ် ငရဲရောက်သွားတာမျိုး ရှိသလားဖေဖေ"

"အရှင်လတ်လတ် ငရဲရောက်သွားတာလည်း ရှိတယ်လို့ပြောကြတယ်။ ဒါကတော့ မကောင်းမှုကံ ကြီးလွန်းတော့ မြေပြင်ကွဲအက်ပြီး တိုက်ရိုက်ကျသွားတာဖြစ်မှာပေါ့။ ဖေဖေစဉ်းစားကြည့်တာကတော့

Generated by CamScanner from intsig.com

အရှင်လတ်လတ်များရောက်သွားရင် လူသားခန္ဓာကိုယ်ဟာ တစ်စက္ကန့်တောင် ခံမှာမဟုတ်ဘူး။ ဥပမာ အဟာအဝီစိငရဲမျိုးဆိုရင် ချက်ချင်း မီးလျှံထဲမှာ ပြာတောင်ရှာလို့ရမှာမဟုတ်ဘူး။ ဒီတော့ လူ့ဘဝလူ့ ခန္ဓာဟာ တစ်မုဟုတ်ချင်းပျက်စီးသွားပြီး ဥပပါတ်ပဋိသန္ဓေနဲ့ ငရဲသားဘဝဘွားခနဲဖြစ်သွားမှာက မုချပဲ။ ငရဲရဲ့အဓိပ္ပာယ်ကိုက နှစ်ပေါင်းများစွာ ဒုက္ခခံရမှာဆိုတော့ လူ့ဘဝခန္ဓာနဲ့ ဘယ်ခံလို့ဖြစ်မှာလဲ။ ကြာကြာခံနိုင်အောင် ကြာကြာခံနိုင်ရည်ရှိတဲ့ ကိုယ်ခန္ဓာမျိုးနဲ့ ငရဲသတ္တဝါဖြစ်သွားရတာ ဖြစ်မှာပေါ့"

တာတာရဲ့မေးခွန်းတွေ ဆက်လာပါတယ်။

"အဲဒီငရဲသတ္တဝါတွေက သူဘာလုပ်မိလို့ ဒီလိုငရဲခံရတယ်ဆိုတာ မသိဘူးလား"

"ဒီလိုများသိနိုင်ရင် သင်ခန်းစာတွေယူပြီး ပြင်ကြလို့ လူဆိုးတွေနည်းသွားမှာပေါ့။ တစ်ဘဝနဲ့တစ်ဘဝ ပြောင်းသွားပြီးတဲ့အခါ ဘဝဟောင်းကို မေ့သွားတာ ဓမ္မတာပဲလေ။ ဒါကြောင့်လည်း ဗုဒ္ဓမြတ်စွာဘုရားက အဝိဇ္ဇာကြောင့် သံသရာလည်နေရတယ်လို့ ဟောကြားရှင်းပြခဲ့တာပေါ့။ အဝိဇ္ဇာဆိုတာရဲ့ အဓိပ္ပာယ်က မသိခြင်းပေါ့။ ဒီဘဝသံသရာကို တရားဓမ္မတွေကတစ်ဆင့် ဖေဖေတို့ဗုဒ္ဓဘာသာတွေ သိခွင့်မြင်ခွင့် စဉ်းစားဆင်ခြင်ခွင့်ရကြတာပေါ့"

"ငရဲလွတ်တဲ့အခါ လူပြန်ဖြစ်နိုင်တယ်နော်ဖေဖေ"

"ကံတရားရဲ့ ဆန်းကြယ်ပုံအရ ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ ရှေးလူကြီးတွေ ပြောကြတာက ငရဲကနေ လွတ်လာတဲ့လူဟာ လူမွေးလူတောင် မပြောင်ဘဲ အနံ့အအကြီးတွေ ဖြစ်နေတတ်သတဲ့။ အရှိန်က မကုန်သေးတဲ့သဘောပေါ့"

သူသူက ငြိမ်နားထောင်နေရင်း မေးခွန်းတစ်ခု ထုတ်လာတယ်။


"ဖေဖေ ငရဲပြည်မှာလေ ကာတွန်းတွေထဲပါသလို ငရဲမင်းကြီးတွေက ချို(ဂျို)ကြီးတွေနဲ့ ငရဲရောက်လာတဲ့လူတွေ စစ်ဆေး၊ ဒယ်အိုးကြီးတွေနဲ့ ဆီထည့်ကြော်တယ်ဆိုတာရော ဟုတ်သလားဟင်"

"အဲဒါတွေက ကာတွန်းဆရာတွေ စိတ်ကူးနဲ့ဆွဲထားတာပေါ့။ ဒီလိုမှမဆွဲလည်း ငရဲသတ္တဝါကို မြင်ဖူးကြတာမှမဟုတ်တာ။ ကိုယ်ကိုယ်တိုင်ရောက်ခဲ့ဦးတော့ ခုဘဝကျမှတ်မိတော့တာမှ မဟုတ်ဘဲ။ ဒီလိုပဲ တော်သလိုဆွဲလိုက်ကြတာပေါ့။ ငရဲမင်းကြီးတွေက စစ်ဆေးနေတယ်ဆိုပေမဲ့ မိမိသာလျှင် တရားခံပါပဲသမီးရယ်။ မိမိပြုလုပ်မိတဲ့ ကံကသာ မိမိရဲ့ သံသရာဘဝခရီးမှာ သုခနဲ့ ဒုက္ခကို ဖြစ်ပေါ်စေတာပါ။ ကိုယ်လုပ်မှ ကိုယ်ခံရမှာပါ"

"ဖေဖေ တာတာမေးဦးမယ်။ မြေကြီးအောက်မှာ ငရဲပြည်ရှိတယ်ဆိုတာကို ဒီနေ့ခေတ်သိပ္ပံပညာရှင်တွေ လက်ခံနိုင်ပါ့မလားဟင်"

"မျက်စိနဲ့မြင်မှယုံမယ်၊ လက်နဲ့ကိုင်ကြည့်ရမှ လက်ခံမယ်ဆိုတဲ့ သိပ္ပံပညာရှင်တွေက ငရဲတို့၊ နတ်ပြည်တို့ဆိုတာကို ဘယ်ယုံမလဲသမီးရယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်းလေ့လာပြီး သဘောပေါက်လာတဲ့ သိပ္ပံပညာရှင်တွေကတော့ ယုံမှာပဲ။ ယုံရုံတင်မက သူတတ်သိနားလည်ထားတဲ့ လောကဓာတ် သိပ္ပံပညာနဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်တွေမှန်ကန်ကြောင်း ထောက်ခံအတည်ပြုမှုတွေ လုပ်လာလိမ့်ဦးမယ်လို့ ဖေဖေတော့ ယူဆတယ်။ ဥပမာဆိုရင်ကွယ်...သိပ္ပံပညာရှင်တွေ ခန့်မှန်းထားတာက ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုမှာ မီးလျှံလိုပူလောင်ပြီး ကျောက်သားတွေ၊ ရုပ်ဒြပ်တွေဟာလည်း အရည်ပျော်နေကြတယ်တဲ့။ မီးတောင်ပေါက်ကွဲတဲ့အခါ၊ ငလျင်လှုပ်လို့ ကမ္ဘာမြေကြီးအက်သွားတဲ့အခါ





"ကဲ-အဲဒီအခြေအနေဟာ မဟာအဝီစိငရဲရဲ့ အနေအထားနဲ့ ဘယ်လောက်ဟပ်မိသလဲ"


တိုးထွက်လာတဲ့ ချော်ရည်တွေဟာ အဲဒီက လာတာပေါ့။ ကဲ...အဲဒီအခြေအနေဟာ မဟာအဝီစိငရဲရဲ့ အနေအထားနဲ့ ဘယ်လောက်ဟပ်မိသလဲ။ သိပ္ပံပညာဟာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်မယ့်ဘက် တိမ်းစောင်းမသွားဘဲ ဗုဒ္ဓတရားဓမ္မရဲ့ လမ်းညွှန်မှု အောက်သာ ရောက်လာခဲ့ရင် လူသားတွေအတွက် အတော်အကျိုးရှိမှာပဲလို့ ဖေဖေတော့ ယုံကြည်တယ်"

သမီးနှစ်ယောက်စလုံး ငြိမ်ပြီးစဉ်းစားနေကြပါတယ်။

"ကဲ...၃၁ဘုံအကြောင်းဆွေးနွေးတာ အတော်ပြည့်စုံသွားပြီထင်တယ်။ ဒီနေ့တော့ နားလိုက်ကြရအောင်။ ကျန်သေးရင်လည်း မနက်ဖြန်ဆက်ဆွေးနွေးကြတာပေါ့"

♥

Generated by CamScanner from intsig.com



အခန်း ၇

# ၃၁ ဘုံ သက်တမ်းများ

ဒီနေ့မနက်တော့ တာတာနဲ့ သူသူဟာ ကျွန်တော်ဝယ်ပေးထားတဲ့ မှတ်စုစာအုပ်ကလေးတွေကိုယ်စီကိုင်ပြီး ကျွန်တော့်စာရေးစားပွဲရှိရာ ရောက်လာပါတယ်။ သူတို့ချင်း ညှိနှိုင်းပြီး လာခဲ့ကြဟန်တူပါတယ်။

"ဖေဖေ သမီးတို့မှတ်စုစာအုပ်တွေထဲမှာ ၃၁ဘုံနာမည်တွေရေးပြီး အဲဒီဘုံတွေမှာနေရတဲ့ အသက်တွေပါ ရေးပေးပါနော်"

တာတာကပြောပြီး နှစ်ယောက်စလုံးက ကျွန်တော့်ကို စာအုပ်တွေကမ်းပေးပါတယ်။ ကျွန်တော်က စာအုပ်တွေယူထားလိုက်ပြီး ပြန်ပြောလိုက်တယ်။

"အဲဒီ ၃၁ဘုံတွေမှာနေရတဲ့ အသက်တွေကို ရေးပေးပါဆိုတော့ ဖေဖေလည်း စာအုပ်တွေထဲကနေ မှတ်ထားတဲ့အတိုင်း ကူးရေးပေးလိုက်ရုံပါပဲ။ ဒါပေမဲ့ တစ်ခုတော့ဆွေးနွေးလိုက်ရဦးမယ်။ လူနဲ့ အပါယ်လေးဘုံသားတွေဟာ ကံသာလျှင် ပဓာနတဲ့။ သက်တမ်းမမြဲကြဘူးတဲ့။ ပြိတ္တာ၊ အသူရကာယ်၊ ငရဲဆိုတဲ့ ဘုံသုံးဘုံက သတ္တဝါတွေဆိုရင် အဆုံးအဖြတ်ဟာ မကောင်းမှုကံပဲ။ မကောင်းမှုကံကုန်ရင် ချက်ချင်းလွတ်ပြီး ကံမကုန်သေးရင်တော့ ဘယ်လောက်ကြာကြာ မလွတ်ဘူးလို့ ရှေးပညာရှိကြီးတွေရဲ့ အဆိုအမိန့်တွေရှိတယ်။ အဲဒီတော့ ဖေဖေကူးရေးပေးလိုက်တဲ့ သက်တမ်းတွေကို တရားသေယူလို့တော့ ရမယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေတို့လူ့သက်တမ်းတောင် ဆုတ်ယုတ်နေတာပဲ။ လူ့သက်တမ်းဟာ ရာတမ်းဆိုပေမယ့် အသက်တစ်ရာပတ်ဝန်းကျင်နဲ့ အသက်ရာကျော်တွေ အတော်နည်းသွားပါပြီ။ ပျမ်းမျှသက်တမ်း ၆၅နဲ့ ၇၅ကြားပဲရှိတော့တယ်။ တိရစ္ဆာန်တွေဆိုရင်လည်း အမျိုးအစားအများကြီး ကွဲနေတော့ ပျမ်းမျှသက်တမ်းမယူနိုင်ဘူးပေါ့။ ဒီလိုပဲ တခြားဘုံတွေက သက်တမ်းတွေကိုလည်း



ပုံသေတရားသေမှတ်ထားလို့တော့ ဖြစ်မှာမဟုတ်ဘူး။ မိုငြမ်းပြုရုံသာလို့ သဘောထားပေါ့ကွာ၊ ဟုတ်လား"

ကျွန်တော် မိတ်ဆက်စကားပြောပြီးမှ သူတို့မှတ်စုစာအုပ်တွေမှာ ကျွန်တော်မှတ်ထားတဲ့ အောက်ပါ "၃၁ဘုံ သက်တမ်းများ"ကို ထိုင်ကူးရေးပေးလိုက်တယ်။

## ၃၁ဘုံသက်တမ်းများ

| ဘုံအမည်များ | သက်တမ်းများ |
|---|---|
| **ဗြဟ္မာဘုံ ၂၀** | |
| **အရူပဗြဟ္မာ ၄ဘုံ (ရုပ်မရှိ၊ စိတ်သာရှိ ဘုံ ၄ဘုံ)** | |
| ၁။ နေဝသညာနာသညာယတနဘုံ၊ | ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် |
| ၂။ အကိဉ္စညာယတနဘုံ၊ | ကမ္ဘာပေါင်း ခြောက်သောင်း |
| ၃။ ဝိညာနဉ္စယတနဘုံ၊ | ကမ္ဘာပေါင်း လေးသောင်း |
| ၄။ အာကာသာ နဉ္စာယတနဘုံ၊ | ကမ္ဘာပေါင်း နှစ်သောင်း |
| **သုဒ္ဓါဝါသ ၅ဘုံ** | |
| ၅။ အကနိဋ္ဌဘုံ၊ | ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် |
| ၆။ သုဒဿီဘုံ၊ | ကမ္ဘာပေါင်း ရှစ်ထောင် |
| ၇။ သုဒဿာဘုံ၊ | ကမ္ဘာပေါင်း လေးထောင် |
| ၈။ အတပ္ပါဘုံ၊ | ကမ္ဘာပေါင်း နှစ်ထောင် |
| ၉။ အဝိဟာဘုံ၊ | ကမ္ဘာပေါင်း တစ်ထောင် |
| **ကျန်ဗြဟ္မာဘုံများ** | |
| ၁၀။ အသညသတ်ဘုံ(စိတ်မရှိ၊ ရုပ်သာရှိ)၊ | ကမ္ဘာပေါင်း ငါးရာ |
| ၁၁။ ဝေဟပ္ဖိုလ်ဘုံ၊ | ကမ္ဘာပေါင်း ငါးရာ |
| ၁၂။ သုဘကိဏှာဘုံ၊ | ခြောက်ဆယ့်လေးကမ္ဘာ |
| ၁၃။ အပ္ပမာဏ သုဘာဘုံ၊ | သုံးဆယ့်နှစ်ကမ္ဘာ |
| ၁၄။ ပရိတ္တာသုဘာဘုံ၊ | တစ်ဆယ့်ခြောက်ကမ္ဘာ |
| ၁၅။ အာဘဿရာဘုံ၊ | ရှစ်ကမ္ဘာ |
| ၁၆။ အပ္ပမာဏာဘာဘုံ၊ | လေးကမ္ဘာ |

Generated by CamScanner from intsig.com

၁၇။ ပရိတ္တာဘာဘုံ၊ နှစ်ကမ္ဘာ
၁၈။ မဟာဗြဟ္မာဘုံ၊ တစ်ကမ္ဘာ
၁၉။ ဗြဟ္မာပုရောဟိတာဘုံ၊ ကမ္ဘာသုံးပုံတစ်ပုံ
၂၀။ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ကမ္ဘာတစ်ဝက်

## နတ်ဘုံ ၆ ဘုံ

၂၁။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ၊ နတ်သက် နှစ်ပေါင်းတစ်သောင်းခြောက်ထောင်
၂၂။ နိမ္မာနရတိနတ်ဘုံ၊ နတ်သက် အနှစ်ရှစ်ထောင်
၂၃။ တုသိတာနတ်ဘုံ၊ နတ်သက် အနှစ်လေးထောင်
၂၄။ မာယာနတ်ဘုံ၊ နတ်သက် အနှစ်နှစ်ထောင်
၂၅။ တာဝတိံသာနတ်ဘုံ၊ နတ်သက် အနှစ်တစ်ထောင်
၂၆။ စတုမဟာရာဇ်နတ်ပြည်၊ နတ်သက် အနှစ်ငါးရာ

## လူ့ဘုံ

၂၇။ လူ့ဘုံ၊ လူ့သက်တမ်း တစ်ရာတမ်း
၂၈။ တိရစ္ဆာန်ဘုံ၊ သတ္တဝါမျိုးကွဲများသည်။
၂၉။ ပြိတ္တာဘုံ၊ သတ္တဝါမျိုးကွဲများသည်။
(၁) ပရဒတ္တူပဇီဝိတပြိတ္တာ၊ သူတစ်ပါးပေးသည့်အစာနှင့် အသက်ရှင်တတ်၏။
(၂) ခုပ္ပိပါသိကပြိတ္တာ၊ မစားမသောက်ရဘဲ အငတ်ငတ်အမွတ်မွတ်နေရသောပြိတ္တာ။
(၃) နိဇ္ဈာမတဏှိကပြိတ္တာ၊ အမြဲမီးလောင်လျက် ပူလောင်ခြင်းရှိသောပြိတ္တာ။
(၄) ကာလကဥ္စိကပြိတ္တာ၊ အသူရကာယ်ဟုခေါ်အပ်သောပြိတ္တာ။
(၅) ဝန္တာသပြိတ္တာ၊ တံတွေး၊ နှပ်၊ ချွဲ၊ အန်ဖတ်ကိုသာစားရသောပြိတ္တာ။
(၆) ကုဏပါသပြိတ္တာ၊ လူကောင်ပုပ်၊ ခွေးကောင်ပုပ်၊ မြွေကောင်ပုပ်တို့ကိုသာ စားရသော ပြိတ္တာ။
(၇) ဂူထခါဒကပြိတ္တာ၊ သူတကာစွန့်ပစ်သော ကျင်ကြီးကိုသာစားရသောပြိတ္တာ။
(၈) အဂ္ဂိဇာလမုခပြိတ္တာ၊ ပါးစပ်၏အတွင်းမှ ပူပြင်းလှစွာ မီးလျှံတို့ထွက်၍နေသောပြိတ္တာ။
(၉) သုစိမုခပြိတ္တာ၊ အပ်နဖားပေါက်မျှပါးစပ်ရှိသောပြိတ္တာ။
(၁၀) တဏှာဋ္ဋိကပြိတ္တာ၊ အစာရေစာတို့ကို ပြေးလွှားရှာဖွေသောလည်း မတွေ့၊ တွေ့သော်လည်း မစားရသောပြိတ္တာ။
(၁၁) သုနိဇ္ဈာမကပြိတ္တာ၊ မီးလောင်ငုတ်ကဲ့သို့ နေထိုင်ရသောပြိတ္တာ။



(၁၂) သတ္တင်္ဂပြိတ္တာ၊ ဓားလက်နက်ကဲ့သို့ ထက်မြက်သော ခြေသည်းလက်သည်းရှိသည့် ပြိတ္တာ။
(၁၃) ပဗ္ဗတင်္ဂပြိတ္တာ၊ တောင်လုံးလောက်ပမာဏ ကိုယ်အင်္ဂါရှိသော ပြိတ္တာ။
(၁၄) အဇာဂရင်္ဂပြိတ္တာ၊ စပါးကြီးမြွေကဲ့သို့ ကိုယ့်အင်္ဂါရှိသော ပြိတ္တာ။
(၁၅) ဝေမာနိကပြိတ္တာ၊ နေ့စံ၍ ညဥ့်ကို အကုသိုလ်ကံအားလျော်စွာခံရပြီး ဘုံဗိမာန်နှင့်နေရသော ပြိတ္တာ။
(၁၆) အပဟိဒ္ဓိကပြိတ္တာ၊ ပြိတ္တာတို့တွင် အကြီးအကဲဆုံးဖြစ်၍ ကြီးကျယ်သော တန်ခိုးနှင့် ပြည့်စုံသော ပြိတ္တာ။
၃၀။ အသူရကာယ်ဘုံ၊ သတ္တဝါမျိုးကွဲများသည်။

## ၃၁။ မြေအောက်ငရဲဘုံ (ငရဲကြီးရှစ်ထပ်)

(၁) သိဥ္ဇိုင်းငရဲ၊ ငရဲသက်အနှစ်ငါးရာ။
(၂) ကာဠသုတ်ငရဲ၊ ငရဲသက်အနှစ်တစ်ထောင်။
(၃) သံဃာတငရဲ၊ ငရဲသက်အနှစ်နှစ်ထောင်။
(၄) ရောရုဝငရဲ၊ ငရဲသက်အနှစ်လေးထောင်။
(၅) မဟာရောရုဝငရဲ၊ ငရဲသက်အနှစ်ရှစ်ထောင်။
(၆) တာပနငရဲ၊ ငရဲသက်နှစ်ပေါင်း တစ်သောင်းခြောက်ထောင်။
(၇) မဟာတာပနငရဲ၊ အန္တရကပ်ထက်ဝက်

**မှတ်ချက်။** အန္တရကပ်၏ ကာလအပိုင်းအခြားမှာ အသက်ဆယ်နှစ်တမ်းမှ အသင်္ချေတမ်းအထိ၊ အသင်္ချေ ယျှတမ်းမှ တစ်ဖန်ပြန်ဆုတ်၍ အသက်ဆယ်နှစ်တမ်းထိ ကြားကာလကိုခေါ်သည်။

(၈) မဟာအဝီစိငရဲကြီး နေနှင့်လ ပေါ်ပေါက်သည်မှစ၍ တစ်ဖန်ကမ္ဘာပျက်မိုးရွာသည်အထိ ကြားကာလ။

ကျွန်တော်ဟာ သမီးနှစ်ယောက်စလုံးရဲ့ စာအုပ်တွေထဲမှာ အထက်ပါအတိုင်း စိတ်ရှည်လက်ရှည် ကူးရေးပေးလိုက်ပါတယ်။ နှစ်ခါတော့မောတာပေါ့။ ဒါမှလည်း နှစ်ယောက်လုံးကျေနပ်မှာကိုး။

"ဒီထဲမှာ ကမ္ဘာတို့၊ အန္တရကပ်တို့ဆိုတာက နည်းနည်းသဘောပေါက်လွယ်ပါတယ်။ အကြာတကာ့ အကြာဆုံးတွေပေါ့ကွယ်။ နတ်သက်၊ လူသက်၊ ငရဲသက်လို့ ခွဲရေးထားတာကို သမီးတို့နားမလည်မှာ စိုးလို့ နည်းနည်းရှင်းပြမယ်။ လူ့ပြည်က နာရီ၊ ရက်၊ လနှစ်ဆိုတဲ့ အချိန်ကာလရေတွက်ပုံနဲ့ နတ်ပြည်၊ ငရဲပြည်က အချိန်ကာလရေတွက်ပုံတွေ မတူကြဘူးကွဲ့။ အဲဒါတွေ ဘယ်ဘုံက ဘယ်လောက်ကွာခြားတယ်ဆိုတာတွေ ကျမ်းစာအုပ်တွေကထုတ်ပြီး ပြောပြနေရင်လည်း သမီးတို့ ခေါင်းရှုပ်ကုန်ဦးမယ်။

"ဒီတော့ သဘောတရားလေးတစ်ခုလောက်ပဲ ဖေဖေပြောပြမယ်။ ဖေဖေတို့ လူသားတွေက နေ့နဲ့ညကို

Generated by CamScanner from intsig.com

ပေါင်း တစ်ရက်ဆိုပြီး တွက်တာမဟုတ်လား။ မြေအောက်ငရဲပြည်ကျတော့ နေနဲ့လကိုမှမမြင်ရဘဲ။ အဲဒီနေ့ညကို အခြေခံထားပြီး ဘယ်လိုလုပ်အချိန်ကာလရေတွက်မလဲ။ သူ့သီးခြား အခြေခံချက်တွေ သတ်သတ်ရှိမှာပေါ့။ နတ်ပြည်လည်းဒီလိုပေါ့။ နတ်ပြည်က နေ့နဲ့ညဟာ ဖေဖေတို့ လူ့ပြည်နဲ့ ဘယ်တူနိုင်မလဲ။ သူက နေရာကိုက မြင့်နေတာကိုး။ အဲသလောက် သဘောပေါက်ထားရင်ရပြီ ဟုတ်တယ်မဟုတ်လား။ ဒါကြောင့် ဖေဖေပြောချင်တာက ၃၁ဘုံကို လေ့လာတဲ့အခါ ၃၁ဘုံသားသတ္တဝါတွေရဲ့ သက်တမ်းမှာ သိပ်အာရုံမစိုက်ကြဖို့ဘဲ။ **ဘဝသံသရာလည်ခြင်းနဲ့ ကံ ကံ၏အကျိုးဆိုတာကိုသာ** သဘောပေါက်အောင်လုပ်ဖို့ပဲ သမီးတို့ရေ"

သမီးနှစ်ယောက်က သူတို့အမေဆီသွားပြီး ကျွန်တော်ရေးပေးလိုက်တဲ့ စာရင်းဇယားကို ပြကြတယ်။ အမေလုပ်သူက ခေါင်းတညိတ်ညိတ်နဲ့ ဖတ်ကြည့်နေတယ်။

"သမီးတို့ဖေဖေက အတော်တော့လေ့လာပြီး မှတ်စုထုတ်ထားတာပဲ။ သမီးတို့ဖေဖေကို မေးမကြည့်ဘူးလား။ ဘယ်လိုမကောင်းမှုတွေလုပ်ရင် ဘယ်အပါယ်ဘုံတွေရောက်မယ်။ ဘယ်လိုကောင်းမှုတွေလုပ်ရင် ဘယ်နတ်ဘုံတွေရောက်မယ်ဆိုတာလေ"

"တော်စမ်းပါကွာ၊ မင်းသိချင်တာတွေ ကလေးတွေနဲ့ လှည့်မေးခိုင်းမနေပါနဲ့"

"ဟုတ်တယ်လေ။ အဲဒီလိုပုံသေနည်း၊ ဖော်မြူလာသိထားရင် မသေခင် ကိုယ်သွားချင်တဲ့ ဘုံကို ဘွတ်ကင် (Booking) လုပ်ထားလို့ ရတာပေါ့"

"ပုံသေနည်းရယ်လို့ ရှိပါ့မလားကွ။ မင်းကလည်း တော်တော်ပေါက်ပေါက်ရှာရှာပြောတာပဲ။ အေး... ဗြဟ္မာဘုံကတော့ ပုံသေနည်းနဲ့ သွားလို့ရတယ်လို့ ပြောလို့ရချင်မှရမှာပေါ့။ တရားအားထုတ်တဲ့အဆင့်ပေါ် မူတည်တာကိုး။ ကျန်တဲ့ဘုံတွေကတော့ ပုံသေနည်းနဲ့ တရားသေမှတ်ပြီး ကောင်းမှု၊ မကောင်းမှုတွေ လုပ်လို့မရပါဘူးကွာ။ ကံ ဒါမှမဟုတ် ကမ္မ ဒါမှမဟုတ် အလုပ်ဆိုတာ ပြောရင်တော့တစ်ခွန်းတည်း၊ အတော်နက်နဲပြီး အတော်ကျယ်ဝန်းတာကွ။ ကံတရားရဲ့ ဆန်းကြယ်ပုံတွေကလည်းအများကြီး။ ဘယ်လိုလုပ်ပြီး ပုံသေနည်းထုတ်မှာလဲ၊ ကဲ...ပြောစမ်းပါဦး။ မင်းက သေပြီးရင် ဘယ်ဘုံများသွားချင်လို့ ပုံသေနည်းမေးနေရတာလဲ"

"အလကားနောက်တာပါ။ အရှည်ကြီးပြန်ပြောမနေစမ်းပါနဲ့။ ဒီမှာ... အဲဒီအကြောင်း စာတစ်အုပ်ရေးလိုက်ပါလား ဖေဖေကြီးရဲ့။ စိတ်ဝင်စားဖို့ကောင်းသားပဲ"

(ဒီစာအုပ်ရေးဖြစ်သွားတဲ့အထဲ ဒီစကားတစ်ခွန်းကလည်း တွန်းအားတစ်ခုဖြစ်ကြောင်း ရိုးသားစွာဝန်ခံရမှာပါ။)

အောင်အေး(ရန်ကုန်တက္ကသိုလ်)